mgyoe.com
SAMPLE BOOK

# သက်ပိုင်

နှမ်းလျှငှက်ငယ်




# Thirteen Reasons Why

**by Jay Asher**

mgyoe.com

mgyoe.com
SAMPLE BOOK



Thirteen Reasons Why
**by Jay Asher**

# သက်ပိုင်
## နှမ်းလျှင့်ကင်ငယ်

ကျွန်မနာမည် ဟန်နာ ဘိတ်ကာပါ။
ဒီတိတ်ခွေကို ရှင်နားထောင်နေတယ်ဆိုရင်
ရှင်ဟာလည်း ကျွန်မဘဝကို
အဆုံးသတ်စေခဲ့တဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်ပါတယ်။
ဒီတစ်ခါတော့ ကျွန်မ စကားတွေကို
ရှင်တို့အဆုံးထိ နားထောင်ပေးကြဖို့
ကျွန်မတောင်းပန်ပါတယ်ရှင်

နှမ်းလျှင့်ကင်ငယ် ( သက်ပိုင် )
9 782023 000403

mgyoe.com

ILLUSTRATED BY KO SAN, 2023

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၄၀)

# ပုံနှိပ်မှတ်တမ်း




## သက်ပိုင်၊မြန်မာပြန်၊

## နွမ်းလျ ငှက်ငယ်

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ

မျက်နှာဖုံးဒီဇိုင်း ♦ ကိုဆန်း

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၇၀၀

စာအုပ်တန်ဖိုး ♦ ၉၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ ကိုလတ်စာပေ
အမှတ် ၂၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

သက်ပိုင်(မြန်မာပြန်)
နွမ်းလျ ငှက်ငယ်/ သက်ပိုင်(မြန်မာပြန်)။ ရန်ကုန်၊
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၃၃၆၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၄၀) နွမ်းလျ ငှက်ငယ်

mgyoe.com

mgyoe.com SAMPLE BOOK

စာ
ရိပ်
မြိုင်

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၁။ | ပျိုး | အညာရယ် အလွမ်းရယ် မိချောရယ် |
| ၂။ | မယ်စု | အချစ်ဦးရဲ့ ဂျင်းဂျက်ကတ်လေး |
| ၃။ | နှင်းနှင်းစနေ | နောက်ဆုံးနတ်သူငယ် |
| ၄။ | လင်းရောင်နီစဘော | ရိုးရာနှင့်အညာဓလေ့ဝတ္ထုတိုများ |
| ၅။ | တင်မောင်မြင့် | အချစ်ရှိင်းရဲ့ အရိုင်းချစ် |
| ၆။ | မိုင်ရာ | တစ္ဆေညရဲ့ သန်းခေါင်ယံ |
| ၇။ | မိုးစက်ငြိမ်း | စိတ်အတွက် ဖတ်စာ |
| ၈။ | လူခါး | ဦးအောင်သင်းကို မျှော်ကြည့်ခြင်း |
| ၉။ | နှင်းနှင်းစနေ | တစ်သက်တာအဖော် |
| ၁၀။ | ခင်သန္တာ | မလွန်ခင်လေး လွမ်းရအောင် |
| ၁၁။ | ဆွေဇင်နေမင်း | ခေါင်မိုးများ |
| ၁၂။ | ဝါဝါတင့်ဆွေ | အက်ဒ်ဒီ |
| ၁၃။ | နေထွန်းလင်း | ငါ့ဘဝအတွက် ငါ လုပ်နိုင်တယ် |
| ၁၄။ | ခင်မြဇင် | ဆည်းဆာချိန် တိမ်နီများ |
| ၁၅။ | စူးရှမေ | ခွင့်လွှတ်ခြင်းဖြင့် လွတ်မြောက်ခြင်း |

mgyoe.com

mgyoe.com SAMPLE BOOK

စာ
ရိပ်
မြိုင်

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၁၆။ | နဒီလင်းသစ်ဆေး-၂ | အိပ်ထောင့်သုခ |
| ၁၇။ | ရွှေဥဒေါင်း | ပထမ ဆရာသိန်း |
| ၁၈။ | နိုင်းနိုင်းစနေ | နလုံးသားနက်နက်မှာ ပွင့်တဲ့ ပန်း |
| ၁၉။ | ကိုလေးမြတ် | ကားဂိတ် |
| ၂၀။ | လင်းရောင်နီစဘော၊ | ဒေါင်းမြရီ |
| ၂၁။ | ရွှေဥဒေါင်း | စစ်ရှုံးသူ |
| ၂၂။ | နိုင်းနိုင်းစနေ | နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ |
| ၂၃။ | ညီလေးငယ် | အဝါရောင်ကောင်းကင် |
| ၂၄။ | ဖျိုး | ဖယောင်း ဥယျာဉ် |
| ၂၅။ | သက်ပိုင်မြန်မာပြန် | သမီးရတနာ |
| ၂၆။ | နိုင်းနိုင်းစနေ | ပျော်ရွှင်ဖို့ ဒီလောက် မခက်ခဲပါစေနဲ့ |
| ၂၇။ | ထက်ဘုန်းရှိန် | မင်းရဲ့ ကိုယ်ပိုင်ပုံစံလေးအတိုင်းသာ |
| ၂၈။ | နိုင်းနိုင်းစနေ | မသွားရရင် သေနိုင်တယ် |
| ၂၉။ | ဒေါက်တာအောင်ဆေး-၂ | အတွေးတို့၏ ဆွဲငင်အား |
| ၃၀။ | သစ်ခက်ဖိမ် | ဘာညာကွိကွ |

mgyoe.com

mgyoe.com SAMPLE BOOK

စာ
ရိပ်
မြိုင်

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၃၁။ | ဝေစီးပွားရေးတက္ကသိုလ်၊ | ဆူးဖယ်လက် |
| ၃၂။ | ညိုထွန်းလူ | ငါတို့ ရှာပြန်ကြရအောင် |
| ၃၃။ | လင်းရောင်နီ(စဘော)၊ | ရွှေလွန်းပျံ ဘယ်ညာခတ်ပါလို့ |
| ၃၄။ | စိုးဘားနိုင် | မျက်ကွယ်မြစ် |
| ၃၅။ | ရွှေဥဒေါင်း | ရှုပနန္ဒီ ရှုပကလျာဏီ |
| ၃၆။ | နိုင်းနိုင်းစနေ | ကံကောင်းခြင်း တံခါးလာခေါက်တဲ့အခါ |
| ၃၇။ | ထက်ဘုန်းရှိန် | အချစ်မြစ်ပြင်က မေတ္တာရေကြည်လေးတွေ |
| ၃၈။ | နိုင်းနိုင်းစနေ | ကျွန်တော် ဂျက်ကီချန်း |
| ၃၉။ | ပျိုး | လွမ်းနေဦးမည့် ငွေတောင်ပြည် |

# နှမ်းလျှ ငှက်ငယ်

သက်ပိုင်၊မြန်မာပြန်၊

စာရိပ်မြိုင်အမှတ်စဉ်(၄၀)

mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူ၏ အမှာစာ

"နွမ်းလျှင့်ကင်ယ်" တစ်ဖြစ်လဲ "13 reasons why" စာအုပ်ကို စာရေးဆရာ Jay Asher က ၂၀၀၇ ခုနှစ်မှာ ရေးသားဖြန့်ဝေခဲ့ပါတယ်။ အမေရိကန် လူငယ်တွေကြားထဲမှာ အင်မတန် နာမည်ကြီး ကျော်ကြားခဲ့တဲ့ "နွမ်းလျှင့်ကင်ယ်" ဇာတ်လမ်းဟာ ကျောင်းသားလူငယ်တွေကြားမှာ ကြုံတွေ့ကြရလေ့ရှိတဲ့ အနိုင်ကျင့်မှု၊ မူးယစ်ဆေးသုံးစွဲမှု၊ စွဲလမ်းမှု၊ သစ္စာဖောက်ခံရမှုစတဲ့ အတွေ့အကြုံပေါင်းများစွာကို ကွက်ကွက်ကွင်းကွင်း ဖော်ကျူး သီကုံးထားတဲ့ ဇာတ်လမ်းတစ်ပုဒ်လို့ပဲ ပြောပါရစေ။

ဇာတ်လမ်း ဇာတ်ဝင်ခန်းတချို့မှာ ပါဝင်တဲ့ အခန်းတွေဟာလည်း အသက်ငယ်ရွယ်သူတွေအတွက် အနီးကပ်ကြီးကြပ်ပေးမဲ့သူမပါဘဲ မဖတ်ရှုသင့်တဲ့ အခန်းတွေ ပါဝင်တာမို့ ဒီစာအုပ်ကို အသက်မပြည့်သူများ မဖတ်ကြဖို့ ဒီနေရာကနေပဲ စာဖတ်ပရိသတ်များကို ပန်ကြားအပ်ပါတယ်။ "နွမ်းလျှ ငှက်ငယ်" ဇာတ်လမ်းရဲ့ လွှမ်းမိုးမှုကြောင့်ပဲ အမေရိကန်ကျောင်းတွေမှာ "မဖတ်ရ" စာအုပ်အဖြစ် သတ်မှတ်ခံထားရတာကိုထောက်ရှုပြီး သတိချပ်စေလိုပါတယ်။

ဒါ့အပြင် ဝတ္ထုဇာတ်လမ်းကို ရုပ်သံဇာတ်လမ်းအဖြစ် ပြောင်းလဲရာမှာ ဇာတ်ကောင်တစ်ယောက်ချင်းစီရဲ့ သဏ္ဍာန်ကို ကွက်ကွက်ကွင်းကွင်း ဖော်ပြနိုင်ခဲ့တာကြောင့် ကမ္ဘာတဝန်းက ပရိသတ်တွေရဲ့ လက်ခံအားပေးမှုကို ရရှိပြီးသားလည်း ဖြစ်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဘာသာပြန်သူတစ်ယောက်အနေနဲ့ ဇာတ်ကောင်တစ်ယောက်ချင်းစီရဲ့ ရသကို စာဖတ်သူတို့ ခံစားနိုင်ဖို့ အနည်းငယ် အကြံပြုပါရစေ။ ဒီစာအုပ်လေးဟာဆိုရင် ကွယ်လွန်သူ ဟန်နာဘိတ်ကာရဲ့ စကားနောက်ခံကို နားထောင်ရင်း နောင်တ တပွေ့တပိုက်ကြီးနဲ့ ခံစားနေရတဲ့ ကလေးဂျုန်ဆန်ရဲ့ သောကကို ကြုံတွေ့ခံစားရမှာမို့ ဇာတ်ကောင်တစ်ကောင်ကနေ တစ်ကောင်ဆီ ကူးပြောင်းသွားတဲ့နေရာလေးတွေကို "စကားလုံးပုံစံ (Font)" မတူအောင် ရေးသားထားတာကို တွေ့ရမှာပါ။ ဒီလို အကူးအပြောင်းဆီ ရောက်တိုင်း စာဖတ်သူပရိသတ်အနေနဲ့ မျက်လုံးကလေး ခဏလောက်မှိတ်ကာ အနားယူပြီးမှ နောက်တစ်ပိုင်းဆီ ဆက်ဖတ်စေချင်ပါတယ်။

ဟန်နာက ကက်ဆက်နားထောင်သူတွေကို အပြစ်တင်နေတာ မဟုတ်ပါဘူး။ ဟန်နာဟာ သူ့အတွေးတွေကိုသာ နားထောင်သူတွေ အပြည့်အဝ ခံစားတာကို ဆန္ဒရှိပါတယ်။ ဘဝနဲ့ရင်းခဲ့ရတဲ့ ဟန်နာ့ရဲ့ နောက်ဆုံးဆန္ဒကို စာဖတ်ပရိသတ်ကြီးအနေနဲ့လည်း လေးစားသမှုနဲ့ ဂရုစိုက်ပြီး နားထောင် ဖတ်ရှုပေးကြဖို့ တောင်းပန်အပ်ပါတယ်။

ဘာသာပြန်သူ သက်ပိုင်ရဲ့ နောက်ဆုံးအကြံပြုချက်ကတော့ "ကိုယ့်အနီးအနားမှာ ရှိတဲ့လူတွေ တစ်ဦးချင်းစီတိုင်းကို တန်ဖိုးထား ဆက်ဆံပေးကြပါ" ဆိုတာပါပဲ။ လူတစ်ယောက်ချင်းစီမှာ စိုးရိမ်သောကတွေ ကိုယ်စီ ရှိကြပါတယ်။ ဒီလို သောကကိုယ်စီနဲ့ လှုပ်ရှားရုန်းကန်နေကြတဲ့ လူသားတစ်ဦးချင်းစီကို တန်ဖိုးထား ဆက်ဆံပေးပါ။ ပြုံးပြပါ။ "နေကောင်းလား၊ အဆင်ပြေလား" လို့ ကိုယ့်ဘက်က စတင်နှုတ်ဆက်ပြီး ဂရုစိုက်ကြောင်း ပြသပေးပါ။

သင့်ရဲ့အပြုအမူ၊ အပြောအဆို၊ စကားတစ်ခွန်းဟာ တစ်ဖက်သားအတွက် အားဆေးတစ်ခွက် ဖြစ်သွားနိုင်သလို၊ မြားတစ်စင်းလည်း ဖြစ်သွားနိုင်တာကို သတိရပြီး နေ့စဉ်ဘဝမှာ အသက်တစ်ချောင်းကို ကယ်တင်လိုက်နိုင်တယ်၊ ပြဿနာတစ်ခုကို ပပျောက်အောင် ဖြေရှင်းပေးလိုက်နိုင်တယ်ဆိုရင် ဒီ"နှမ်းလျှငှက်ငယ်" စာအုပ်လေးကို ဘာသာပြန်ရကျိုးနပ်ပြီလို့ ယူဆပါတယ်။

သက်ပိုင်
(၁၅.၇.၂၀၂၃)

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

မှတ်ချက်။ ။ ကိုယ့်ကိုယ်ကိုယ် စိတ်ဓာတ်ကျနေတယ်လို့ ခံစားရတိုင်း၊ အထီးကျန်တယ်လို့ ခံစားရတိုင်း တစ်ကိုယ်တည်း မနေပါနဲ့။ အရင်းနှီးဆုံးသူငယ်ချင်းတွေနဲ့ စကားပြောပေးပါ။ စိတ်ကျန်းမာရေးနဲ့ ပတ်သက်ပြီး ကျွမ်းကျင်သူတွေနဲ့ စကားပြောပေးပါ။ စိတ်ကျန်းမာရေးနဲ့ ပတ်သက်ပြီး ရင်ဖွင့်ချင်တဲ့အခါ အကြံဉာဏ်ကောင်းပေးနိုင်ဖို့ ပရိသတ်တစ်ယောက်ချင်းစီရဲ့ ရင်ဖွင့်စကားသံကို နားထောင်ဖို့ သက်ပိုင် အမြဲ ရှိပါတယ်။

သင့်ရဲ့ စိတ်မွန်းကြပ်မှုတွေကို မျှဝေချင်တဲ့အခါ သက်ပိုင်ရဲ့ (thetpywriter@gmail.com) ကို အချိန်မရွေး ဆက်သွယ်နိုင်ပါတယ် ခင်ဗျာ။ လူတစ်ဦးတစ်ယောက်ချင်းစီဟာ ကျွန်တော်တို့အတွက် အရေးပါ,ပါတယ်။ ဒီစာကို ဖတ်နေတဲ့ ပရိသတ်ကို ကျွန်တော် အလေးထားပါတယ်။ သင် တစ်ယောက်တည်း ဒီပြဿနာကို ဖြေရှင်းစရာ မလိုပါဘူး။ သင့်ရဲ့ ခံစားချက်တွေကို ကျွန်တော်နဲ့အတူ မျှဝေပြီး ဘဝကို ပိုမိုကောင်းမွန်အောင် ဖြတ်သန်းကြရအောင်ပါ။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# နီဒါန်း သို့မဟုတ် နိဂုံး

"ဆရာ. . ." လို့ စာရေးမလေးက ထပ်ခေါ် လိုက်ပါတယ်။

"ပါဆယ်ထုပ်ကို ဘယ်လောက်မြန်မြန် ရောက်စေချင်ပါသလဲရှင်"

ကျွန်တော်လည်း ဘယ်ဘက်မျက်ခုံးကို ခပ်နာနာလေး လက်နဲ့ ပွတ်လိုက်ပါတော့တယ်။ မျက်ခုံးနားက တဆစ်ဆစ်ကိုက်နေတဲ့ ဝေဒနာက ပိုဆိုးလာတာကိုး။

"အရေးမကြီးပါဘူးဗျာ" လို့ ကျွန်တော် သူ့ကို ပြန်ပြောလိုက်ပါတယ်။

စာရေးမက ပါဆယ်ထုပ်ကို လှမ်းယူလိုက်တာပေါ့။ ဒီပါဆယ်ထုပ်က လွန်ခဲ့တဲ့ ၂၄ နာရီတုန်းက ကျွန်တော့်အိမ်ရှေ့မှာ ရောက်နေခဲ့တဲ့ အထုပ်လေးရယ်ပါ။ အခုတော့ ကျွန်တော် ဒီအထုပ်ကို အညိုရောင် စက္ကူလေးရယ်၊ ပါကင်တိပ်ရယ်နဲ့ ကျွန်တော့်ဆီ ရောက်လာတုန်းကအတိုင်း သေချာကို ထုပ်ပိုးထားခဲ့ပါတယ်။ ဒါပေမဲ့ အထုပ်ပေါ်က နာမည်ကတော့ ဟန်နာ့စာရင်းထဲက လူတစ်ယောက်ရဲ့ နာမည်အသစ်နဲ့ပေါ့ဗျာ။

"ဘိတ်ကာရဲ့ ပါဆယ်ထုပ်လေးလေ" လို့ ကျွန်တော် တိုးတိုးလေး ရေရွတ်လိုက်ပါတယ်။ ပြီးတော့ ကျွန်တော် ဒီနာမည်ကို ရေရွတ်မိလို့ စိတ်မကောင်းတောင် ဖြစ်သွားရပါသေးတယ်။

"ဘာပြောလိုက်တာလဲရှင်"

ကျွန်တော် သူ့ကို ခေါင်းခါပြလိုက်တယ်လေ။

mgyoe.com

"ဘယ်လောက်ကျလဲဗျ"

စာရေးမက ပါဆယ်ထုပ်ကို ရော်ဘာပြားတစ်ခုပေါ် တင်လို့ ခလုတ်တချို့ကို နှိပ်လိုက်ပါတော့တယ်။

ကျွန်တော်လည်း ဂတ်စ်ဖြည့်ဆိုင်ထဲက ဝယ်လာတဲ့ လက်ထဲက ကော်ဖီခွက်ကို ကောင်တာပေါ် တင်ပြီး ပိုက်ဆံအိတ်ထဲက အကြွေအနည်းငယ်ထုတ်ကာ ပါဆယ်ချိန်ထားတဲ့ ကတ္တားပေါ်က မျက်နှာပြင်ကို ကြည့်လိုက်တော့တာပေါ့။ ပြီးတော့ ကျွန်တော့်အိတ်ကပ်ထဲက အကြွေစေ့တချို့နဲ့အတူ ပိုက်ဆံကို ကောင်တာပေါ် တင်လိုက်ပါတယ်။

"ရှင့်ကြည့်ရတာ ကော်ဖီအစွမ်း မပြသေးဘူး ထင်တယ်။ ရှင့်ပိုက်ဆံက တစ်ဒေါ်လာ လိုနေသေးတယ်ရှင့်" လို့ သူက ပြန်ပြောတယ်။

ကျွန်တော် သူ့ကို တစ်ဒေါ်လာတန်တစ်ရွက် ကမ်းလိုက်ပါတယ်။ ပြီးတော့ ကျွန်တော့်မျက်လုံးကို လက်နဲ့ ပွတ်နေလိုက်တော့တာပေါ့။ ကျွန်တော့်ကော်ဖီက ကြက်သီးနွေးရုံလောက်ပဲ ပူတော့ပေမယ့် မျိုချရ အတော်ခက်တာ အမှန်ပါပဲ။ ဒါပေမဲ့ ကျွန်တော် မျက်စိကြောင်နေဖို့ လိုအပ်ပါတယ်လေ။

ဒါမှမဟုတ် ဒီနေ့ကို အိပ်ချင်မူးတူးနဲ့ ဆက်ဖြတ်သန်းတာလည်း ကျွန်တော့်အတွက် သိပ်မဆိုးလှပါဘူး။ ဒီနေ့ကို ဒီနည်းနဲ့ပဲ ဖြတ်သန်းဖို့ လိုအပ်တာလည်း ဖြစ်နိုင်ပါတယ်။

"ပါဆယ်ထုပ်က ဒီလိပ်စာကို မနက်ဖြန်လောက် ရောက်နိုင်ပါတယ်" လို့ စာရေးမက ထပ်ပြောတယ်။

"ဒါမှမဟုတ်လည်း သန်ဘက်ခါလောက်ပေါ့ရှင်"

ပြီးတော့ သူက နောက်က လှည်းထဲကို ပါဆယ်ထုပ်ထည့်လိုက်ပါတော့တယ်။ ကျွန်တော် ပါဆယ်ထုပ်ကို ကျောင်းဆင်းမှပဲ လာပို့သင့်ပါတယ်။ ကျွန်တော် ဂျန်နီ့ကို တစ်ရက်လောက် အေးအေးချမ်းချမ်းနေဖို့ ခွင့်ပြုခဲ့သင့်ပါတယ်လေ။ ဒါပေမဲ့ အေးချမ်းတဲ့နေ့ရက်တွေက သူနဲ့ ထိုက်တန်လှတာတော့ မဟုတ်ပါဘူး။

မနက်ဖြန် သူ အိမ်ရောက်တဲ့အခါ၊ ဒါမှမဟုတ် နောက်တစ်နေ့ရောက်တဲ့အခါ သူ ဒီအထုပ်ကို အိမ်ရှေ့မှာ တွေ့ရပါလိမ့်မယ်။ သူ့မိဘတွေက အရင်တွေ့ခဲ့ရင်တော့ သူ ဒီအထုပ်ကို အိပ်ရာပေါ်မှာ တွေ့ရမှာလည်း ဖြစ်နိုင်ပါတယ်လေ။ ပြီးရင်တော့ သူ စိတ်လှုပ်ရှားသွားမှာပေါ့။ ကျွန်တော်လည်း စိတ်လှုပ်ရှားခဲ့တာပဲ မဟုတ်လား။ ပါဆယ်ထုပ်ပေါ်မှာ ပြန်ပို့ရမယ့် လိပ်စာမပါလာခဲ့တာဟာ တမင်ရည်ရွယ်ပြီး

mgyoe.com

 mgyoe.com SAMPLE BOOK 

မရေးခဲ့တာလား၊ မေ့ကျန်ခဲ့လေသလား၊ ဒါမှမဟုတ် ကိုယ့်ကို ကြိတ်သဘောကျနေတဲ့ လူတစ်ယောက်ဆီကများလား ဆိုတာ အတွေးများစရာပါ။

"ပြေစာ ယူဦးမလားရှင်" လို့ စာရေးမက မေးလိုက်ပါတယ်။

ကျွန်တော် သူ့ကို ခေါင်းပဲ ပြန်ခါပြလိုက်ပါတယ်။

ပုံနှိပ်စက်အသေးလေးဆီက အသံကတော့ ထွက်လာတာပါပဲ။ စာရေးမက ပုံနှိပ်စက်ထဲက ပြေစာစာရွက်ပိုင်းရဲ့ လွှသွားပုံအနားကနေ ဖြဲဆုတ်ပြီး အမှိုက်ပုံးထဲ ထည့်လိုက်တာကို ကျွန်တော် ကြည့်နေလိုက်ပါတယ်။

ကျွန်တော်တို့မြို့မှာ စာတိုက်ရုံးတစ်ခုပဲရှိပါတယ်။ စာရင်းထဲက ကျွန်တော့် ထက်အရင် တခြားလူတွေ ဒီပါဆယ်ထုပ်ပို့တုန်းကလည်း ဒီစာရေးမပဲ ကူညီခဲ့လေ သလားလို့တောင် ကျွန်တော် တွေးမိပါသေးတယ်။ သူတို့ကရော ပြေစာကို အမှတ် တရ သိမ်းထားခဲ့ကြပါသလား။ သူတို့က ပြေစာလေးကို အံဆွဲထဲမှာထည့်ပြီး ဒါမှ မဟုတ် ဖော့ဘုတ်ပြားပေါ်မှာ အမှတ်တရ ပင်အပ်နဲ့ ထိုးပြီး သိမ်းထားခဲ့ကြပါ သလားဗျာ။

"တောင်းပန်ပါတယ်။ ကျွန်တော် ပြေစာယူသွားလို့ရမလားခင်ဗျာ"လို့ ပြောပြီး ပြေစာကို အမှတ်တရ သိမ်းထားဖို့အတွက် ပြန်တောင်းဖို့တောင် ကျွန်တော် စဉ်းစားလိုက်ပါသေးတယ်။

ဒါပေမဲ့ ကျွန်တော်သာ အမှတ်တရ ဖြစ်စေချင်ခဲ့တယ်ဆိုရင် တိပ်ခွေတွေ ကို ကူးထားတာပဲဖြစ်ဖြစ်၊ မြေပုံကို သိမ်းထားတာပဲဖြစ်ဖြစ် လုပ်လို့ရတယ် မဟုတ်ပါ လား။ သူ့အသံက ကျွန်တော့်ခေါင်းထဲကနေ ဘယ်တော့မှ ထွက်သွားနိုင်မှာ မဟုတ် ပေမဲ့ ကျွန်တော် ဒီတိပ်ခွေတွေကိုတော့ လုံးဝ ပြန်နားမထောင်ချင်တော့ပါဘူးလေ။ ပြီးတော့ အိမ်တွေ၊ လမ်းတွေနဲ့ အထက်တန်းကျောင်းကလည်း သူ့ကို မှတ်မိအောင် ကျွန်တော့်ကို သတိပေးနေကြဦးမှာပါ။

ဘာပဲဖြစ်ဖြစ် ပါဆယ်ထုပ်ကို ကျွန်တော် ပို့ပြီးခဲ့ပါပြီလေ။ ကျွန်တော်လည်း ပြေစာမယူဘဲ စာတိုက်ရုံးထဲကနေ ထွက်လာလိုက်ပါတော့တယ်။ ဘယ်ဘက်မျက်ခုံး အောက်က အရိုးကတော့ တဆစ်ဆစ် ကိုက်ခဲနေဆဲပါ။ ကျွန်တော် တံတွေးမျိုချတိုင်း ပါးစပ်တစ်ခုလုံး ချဉ်နေမိသလို ကျောင်းနားရောက်ခါနီးလေ ကျွန်တော် ခွေယိုင် လဲချင်လေ ဖြစ်နေမိပါတော့တယ်။

ကျွန်တော် လဲပြိုကျသွားချင်ပါတယ်။ ကျွန်တော် အခုလျှောက်နေတဲ့ လူသွားလမ်းပေါ်မှာ လှဲချပြီး တိုက်ကပ်နွယ်ပင်တွေရှိရာ ကျောင်းတံခါးပေါက်ဝကို

mgyoe.com

mgyoe.com SAMPLE BOOK

လမ်းပေါ်ကနေ လှမ်းလို့သာ သွားလိုက်ချင်ပါတော့တယ်ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ အဲ့ဒီတိုက်ကပ်နွယ်ပင်တွေရှိရာ ကျောက်တိုင်ကိုကျော်ရင် ကျောင်းဝင်းထဲက ကား ပါကင်ဆီ ရောက်တော့မယ် မဟုတ်ပါလား။ အဲ့ဒီကနေမှ မြက်ခင်းဆီ ပြီးတော့ ကျောင်းခန်းမဆောင်ကြီးဆီ တဖြည်းဖြည်းချင်း ရောက်သွားမှာပေါ့လေ။ ခန်းမ ဆောင်တံခါးကနေ ဝင်သွားမယ်ဆို နံရံတစ်ဖက်တစ်ချက်ဆီမှာ လော့ကာတွေ၊ ရုံးခန်းတွေနဲ့ သန့်စင်ခန်းတွေ တန်းစီလို့ တည်ရှိနေတဲ့ လျှောက်လမ်းကျယ်ကြီးကို တွေ့ရပါလိမ့်မယ်။ ပထမဆုံးအတန်းချိန်တွေ ရှိတဲ့ စာသင်ခန်းတွေဆီကိုရောပေါ့ ဗျာ။

စာသင်ခန်းရှေ့က ထိုင်ခုံမှာတော့ မစ္စတာပေါ်တာ ရှိနေပါလိမ့်မယ်။ ပြန်ပို့ရမယ့် လိပ်စာမပါတဲ့ ဒီပါဆယ်ထုပ်ကို နောက်ဆုံးလက်ခံရရှိမယ့်သူကတော့ မစ္စတာပေါ်တာပါပဲ။ ပြီးတော့ အခန်းအလယ်ခေါင်ရဲ့ ဘယ်ဘက်က ထိုင်ခုံလေး ကတော့ ဟန်နာဘိတ်ကာရဲ့ ထိုင်ခုံလွတ်လေးပေါ့ဗျာ။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# မနေ့ကဖြစ်သည်

ကျွန်တော် ကျောင်းကပြန်လာပြီး တစ်နာရီလောက်အကြာ အိမ်ကို ရောက်လာတဲ့အချိန်မှာပေါ့။ ရှူးဖိနပ်ဘူး အရွယ်လောက်ရှိတဲ့ ပုံးလေးတစ်ပုံးက ကျွန်တော်တို့အိမ်ရှေ့တံခါးမှာ မှီလျက်သားလေး လဲနေတာကို တွေ့လိုက်ရပါတယ်။ ကျွန်တော်တို့အိမ်ရှေ့တံခါးက စာထည့်တဲ့အပေါက်ကလေးကလည်း သေးလွန်းတာမို့ ဆပ်ပြာတုံးအရွယ်ထက်ပိုကြီးတဲ့အရာတွေဆို အထဲထည့်ပေးလို့ မရဘူးလေ။ ပါကင်ထုပ်လေးပေါ်က လိပ်စာနေရာမှာ "ကလေး ဂျက်ဆန်" ဆိုပြီး ကျွန်တော့် နာမည်ကို ခပ်သော့သော့ ရေးထားလေတော့ ကျွန်တော်လည်း အထုပ်ကို ကောက်ယူကာ အိမ်ထဲဝင်လာခဲ့ပါတော့တယ်။

ကျွန်တော် ပါကင်ထုပ်ကို မီးဖိုချောင်ပေါ်က ကောင်တာပေါ်မှာ တင်ထားလိုက်ပါတယ်။ ပြီးတော့ ကျွန်တော် အံဆွဲကိုဖွင့်ပြီး အထဲက ကတ်ကြေးတစ်ချောင်းကို ဆွဲထုတ်လိုက်တာပေါ့။ ကတ်ကြေးရှာတွေ့တော့ ကျွန်တော်လည်း ပါကင်ထုပ်ကို ပတ်ထားတဲ့ တိပ်ပြားကို သေချာ ကတ်ကြေးနဲ့ ထိုးခွဲလိုက်ပါတော့တယ်။ ပါကင်ထုပ်ထဲက ပုံးလေးထဲက ပစ္စည်းကိုတော့ အပေါ်ကနေ ပလတ်စတစ် ပူဖောင်းကတ်ပြားနဲ့ တစ်ထပ်အုပ်ထားပါသေးတယ်။ ကျွန်တော်လည်း အဲ့ဒီပလတ်စတစ် ပူဖောင်းကတ်ပြားလေးကို ဖယ်လိုက်တော့မှ အထဲမှာ တိပ်တွေချောင်နေတဲ့ ကက်ဆက်ခွေ ခုနစ်ခွေကို တွေ့လိုက်ရတယ်လေ။

mgyoe.com

mgyoe.com SAMPLE BOOK

တိပ်ခွေတစ်ခုစီရဲ့ ညာဘက်နားမှာတော့ အပြာရောင်နက်နက်နဲ့ နံပါတ်တွေ ရေးထိုးထားပါတယ်။ ကြည့်ရတာ လက်သည်းဆိုးဆေးနဲ့ ရေးထားတဲ့ပုံပါပဲ။ တိပ်ခွေတစ်ခုချင်းစီရဲ့ မျက်နှာတိုင်းမှာလည်း ဆိုင်ရာဆိုင်ရာ နံပါတ်တွေ တပ်ထားတယ်လေ။ ပထမဆုံး တိပ်ခွေရဲ့ မျက်နှာနှစ်ဘက်မှာ ၁ နဲ့ ၂၊ ဒုတိယတိပ်ပေါ်မှာ ၃ နဲ့ ၄ ဆိုပြီး တိပ်ခွေ ခုနစ်ခုစလုံးမှာ အစဉ်လိုက် နံပါတ်စဉ်တွေ တပ်ထားတော့တာပါ။ ဒါပေမဲ့ ခုနစ်ခုမြောက်တိပ်ခွေပေါ်မှာတော့ ၁၃ ဆိုပြီး တစ်ခြမ်းကိုသာ နံပါတ်စဉ်တပ်ထားပါတယ်။

တိပ်ခွေတွေအပြည့်ထည့်ပြီး ဘယ်သူကများ ကျွန်တော့်ဆီ ပါကင်ပိတ်ကာ ပို့လိုက်ပါလိမ့်။ ဒီခေတ်ထဲမှာ ကက်ဆက်ခွေနားထောင်တဲ့သူ ရှိလိမ့်ဦးမယ်လို့ ကျွန်တော် မထင်မိတာအမှန်ပါပဲ။ အဲ့ဒီတော့ ကျွန်တော်က ဒီကက်ဆက်ခွေတွေကို ဘယ်လိုလုပ် နားထောင်ရပါ့မလဲနော်။

ကျွန်တော် ရုတ်တရက် အိမ်က ဂိုဒေါင်ကြီးကို သတိရလိုက်ပါတယ်။ ဟုတ်ပါတယ်။ ဂိုဒေါင်ထဲက လက်သမားသုံးခုံရှည်ကြီးပေါ်မှာ စတီရီယိုစက်တစ်လုံး ရှိတယ်လေ။ အဲ့ဒီစက်ကလေးကို အဖေက ဘာရယ်မဟုတ် လျှော့ဈေးနဲ့ ရလို့ ဆိုပြီး ဝယ်လာခဲ့တာပါ။ စက်ကလည်း ဟောင်းနေပြီမို့ ဖုန်တွေတက်ပြီး အိမ်သုတ်ဆေးတွေ ပေကျံနေတာတောင် ဂရုမထားတော့ဘူးလေ။ ကံကောင်းတဲ့တစ်ချက်ကတော့ အဖေ့ရဲ့စတီရီယိုစက်က တိပ်ခွေထည့်ပြီး နားထောင်လို့ရတယ်ဆိုတာပါပဲ။

ဒီလိုနဲ့ ကျွန်တော်လည်း ခွေးခြေခုံပုလေးဆွဲလို့ ဂိုဒေါင်ထဲကို ပြေးသွားပါတော့တယ်။ ပြီးတော့ ကျောပိုးအိတ်ကို ပစ်ချလို့ စတီရီယိုစက်ရှေ့မှာ ခုံပုလေးခင်းကာ ကျွန်တော် ထိုင်ချလိုက်တော့တာပေါ့။ ပြီးတော့ ကျွန်တော် စတီရီယိုစက်က ကက်ဆက်ခွေထည့်တဲ့ ခလုတ်လေးကို ဖွင့်လိုက်တော့ ပလတ်စတစ် အံဆွဲလေးက ပွင့်ကျလာတယ်လေ။ ကျွန်တော်လည်း အချိန်ဆွဲမနေတော့ဘဲ ပထမဆုံး တိပ်ခွေရဲ့ ပထမအခြမ်းကို ထည့်ကာ နားထောင်လိုက်ပါတော့တယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ကက်ဆက် (၁)၊ အချပ် (အေ)

*"နားဆင်နေကြတဲ့သူများ အားလုံးပဲ အာရုံစိုက်ပေးကြပါရှင်။ ကျွန်မ ဟန်နာဘိတ်ကာက ရှင်တို့ဆီကို တိုက်ရိုက်အသံသွင်းပြီး စကားပြောနေတာပဲ ဖြစ်ပါတယ်"*

ကျွန်တော် လုံးဝ မယုံလိုက်နိုင်ပါဘူး။ ဒီပါဆယ်ပုံးမှာ ပြန်ပို့ရမယ့် လိပ်စာလည်း မပါသလို ဘယ်သူက ပို့လိုက်မှန်းတောင် အဖြေရှာမရဘူးလေ။ အားလုံးထက် ကျွန်တော်ပိုပြီး အံ့သြသွားရတဲ့အချက်ကတော့ ဒီတိပ်ခွေတွေက ဟန်နာဘိတ်ကာဆီက အခွေတွေ ဖြစ်တယ်ဆိုတာပါပဲ။ တကယ်တော့ ဟန်နာဘိတ်ကာဟာ လွန်ခဲ့တဲ့ နှစ်ပတ်ကပဲ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားခဲ့ပြီ မဟုတ်ပါလား။

*"ရှင်တို့ ကျွန်မရဲ့ ကက်ဆက်တိပ်ခွေတွေကို နားထောင်ဖို့ အဆင်သင့်ဖြစ်နေမယ်လို့ မျှော်လင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ရှင်တို့အားလုံးကို ကျွန်မဘဝအကြောင်း ပြောပြတော့မှာလေ။ အတိအကျပြောရမယ်ဆိုရင်တော့ ကျွန်မဘဝ ဘယ်လို အဆုံးသတ်ခဲ့ရတယ်ဆိုတဲ့ အကြောင်းပေါ့ရှင်။ နောက်ပြီး ရှင်က ဒီတိပ်ခွေတွေကို နားဆင်နေတယ်ဆိုရင်တော့ ရှင်ဟာလည်း ကျွန်မ ဘဝကို အဆုံးသတ်သွားစေရတဲ့ အကြောင်းပြချက်တစ်ခုဖြစ်တယ်ဆိုတယ်လို့ သိထားစေချင်ပါတယ်"*

ဟင်. . . ဒါက ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ. . .။

mgyoe.com

mgyoe.com SAMPLE BOOK

*"ရှင့်အကြောင်းက ဘယ်တိပ်ခွေထဲမှာ ပါလာမယ်ဆိုတာတော့ ကျွန်မ ကြိုပြောမနေတော့ပါဘူး။ သေချာတာတစ်ခုကတော့ ရှင်ဟာ ဒီပါဆယ်ပုံးကို လက်ခံရရှိခဲ့တယ်ဆိုရင်တော့ ကျွန်မပြောပြမဲ့ ဇာတ်လမ်းထဲမှာ ရှင်က တနည်းနည်းနဲ့ ပါဝင်လာမယ်လို့ ကျွန်မ ကတိပေးပါတယ်"*

ကြားရတာ တစ်ယောက်ယောက်က နောက်နေတဲ့ပုံပါပဲ။ ဒါပေမဲ့ သေပြီးသား မိန်းကလေးတစ်ယောက်ကရော ဘာအကြောင်းကိစ္စကြောင့် လိမ်ညာရမှာပါလဲ။ ဒါမှမဟုတ် သူ့မှာ ဖုံးကွယ်ထားချင်တဲ့ အမှန်တရားတွေများ ရှိနေတာများလား။ ဟန်နာဘိတ်ကာက သူ့ကိုယ်သူ သေကြောင်းမကြံစည်ခင်မှာ သေတမ်းစာပုံစံနဲ့များ တိပ်ခွေတွေ သွင်းခဲ့တာလား။ ကျွန်တော် "လား" ပေါင်း များစွာသော မေးခွန်းတွေနဲ့အတူ လုံးပမ်းရင်း စိတ်သက်သာအောင် ရယ်ဖို့ကြိုးစားလိုက်ပါတော့တယ်။ ဒါပေမဲ့ ကျွန်တော့်အသိစိတ်ထဲမှာတော့ တိပ်ခွေတွေကိစ္စကို မေးခွန်းထုတ်နေဆဲပါ။

*"ဒီတိပ်ခွေတွေကို နားထောင်မယ်ဆိုရင်တော့ စည်းကမ်း ၂ ချက် လိုက်နာရပါမယ်။ စည်းကမ်း နံပါတ် ၁ ကတော့ ရှင်တို့အားလုံး ဒီတိပ်ခွေတွေကို ပြီးအောင် နားထောင်ပြီး နံပါတ် ၂ အနေနဲ့ကတော့ ဒီတိပ်ခွေတွေကို လက်ဆင့်ကမ်းဖို့ပါပဲ။ ကျွန်မကတော့ ရှင်တို့ ဒီစည်းကမ်း ၂ ချက်လုံးကို သေချာလိုက်နာနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်"*

"သား ဘာတွေ နားထောင်နေတာလဲ"

"ဟင်. . . အမေ"

ကျွန်တော့် အမေ့အသံကိုကြားကြားချင်း စတီရီယိုစက်ကလေးပေါ်က တွေ့သမျှ ခလုတ်ကို အသည်းအသန်နှိပ်ပြီး ကက်ဆက်သံကို ရပ်အောင် ကြိုးစားလိုက်ရပါတော့တယ်။

"အမေရာ. . . အသံမပေး ဘာမပေးနဲ့။ ကျွန်တော်တောင် လန့်သွားတာပဲ" လို့ အမေ့ကို ကျွန်တော် ပြန်ပြောလိုက်တော့တာပေါ့။

"ဒါ. . . ဒါက ဘာမှ မဟုတ်ပါဘူး အမေ။ ကျောင်းက ပရောဂျက်တစ်ခု သက်သက်ပါ" ဆိုပြီး ကျွန်တော်လည်း ပေးနေကြ ဆင်ခြေတွေထဲက သင့်ရာတစ်ခုကို စဉ်းစားမိသလို အမေ့ကို ပြန်ဖြေလိုက်ပါတယ်။ ဘာပဲဖြစ်နေဖြစ်နေ ကျွန်တော့် ဆင်ခြေက "ကျောင်းအတွက် ပရောဂျက်" ဆိုတော့ အမေ ဒီတစ်ခါ ယုံပါ့မလား တောင် မသိတော့ပါဘူး။ ကျွန်တော်ကိုယ်တိုင်ကလည်း အိမ်ပြန်ပဲနောက်ကျ

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ကျ၊ ပိုက်ဆံပဲလိုလို အမြဲတမ်း ကျောင်းကိုချည်း ဆင်ခြေပေးတတ်တာ မဟုတ်ပါလား။

အခု ကောင်မလေးတစ်ယောက်ရဲ့ တိပ်ခွေတွေကိုရော. . . လွန်ခဲ့တဲ့ နှစ်ပတ်ကပဲ ဆေးတွေအလွန်အကျွံသောက်ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတဲ့ ကောင်မလေးတစ်ယောက်ရဲ့ တိပ်ခွေတွေ ကိစ္စကိုရော ကျွန်တော်က ကျောင်းကို လွှဲချနေပြန်ပြီလေ။

"အမေရော နားထောင်လို့ရလား" လို့ အမေက မေးလိုက်ပါတယ်။

"ဒါ ကျွန်တော့်ဟာ မဟုတ်ဘူးဗျ" ဆိုပြီး ကျွန်တော် ကွန်ကရစ် ကြမ်းပြင်ကို ခြေသန်းနဲ့ ပွတ်ပြီး စဉ်းစားနေရင်းက ပြောမိပြောရာ ပြောချလိုက်ပါတယ်။

"ကျွန်တော် သူငယ်ချင်းတစ်ယောက်ကို ကူညီနေတာပါ အမေ။ သမိုင်း သင်ခန်းစာအတွက်လေ။ ပျင်းစရာကြီးပါဗျာ"

"ဒါဖြင့် အမေ့သားက သူငယ်ချင်းကောင်းလေးပေါ့ကွဲ့"

အမေက ပြောရင်းဆိုရင်းနဲ့ ကျွန်တော့်ပခုံးကို ကျော်လို့ ကျွန်တော် ငယ်ငယ်တုန်းက အနှီးအဖြစ်သုံးဖူးတဲ့ ခပ်စုတ်စုတ် အဝတ်စကို မ,ကာ အောက်မှာ ရှိတဲ့ ပေကြိုးခွေကို ကောက်ယူလိုက်ပါတော့တယ်။ ပြီးတော့ အမေက ကျွန်တော့် နဖူးကို နမ်းလိုက်တယ်လေ။

"ကဲ. . . ဒါဆို အမေ သားကို မနှောင့်ယှက်တော့ပါဘူးကွယ်"

အမေ အခန်းထဲက ထွက်သွားပြီး တံခါးပိတ်မယ့်အသံကြားတဲ့အထိကို ကျွန်တော် စောင့်နေလိုက်ပါတယ်။ နောက်မှာပဲ ကျွန်တော်က စတီရီယိုစက်လေး ပေါ်က Play ဆိုတဲ့ ခလုတ်လေးပေါ်ကို လက်တင်လိုက်တော့တာပေါ့။ ဒီအခိုက် အတန့်လေးမှာ ကျွန်တော့်လက်ချောင်းကစလို့ ခန္ဓာကိုယ်တစ်ခုလုံး လေထဲမှာ လွင့်မျောနေသလို ခံစားနေရတာ အမှန်ပါ။ ကျွန်တော် စတီရီယိုပေါ်က ခလုတ်လေး ကိုတောင် နှိပ်ဖို့ အားမရှိတော့ဘူးလေ။

ကျွန်တော်လည်း တိပ်ခွေထည့်ထားတဲ့ ပုံးလေးကို အဝတ်စစုတ်နဲ့ အုပ် လိုက်ပါတော့တယ်။ ကျွန်တော် ဒီပါဆယ်ပုံးကိုရော၊ တိပ်ခွေ ၇ ခွေကိုပါ လုံးဝ မတွေ့မိခဲ့ရင် သိပ်ကောင်းမှာပါပဲ။ စောစောက ဒီခလုတ်လေးကို ပေါ့ပါးသွက် လက်စွာနဲ့ နှိပ်လိုက်နိုင်တဲ့ ကျွန်တော့်စိတ်တွေလည်း အခုတော့ တွန့်ဆုတ်နေရပါ ပြီ။ ဒီတိပ်ခွေထဲက ဘာတွေ ထပ်ကြားရဦးမယ်ဆိုတာ ကျွန်တော် စိတ်လှုပ်ရှားနေ ခဲ့ရတာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါပေမဲ့ ကျွန်တော် စိတ်ပိုင်းဖြတ်ပြီး ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချလိုက်ပါတယ်။ ကျွန်တော် အသံတိုးတဲ့ ခလုတ်လေးကို နှိပ်ပြီးတော့မှ Play ဆိုတဲ့ ခလုတ်လေးကို နှိပ်လိုက်တော့တာပေါ့။

❑

*"စည်းကမ်း နံပါတ် ၁ ကတော့ ရှင်တို့အားလုံး ဒီတိပ်ခွေတွေကို ပြီးအောင် နားထောင်ပြီး နံပါတ် ၂ အနေနဲ့ကတော့ ဒီတိပ်ခွေတွေကို လက်ဆင့်ကမ်းဖို့ပါပဲ။ ကျွန်မကတော့ ရှင်တို့ ဒီစည်းကမ်း ၂ ချက်လုံးကို သေချာလိုက်နာနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။ တိပ်ခွေ ၇ ခွေလုံးဆီက အခြမ်း ၁၃ ခြမ်းစလုံးကို နားထောင်ပြီးပြီဆိုရင်တော့ တိပ်ခွေတွေကို ပြန်ရစ်ပြီး ပုံးထဲထည့်လို့ ရှင့်နောက်က စီနီယာ နံပါတ်စဉ်ကျတဲ့သူဆီကို ပြန်ပို့ပေးပါ။ နောက်ပြီး ဒီတိပ်ခွေထဲမှာ နောက်ဆုံး အနေနဲ့ ဖော်ပြခံရတဲ့ နံပါတ် ၁၃ ယောက်မြောက်လူကိုတော့ ဒီတိပ်ခွေတွေနဲ့အတူ ငရဲကို ရောက်ပါစေလို့ ကျွန်မ ဆုတောင်းလိုက်ပါတယ်။ ရှင်က ဘယ်ဘာသာဝင်ပဲ ဖြစ်နေပါစေ. . . ရှင့်ကို ကျွန်မ ငရဲကနေ စောင့်ကြိုနေပါ့မယ်။*

*ရှင်တို့ထဲက တစ်ယောက်ယောက်က ဒီစည်းကမ်းတွေကို ဖောက်ဖျက်ဖို့ ကြိုးစားတယ်ဆိုရင်လည်း ကျွန်မမှာ ကြိုတင်ပြီး ပွားထားတဲ့ တိပ်တွေ ရှိသေးတယ် ဆိုတာ မမေ့လိုက်ပါနဲ့။ ဒီတိပ်ခွေပုံးက ရှင်တို့ အားလုံးဆီကို မရောက်ခဲ့ဘူးဆိုရင် ကျွန်မ ပွားထားတဲ့ တိပ်ခွေတွေကနေတဆင့် ရှင်တို့ရဲ့ လုပ်ရပ်တွေကို လူတိုင်း သိသွားအောင် ကြေညာလိုက်မယ်ဆိုတာ ကြိုတင် သတိပေးထားပါရစေ။*

*ဒါဟာ ကျွန်မ စိတ်ကူးပေါက်လို့ ထင်ရာလျှောက်လုပ်ထားတဲ့ ကိစ္စ မဟုတ်ပါဘူး။ ကျွန်မကို နောက်ထပ် ထပ်ပြီး အပေါစားတစ်ယောက်လို ဆက်ဆံဖို့ မကြိုးစားကြပါနဲ့။ အခုကစပြီး ရှင်ဟာ ကျွန်မရဲ့ အစောင့်ကြည့်ကို ခံနေရတဲ့သူ တစ်ယောက် ဖြစ်သွားပါပြီ"*

ဟန်နာဘိတ်ကာ ဒီလိုတွေ ဘာလို့များ လျှောက်လုပ်နေရတာပါလိမ့်နော်။ ကျွန်တော်ဖြင့် ဗိုက်ထဲ မအီမသာဖြစ်ပြီး အန်တောင် အန်ချင်လာရပါတော့တယ်။ နောက်ပြီး အနားက ခြေနင်းခုံဘေးမှာလည်း ပလတ်စတစ်ပုံးလေးက မှောက်လျက်သား ရှိနေတယ်လေ။ ကျွန်တော်သာ တကယ် အန်ချမိမယ်ဆို ခြေလှမ်းနှစ်လှမ်းလောက် လှမ်းပြီး ပလတ်စတစ်ပုံးလေးကို လှမ်းယူလိုက်ရုံပါပဲ။

ဟန်နာဘိတ်ကာနဲ့ ကျွန်တော်ဟာ သိပ်တော့ ရင်းနှီးတဲ့သူတွေ မဟုတ်ခဲ့ကြပါဘူး။ ကျွန်တော့်ဘက်ကတော့ သူ့ကို ရင်းနှီးချင်မိပါတယ်လေ။ ကျွန်တော့်မှာ

mgyoe.com

mgyoe.com
SAMPLE BOOK

သာ အခွင့်အရေးရှိခဲ့မယ်ဆို ကျွန်တော် သူနဲ့ ပိုပြီး ရင်းနှီးခွင့်ရခဲ့ချင်မိတာ အမှန်ပါ။ ပြီးခဲ့တဲ့ နွေရာသီတုန်းကဆို ကျွန်တော်နဲ့ ဟန်နာဟာ ရုပ်ရှင်ရုံတစ်ခုမှာ အလုပ်အတူတူ လုပ်ခဲ့ကြဖူးပါတယ်။ နောက်ပြီး သိပ်မကြာသေးခင်က ပါတီပွဲ တစ်ခုမှာလည်း ကျွန်တော်တို့ နှစ်ယောက် နမ်းမိခဲ့ကြပါသေးတယ်။

ဒါပေမဲ့ ကျွန်တော်တို့ ဒီ့ထက်ပိုပြီး ရင်းနှီးခွင့်တော့ မရခဲ့ပါဘူး။ ကျွန်တော်သူ့ကိုလည်း ဘယ်တုန်းကမှ အပေါစားတစ်ယောက်လို မဆက်ဆံခဲ့ပါဘူးလေ။ တကယ့်ကို ကျွန်တော် ဟန်နာဘိတ်ကာကို အပေါစား မိန်းကလေးတစ်ယောက်အဖြစ် မသတ်မှတ်ဖူးပါဘူး။ ဒီတိပ်ခွေတွေက ကျွန်တော့်ဆီ ရောက်မလာသင့်ပါဘူး။ ကျွန်တော်က သူ သတ်သေရတဲ့ အကြောင်းအရင်းထဲမှာ ပါစရာကိစ္စ မရှိခဲ့တာအမှန်ပါ။ ဒါက အမှားတစ်ခုပဲ ဖြစ်ရပါမယ်။ ဒါမှမဟုတ် အင်မတန့်ကို ဆိုးရွားလွန်းတဲ့ အပြောင်အပြက်တစ်ခုပဲပေါ့။

ကျွန်တော် အမှိုက်ပုံးကို ဆွဲယူပြီး ပါဆယ်ထုပ်တဲ့ ပလတ်စတစ်စကို နောက်တစ်ကြိမ် သေချာ ပြန်ကြည့်လိုက်ပါသေးတယ်။ တစ်နေရာရာမှာတော့ ဒီပါဆယ်ကို ပြန်ပို့ဖို့ လိပ်စာပါရမယ် မဟုတ်ပါလား။ ကျွန်တော့် မျက်စိလျှမ်းသွားတာလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်လေ။

ဒါမှမဟုတ် ဟန်နာဘိတ်ကာရဲ့ တိပ်ခွေတွေက ကျောင်းကလူတွေအားလုံးဆီ ပြန့်နေတာလည်း ဖြစ်နိုင်ပါတယ်။ ဒါကြောင့် တစ်ယောက်ယောက်က တိပ်ခွေတွေကို ပွားပြီး ကျွန်တော့်ဆီကို အပြောင်အပျက်နဲ့ ပို့လိုက်တာလည်း ဖြစ်နိုင်တာပေါ့။ မနက်ဖြန် ကျွန်တော် ကျောင်းရောက်ပြီဆိုရင် လူတွေက ကျွန်တော့်ကို ပြောတိုင်းယုံတဲ့ ငနုံ၊ ငအ တစ်ယောက်လို မဲ့ပြုံးပြုံးပြီး ဝိုင်းလှောင်ကြဖို့ စီစဉ်ထားကြတာပဲလို့ ကျွန်တော် ယုံချင်မိပါတယ်။ ဒါမှလည်း ဒီတိပ်ခွေတွေ ကိစ္စက အပြောင်အပြက်ပဲ ဆိုတာ ကျွန်တော် သိရမှာပေါ့။

သိတယ်ပဲ ထားစမ်းပါဦး။ ကျွန်တော်ကရော သူတို့ကို ဘယ်လို ပြန်တုံ့ပြန်ရပါမလဲ။ ကျွန်တော် မတွေးတတ်တော့ပါဘူးလေ။ စတီရီယိုက အသံကို ကျွန်တော် အာရုံပြန်စိုက်နေလိုက်ပါတော့တယ်။

*"တကယ်လို့ ရှင်ဟာ ကျွန်မရဲ့တိပ်ခွေထဲမှာ ပါတဲ့သူဖြစ်ခဲ့မယ်ဆို ရှင့်အတွက် မြေပုံတစ်ခုပါ ကျွန်မ ထည့်ပေးလိုက်တာကို တွေ့ရပါလိမ့်မယ်"*

ကျွန်တော်လည်း အမှိုက်ပုံးထဲက ပလတ်စတစ် ခွံတွေကို ပြန်ရှာလိုက်ပါတယ်။ ဟုတ်ပါတယ်။ ကျွန်တော်ဟာ ဟန်နာ့ရဲ့ စာရင်းထဲမှာ ပါတဲ့သူဆိုတာ

mgyoe.com

mgyoe.com SAMPLE BOOK

သေချာသွားပါပြီ။

တကယ်တော့ ဟန်နာတစ်ယောက် ဆေးတွေ အလွန်အကျွံသောက်ပြီး ကိုယ့်ကိုယ်ကိုယ် သေကြောင်းမကြံခင် ရက်သတ္တပတ် အနည်းငယ်လောက်ကတည်းက တစ်ယောက်ယောက်က ကျွန်တော့်ရဲ့ ဗီရိုလေးထဲကို စာအိတ်တစ်စောင်လာထည့်ပေးသွားခဲ့ပါတယ်။ စာအိတ်အပေါ်မှာတော့ အနီရောင် ဆော့ပင်နဲ့ "ဒါကို သိမ်းထားပါ။ မင်းလိုလာပါလိမ့်မယ်" ဆိုပြီး ရေးထားတာပေါ့။ စာအိတ်ထဲမှာတော့ မြို့လေးရဲ့ မြေပုံတစ်ခု ပါတယ်လေ။ မြေပုံပေါ်မှာလည်း အနီရောင်နဲ့ ဟိုတစ်ကွက် ဒီတစ်ကွက်ဆိုသလို အမှတ်အသားတွေ ပြုလုပ်ထားလေရဲ့။

ကျွန်တော်တို့ မူလတန်းလောက်တုန်းကတော့ ဒီမြေပုံလေးတွေနဲ့ အရှေ့၊ အနောက်၊ တောင်၊ မြောက်ဆိုတဲ့ အရပ်လေးမျက်နှာ သင်ခန်းစာကို သင်ခဲ့ရဖူးပါတယ်။ မြေပုံပေါ်မှာပါတဲ့ စီးပွားရေးလုပ်ငန်း နာမည်တွေကိုတော့ အပြာရောင် နံပါတ်ကလေးတွေနဲ့ မှတ်သားထားတာပေါ့။ ကျွန်တော် ဟန်နာ့ရဲ့ မြေပုံကို ကျောပိုးအိတ်ထဲ ထည့်သိမ်းထားခဲ့ပါတယ်။ ကျွန်တော့်အတွေးကတော့ ကျောင်းက တခြားသူတွေရော ဒီလိုမြေပုံရသလားဆိုတာ မေးချင်ခဲ့တာလေ။ သူတို့ကတော့ ဒီမြေပုံရဲ့ အဓိပ္ပာယ်ကို သိကောင်း သိနိုင်ပါတယ်။ ဒါပေမဲ့ အဲ့ဒီမြေပုံလေးကို စာအုပ်တွေကြားထဲ ညှပ်ထားရင်းက ကျွန်တော်လည်း လုံးဝကို မေ့သွားပါတော့တယ်။ အခုမှပဲ ကက်ဆက်ထဲက သတိပေးချက်ကြောင့် မြေပုံလေးကို ပြန်ပြီး သတိရလာရတာပေါ့။

*"ဒီတိပ်ခွေတွေထဲမှာ ကျွန်မတို့ရဲ့ မြို့လေးဆီက နေရာအချို့ကို ရှင်တို့လည်ပတ်ဖို့အတွက် ကျွန်မ ပြောပြပေးသွားပါမယ်။ ကျွန်မ ရှင်တို့ကို အဲ့ဒီနေရာတွေ သွားဖို့ အတင်းအကျပ်ကြီးတော့ ခိုင်းလို့မရမှန်း ကျွန်မ သိပါတယ်။ ဒါပေမဲ့ ရှင်ဟာ ကျွန်မရဲ့ ဇာတ်လမ်းကို ပိုပြီး နားလည်လာချင်တယ်ဆိုရင်တော့ မြေပုံထဲက အနီရောင်ကြယ်လေးတွေ ပြထားတဲ့နေရာကို သွားဖို့ အကြံပြုပါရစေ။ ဒါမှမဟုတ်လည်း မြေပုံကို ရှင့်စိတ်ကြိုက် လွှင့်ပစ်လိုက်ပေါ့ရှင်။ ကျွန်မကတော့ ဘယ်သိနိုင်ပါတော့မလဲ"*

တိပ်ခွေထဲက ဟန်နာ့ရဲ့ အက်ကွဲကွဲအသံကို နားထောင်ရင်း ကျွန်တော့်ခြေထောက်ကို မှီထားတဲ့ ကျောပိုးအိတ်ကို ကျွန်တော် သတိထားမိလိုက်ပါတယ်။ ဒီကျောပိုးအိတ်ထဲက တစ်နေရာရာမှာတော့ ကြေမွနေတဲ့ မြေပုံလေးရှိနေတယ် မဟုတ်ပါလား။

*"ဒါမှမဟုတ်လည်း ရှင် ဘာလုပ်လိုက်လဲဆိုတာ ကျွန်မ သိရင်လည်း*

mgyoe.com

mgyoe.com

*သိနိုင်မှာပေါ့ရှင်။ ကျွန်မကိုယ်တိုင်လည်း သေဆုံးသွားရတယ်ဆိုတဲ့ ခံစားချက်ကို သေချာမှ မသိသေးတာ။ ဘယ်သူမှလည်း သေသွားရတဲ့ ခံစားချက်က ဘယ်လို ရှိတယ်ဆိုတာ မပြောနိုင်ဘူးလေ။ ကျွန်မရဲ့ဝိညာဉ်က ရှင်တို့နောက်မှာ အခု ရပ်နေတာလည်း ဖြစ်နိုင်တာပေါ့ရှင်"*

ကျွန်တော် ခုံတန်းလျားလေးပေါ် ကို တံတောင်ဆစ်နဲ့ ထောက်လို့ မှီလိုက်ပါတယ်။ ပြီးတော့ ကျွန်တော့်မျက်နှာနဲ့ ဆံပင်ကို လက်နှစ်ဖက်နဲ့ သပ်မိလိုက်တာပေါ့။ ကျွန်တော့်ဆံပင်တွေကလည်း ထူးထူးဆန်းဆန်း စိုစွတ်နေတာပါပဲ။

*"ကျွန်မ တောင်းပန်ပါတယ်။ ရှင်တို့ကို အခုလို မစလိုက်သင့်ဘူး။ ကဲ. . . အခုတော့ မစ္စတာ ဖိုလေ ကနေ စလိုက်ကြတာပေါ့ရှင်"*

ဂျက်စတင် ဖိုလေ ဆိုတာ ဟန်နာ့ရဲ့ ပထမဦးဆုံးသော အနမ်းပိုင်ရှင် စီနီယာကျောင်းသားပါ။ ဒါပေမဲ့ ကျွန်တော်က ဘာလို့ ဒီကိစ္စကို သိနေရတာပါလိမ့်။

*"ဂျက်စတင်. . . ရှင်ဟာ ကျွန်မရဲ့ ပထမဆုံးသော အနမ်းပိုင်ရှင်ပါပဲ။ ကျွန်မဘဝမှာ ပထမဆုံးသော လက်ချင်းတွဲလျှောက်ဖူးတဲ့လူကလည်း ရှင်ပဲလေ။ ဒါပေမဲ့ တကယ်တော့ ရှင်က သာမန် ယောကျ်ားတစ်ယောက်ထက် မပိုခဲ့ဘူးရှင့်။ ကျွန်မ ဒီလိုပြောလိုက်ရတာ ရှင့်ကို နစ်နာစေလိုတဲ့ စိတ်မရှိဘူးဆိုတာ ရှင် မှတ်ထားပေးပါ ဂျက်စတင်။ ရှင့်မှာလည်း ကျွန်မအတွက် ရှင့်ရည်းစားတစ်ယောက် ဖြစ်လာရချင်လောက်အောင် ဆွဲဆောင်နေတဲ့အရာတွေ ရှိသေးတာ အမှန်ပါ။ ဒီနေ့အထိတော့ အဲ့ဒီအရာတွေက ဘာဆိုတာ ကျွန်မ တိတိကျကျ မပြောနိုင်ခဲ့ပါဘူး။ ဒါပေမဲ့ ရှင့်မှာ ကျွန်မ သဘောကျတဲ့အရာတွေ ရှိပါတယ်။ သိပ်ကို ညို့အားပြင်းတဲ့ အရာတွေပေါ့ရှင်။*

*ရှင်ကတော့ သိမှာမဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်မက ပထမနှစ်ကျောင်းသူ၊ ရှင်က ဒုတိယနှစ်ကျောင်းသားဖြစ်ခဲ့တဲ့ လွန်ခဲ့တဲ့ ၂ နှစ်တုန်းကဆို ကျွန်မက ရှင့်နောက်ကို တကောက်ကောက် လိုက်ခဲ့ဖူးတာပေါ့။ ကျောင်းမှာ နံပါတ် ၆ အချိန်ဆို ကျွန်မက အတန်းတက်စာရင်းကောက်တဲ့ ဌာနမှာ အလုပ်လုပ်ခဲ့တာ ဆိုတော့ ရှင့်ရဲ့ အတန်းချိန်တွေ အားလုံးကို ကျွန်မ သိခွင့်ရခဲ့တယ်လေ။ ရှင့်အချိန်ဇယားတွေကို ကျွန်မ မိတ္တူကူးပြီး သိမ်းထားခဲ့တာ အခုထိ ရှိနေပါသေးတယ်။ နောက်ပြီး ကျွန်မ သေပြီးတဲ့နောက် ကျွန်မရဲ့ဗီရိုကိုရှင်းကြတဲ့အခါ လူတွေကတော့ ရှင့်အချိန်ဇယားစာရွက်ကလေးကို လွှင့်ပစ်ကောင်း လွှင့်ပစ်လိုက်ကြမှာပေါ့ရှင်။ သူတို့အတွက်တော့ ဒါက စီနီယာကျောင်းသားတစ်ယောက်ကို ကြိတ်ကြိုက်နေတဲ့*

mgyoe.com

mgyoe.com

*ကျောင်းသူလေးတစ်ယောက်ရဲ့ စွဲလမ်းမှုထက် မပိုလောက်ပါဘူး. . . ဟုတ်တယ် မဟုတ်လား။*

*ကျွန်မအတွက်တော့ ဒါက အရေးကြီးခဲ့တယ်ရှင့်။ အဲ့ဒီတော့ ရှင် မှတ်မိလာတဲ့အထိ ကျွန်မနဲ့ ပတ်သက်တဲ့ ရှင့်အကြောင်းကို ပြန်ပြောပြမယ်နော်။ ဇာတ်လမ်းလေးက ဒီလိုရှင့်"*

ကျွန်တော်ကရော ဒီဇာတ်လမ်းရဲ့ ဘယ်နေရာမှာ ပါနေတာပါလဲ။ ဒုတိယလား. . . တတိယလား။ ဇာတ်လမ်းကရော တဖြည်းဖြည်းနဲ့ ပိုဆိုးလာမှာလား။ သူကတော့ နံပါတ် ၁၃ ကျတဲ့သူကို ဒီတိပ်ခွေတွေနဲ့အတူ ငရဲမှာ စောင့်ကြိုနေမယ်လို့ ပြောခဲ့ပါတယ်။

*"ဂျက်စတင်. . . ရှင် ဒီတိပ်ခွေတွေအားလုံးကို နားထောင်ပြီးတဲ့အခါမှာတော့ ရှင့်ရဲ့ ပါဝင်ပတ်သက်မှုတွေကို ရှင် နားလည်လာလိမ့်မယ်လို့ ကျွန်မ မျှော်လင့်မိပါတယ်။ ရှင့်အတွက်တော့ ဒါက မေ့မေ့ပျောက်ပျောက် ကိစ္စတစ်ခုဆိုပေမဲ့ ကျွန်မအတွက်တော့ ရှင်ဟာ သိပ်ကို အရေးပါတဲ့သူတစ်ယောက် ဖြစ်ခဲ့ပါတယ်လေ။ ဘယ်လိုပဲဖြစ်ဖြစ် အရာအားလုံးဟာ ကျွန်မအတွက်တော့ အရေးကြီးခဲ့တာချည်းပါပဲ။*

*သစ္စာဖောက်ခံရတယ်ဆိုတာ အဆိုးဆုံး ခံစားချက်ပဲရှင့်။ ရှင် ကျွန်မကို ဒီလို မဆက်ဆံခဲ့ချင်မှန်း ကျွန်မ သိပါတယ် ဂျက်စတင်။ တကယ်တော့ ဒီတိပ်ခွေကို နားထောင်နေကြတဲ့ ရှင်တို့အားလုံး ဘာလုပ်နေကြတယ်ဆိုတာ နားမလည်ကြလောက်ဘူးဆိုတာ ကျွန်မ နားလည်ပါတယ်။ ရှင်တို့ သတိမထားမိဘဲ တကယ်တမ်း လုပ်မိနေတဲ့ အရာတွေကိုပေါ့ရှင်"*

ကျွန်တော်ကရော ဟန်နာ့အပေါ် ဘာတွေလုပ်ခဲ့မိပါလဲ။ ကျွန်တော် သူ့အပေါ် ဘာလုပ်ခဲ့မိလဲဆိုတာ တွေးမရတာ အမှန်ပါ။ တကယ်လို့သာ. . . တကယ်လို့ ဟန်နာပြောချင်တာက အဲ့ဒီနေ့ညကအကြောင်းဆိုရင်တော့ ကျွန်တော့်နည်းတူ ဟန်နာလည်း အဲ့ဒီကိစ္စနဲ့ ပတ်သက်ပြီး ထူးထူးဆန်းဆန်း ခံစားနေရမယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်။ ဘာပဲပြောပြော ကျွန်တော် အခုထိ သူ့အပေါ် ဘာလုပ်ခဲ့မိလဲဆိုတာ စဉ်းစားမရသေးပါဘူးလေ။

*"ကျွန်မရဲ့ ပထမဆုံး ကြယ်နီလေးကို C-4 ဆိုတဲ့ နေရာမှာ တွေ့ရပါလိမ့်မယ်။ ရှင့်ရဲ့ လက်ညှိုးကို C ဆိုတဲ့နေရာမှာ ထောက်ပြီး နံပါတ် ၄ ဆိုတဲ့ နေရာရောက်အောင် ရွှေ့လိုက်ပါ။ ဟုတ်တယ်။ ကျွန်မက ဒီမြေပုံလေးကို စစ်ပွဲတစ်ခုလို ခံစားနေရအောင် လုပ်ထားတာလေ။ ရှင် ဒီတိပ်ခွေနားထောင်ပြီးပြီဆိုရင် အဲ့ဒီမြေပုံ*

mgyoe.com

mgyoe.com
SAMPLE BOOK

ပေါ်က နေရာလေးကို သွားသင့်တယ်ရှင့်။ ကျွန်မက မိသားစုနဲ့အတူ အဲ့ဒီနေရာလေးမှာ ကျွန်မ အထက်တန်းကျောင်း ပထမနှစ်မတက်ခင်တုန်းက ခဏလောက်တော့ နေခဲ့ဖူးပါတယ်။ အဲ့ဒီနေရာလေးက ကျွန်မတို့ ဒီမြို့ကို ပြောင်းလာလာချင်း ပထမဆုံး အခြေချခဲ့တဲ့ နေရာလေးလို့ပဲ ဆိုရမှာပေါ့ရှင်။

နောက်ပြီး အဲ့ဒီနေရာက ကျွန်မ ရှင့်ကို ပထမဆုံးစတွေ့တဲ့နေရာပဲ ဂျက်စတင်။ ရှင် ဒီလောက်ဆို မှတ်မိချင်လည်း မှတ်မိမှာပေါ့။ အဲ့ဒီတုန်းက ရှင်က ကျွန်မ သူငယ်ချင်း ကတ်နဲ့ တွဲနေတာလေ။

ကျောင်းစတက်ရဖို့ကလည်း ၂ လလောက်ပဲ လိုပါတော့တယ်။ ကတ်ကတော့ ကျွန်မတို့ဘေးအိမ်မှာနေတာဆိုတော့ ကျွန်မအတွက် တစ်ဦးတည်းသော နယ်ခံသူငယ်ချင်း ဖြစ်ခဲ့တာပေါ့။ ပြီးခဲ့တဲ့နှစ်က ရှင်ဟာ သူ့နားကနေ ခွာမရအောင် စွဲလမ်းနေတာလို့တောင် ကတ်က ကျွန်မကို ပြောပြပါသေးတယ်။ ရှင်က သူ့ကို တစ်ချိန်လုံးစိုက်ကြည့်ပြီး ကျောင်းမှာတွေ့ရင်လည်း အကြောင်းမရှိ အကြောင်းရှာပြီး လိုက်ရောနေခဲ့တာတဲ့လေ။

ကျွန်မကတော့ ရှင့်လုပ်ရပ်တွေက မတော်တဆ အထင်လွဲစရာတွေ သက်သက်ပါလို့ပဲ ယုံလိုက်ချင်ပါတယ်။

ကတ်က ပြောသေးတယ်။ သူ ကျောင်းဆင်းပွဲမှာ ရှင်နဲ့တွေ့တော့ ရှင်က စိုက်ကြည့်တဲ့အဆင့်ထက် ပိုပြီးရဲတင်းလာခဲ့တယ်ဆိုပဲ။ ရှင်တို့နှစ်ယောက် ကပွဲထဲမှာ အချစ်သီချင်းလေးနဲ့ အတူတူကခဲ့ကြတယ်တဲ့လေ။ မကြာခင်မှာပဲ ကတ်က ရှင့်ကို သူ့ရဲ့ ပထမဆုံး အနမ်းလေး ပိုင်ဆိုင်ခွင့် ပေးဖို့ ဆုံးဖြတ်လိုက်တယ်လို့ ကျွန်မကို ပြောပါတယ်။ မိန်းကလေးတစ်ယောက်ရဲ့ ပထမဆုံးသော အကြင်နာ အနမ်းကို ပိုင်ဆိုင်ရတာ ရှင် သိပ်ဂုဏ်ယူနေမှာပဲနော်"

ဟန်နာ့ဇာတ်လမ်းက သူပြောတာထက် ပိုပြီးဆိုးလာမယ် ဆိုတာကို ကျွန်တော် ခံစားမိပါတယ်။ ဒါကြောင့်လည်း ဒီတိပ်ခွေထဲမှာ ပါတဲ့သူတွေက တစ်ယောက်ပြီးတစ်ယောက် လက်ဆင့်ကမ်းလာခဲ့ကြတာ နေမှာပေါ့။

ဒါပေမဲ့ ဒီလူတွေက ဘာလို့ ဟန်နာ့ရဲ့ အပြစ်တင်တာကို ကျေကျေနပ်နပ်ကြီး ခံယူပြီး သူ့ဆန္ဒအတိုင်း တိပ်ခွေတွေကို ဖြန့်နေရတာပါလဲ။ ဟန်နာက ဒီတိပ်ခွေထဲမှာ ဖော်ပြထားတဲ့ လူတွေကို သူ့ဘဝအကြောင်း ကြားစေချင်ခဲ့တာပဲ ဖြစ်ရပါမယ်။ ဒါကြောင့်လည်း ဒီစာရင်းထဲက လူတွေက တခြားသူတွေ မသိအောင် တိုးတိုးတိတ်တိတ်နဲ့ ဒီတိပ်ခွေပုံးကို တစ်ဆင့်ဆီ လက်ဆင့်ကမ်းလာခဲ့ကြတာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

"စာရင်း" ဆိုတဲ့ စကားလုံးကြီးကလည်း တကယ်တော့ လျှို့ဝှက်လူမှုအဖွဲ့အစည်း တစ်ခုဟန် ဆန်လွန်းလှပါတယ်လေ။ အင်မတန် ထူးခြားပြီး လျှို့ဝှက်ဆန်းကြယ်တဲ့ အဖွဲ့အစည်းတစ်ခုပေါ့။ ဒါပေမဲ့ အဲ့ဒီအဖွဲ့အစည်းထဲမှာ ကျွန်တော်ဟာလည်း အကြောင်းအရင်းတစ်ခုကြောင့် ပါဝင်လာခဲ့ရပါပြီ။

*"ကျွန်မက ရှင် ဘယ်လိုပုံရှိတယ်ဆိုတာ သိချင်ခဲ့တာပါ ဂျက်စတင်ရယ်။ အဲ့ဒါကြောင့်လည်း ကျွန်မနဲ့ ကတ်က ရှင့်ကို ကျွန်မတို့အိမ် လာလည်ဖို့ ဖုန်းဆက် ခေါ်ခဲ့ကြတာပေါ့။ နောက်တစ်ချက်ကတော့ ကတ်က သူဘယ်မှာနေတယ်ဆိုတာ ရှင့်ကို မသိစေချင်သေးလို့ ကျွန်မအိမ်ကို လာဖို့ ခေါ်လိုက်တာပါ။ ကတ်က ကျွန်မတို့ ဘေးအိမ်မှာနေတယ်ဆိုတာ ရှင်မှ မသိသေးတာကိုး။*

*ရှင့်ကို ကြည့်ရတာတော့ အားကစားသမား တစ်ယောက်လိုပါပဲ။ ဘတ် စကတ်ဘောလား၊ ဘေ့စ်ဘောလားဆိုတာတော့ ကျွန်မလည်း မသိပါဘူးလေ။ ရှင် အဲ့ဒီနေ့က ရောက်လာဖို့ အတော်ကြာခဲ့သေးတယ်နော်။*

*နောက်ဆုံးတော့ ရှင်က ဘတ်စကတ်ဘော အားကစားသမားမှန်း ကျွန်မ လည်း သိခဲ့ရပါတယ်။ ကျွန်မတို့လည်း အဲ့ဒီနွေရာသီတုန်းက အားကစားတွေ သိပ်လုပ်ခဲ့ကြတာပေါ့။ ကံကောင်းရင် ကျွန်မလည်း အထက်တန်း ပထမနှစ်နဲ့တင် တက္ကသိုလ်ကောင်းကောင်းက ကမ်းလှမ်းခံရဖို့ အခွင့်အရေးတွေ ရှိလာနိုင်တယ် လေ။ ဂျက်စတင်. . . ရှင်ကတော့ အထက်တန်း ဒုတိယနှစ်ကျောင်းသား အရွယ် မှာတင် တက္ကသိုလ် အားကစားအသင်းတွေဆီက ကမ်းလှမ်းတာကို ခံနေရပါပြီ။ အဲ့ဒီတော့ ကျွန်မတို့လည်း ရှင့်ဆီက ပညာသင်ဖို့ တစ်နွေတွင်းလုံး ဘောလုံး အတူ တူ ကစားခဲ့ကြတာပေါ့။ ကျွန်မတို့ထဲက တချို့ကတော့ တကယ်ပဲ ဘတ်စကတ်ဘော ကစားနည်းကို ကျွမ်းကျင်လာခဲ့ကြပါတယ်။ တချို့ကတော့ ကံဆိုးစွာနဲ့ပဲ ဘာအရည် အချင်းမှ မတိုးတက်လာခဲ့ပါဘူးလေ။*

*ကျွန်မတို့လည်း အိမ်ရှေ့ကို အဖီထုတ်ထားတဲ့ ပြတင်းပေါက်နားမှာ ထိုင်ပြီး စကားတွေ အကြာကြီး ပြောဖြစ်ခဲ့ကြတာပေါ့။ အဲ့ဒီမှာပဲ ရှင်နဲ့ ရှင့်သူငယ်ချင်း ဇက်ခ်က ကျွန်မအိမ်ဘက်ဆီ လမ်းလျှောက်လာတာ မြင်လိုက်ရတယ်လေ"*

ဇက်ခ်. . . ဇက်ခ် ဒမ်ပ်စီ ဆိုပါလား။ ကျွန်တော် ဇက်ခ်နဲ့ ဟန်နာတို့ကို တွဲပြီး တွေ့ဖူးတာက ဟန်နာ့ကို ကျွန်တော် ပထမဆုံး စတွေ့ခဲ့တဲ့ ညကပါ။

*"ကျွန်မ အိမ်ရှေ့က လမ်းကလည်း လမ်းမကြီးကို ကန့်လန့်ဖြတ်ပြီး "တီ" ပုံသဏ္ဍာန်ဖောက်ထားတာမို့ ရှင်နဲ့ ရှင့်သူငယ်ချင်းတို့ ဒီလမ်းအတိုင်း လျှောက်လာ*

mgyoe.com

*တာဟာ ကျွန်မတို့ဆီ လာနေတာပဲဆိုတာ ကျိန်းသေပေါက် ကျွန်မ သိလိုက်တာပေါ့"*

ရုတ်တရက် ကျွန်တော် အတွေးတွေ ရှုပ်သွားမိပါတယ်။ ကျွန်တော် စတီရီယိုစက်တင်ထားတဲ့ ခုံရှည်ပေါ်က လိမ္မော်ရောင်ဆေးစက်ကလေးတွေကို လက်နဲ့ ခွာနေမိတယ်လေ။ ကျွန်တော် ဘာလို့ ကိုယ့်ကိုယ်ကိုယ် စိတ်ဒုက္ခခံပြီး ဒီတိပ်ခွေတွေကို နားထောင်နေမိပါလိမ့်။ ကျွန်တော့်အနေနဲ့ ဒီတိပ်ခွေပုံးလိုက်ကို အခုချက်ချင်း လွှင့်ပစ်လိုက်လို့ ရတယ် မဟုတ်ပါလား။

ကျွန်တော် လည်ချောင်းထဲမှာ နာကျင်စွာနဲ့ တံတွေးမျိုချလိုက်ပါတယ်။ ကျွန်တော့် မျက်လုံးထောင့်ကလည်း မျက်ရည်စတွေကြောင့် နာနေခဲ့ပါပြီလေ။ ကျွန်တော် ဒီတိပ်ခွေကို နားထောင်နေရတာဟာ ဟန်နာ့ရဲ့ အသံကြောင့်ပါ။ ဒီအသံလေးက ကျွန်တော် ဘယ်တော့မှ ပြန်မကြားရတော့ဘူးလို့ သိထားတဲ့ အသံလေးပဲ မဟုတ်ပါလား။ ဒါကြောင့်လည်း ကျွန်တော် မလွှင့်ပစ်နိုင်တာ ဖြစ်ရပါမယ်။

နောက်ပြီး သူ့ရဲ့ စည်းကမ်း ၂ ချက်ကြောင့်လည်း ပါပါတယ်။ ကျွန်တော် အဝတ်စုတ်အောက်က တိပ်ခွေပုံးကို ကြည့်လိုက်တာပေါ့။ ဟန်နာက သူဟာ ဒီတိပ်ခွေတွေ အားလုံးကို ပွားထားတယ်လို့ ပြောထားတယ်ဆိုပေမဲ့ တကယ်လို့ ဒါဟာ အလိမ်အညာ သက်သက်ပဲဆိုရင်ရော။ ကျွန်တော်သာ ဒီတိပ်တွေကို နားမထောင်တော့ဘဲ လက်စဖျောက်လိုက်မယ်ဆို ဘယ်သူ့ဆီမှလည်း မရောက်နိုင်တော့ဘဲ ဘယ်သူ့ကိုမှလည်း စိတ်ဒုက္ခမပေးနိုင်တော့ဘူးလေ။

ဒီတိပ်ခွေတွေထဲက တစ်နေရာရာမှာ ကျွန်တော့်ကို စိတ်ထိခိုက်စေလောက်မဲ့ အကြောင်းအရာတွေ ပါနေမှာကို ကျွန်တော် ကြောက်နေခဲ့မိပါတယ်။ ဟန်နာပြောတာတွေ အားလုံးက အမှန်တွေလည်း ဖြစ်နိုင်တာပဲ မဟုတ်ပါလား။ ဒါဆို သူပွားထားတယ်ဆိုတဲ့ တိပ်ခွေတွေကနေတဆင့် သူပြောတဲ့အတိုင်း လူတွေအားလုံးက သူ့ဇာတ်လမ်းတွေကို ကြားသွားနိုင်ပါတယ်။ ကျွန်တော်လည်း တွေးရင်းတွေးရင်းကနေ ခုံတန်းပေါ်က ဆေးစက်ကို ခွာနေလိုက်တာ ဆေးစက်မာမာကလည်း အနာဖေး ကွာသလို ကွာထွက်လာပါတော့တယ်။

*"ပြီးတော့ ရှင်က ကျွန်မတို့အိမ်ရှေ့က မြက်ခင်းထဲကို ခြေတစ်ဖက် လှမ်းလိုက်တယ်လေ။ အဲ့ဒီနေ့မနက်က ကျွန်မ အဖေက မြက်ခင်းတွေကို ရေလောင်းထားတာဆိုတော့ ရှင်လည်း ခြေထောက်ကားပြီး ချော်လဲတော့တာပေါ့။ ဇက်ခ်ကတော့ ကျွန်မနဲ့ ကတ်တို့ရှိတဲ့ ပြတင်းပေါက်ဆီ ငေးရင်း လျှောက်လာလိုက်တာ မြေကြီးပေါ် ချော်လဲကျသွားတဲ့ ရှင့်ကို ခလုတ်တိုက်ပြီး သူကပါ မှောက်လျက် လဲပြန်ပါရောလား။*

mgyoe.com

mgyoe.com SAMPLE BOOK

ရှင်လည်း ဇက်ခ်ကို ရှင့်ခန္ဓာကိုယ်ပေါ်က တွန်းဖယ်ပြီး ထဖို့ ကြိုးစားလိုက်တယ်လေ။ ဇက်ခ်က အူယားဖားယားနဲ့ ကုန်းထလာတော့ ရှင်တို့နှစ်ယောက် အူကြောင်ကြောင်နဲ့ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ရှက်ရှက်နဲ့ ရယ်လိုက်ကြပါသေးတယ်။ ပြီးတော့ ရှင်တို့နှစ်ယောက်လုံး ကျွန်မတို့ကို မြင်ပြီး လာရာလမ်းအတိုင်း ပြန်ပြေးသွားကြတော့တာပေါ့။ ကျွန်မနဲ့ ကတ်ကတော့ ရှင်တို့အဖြစ်ကိုကြည့်ပြီး အူနာတဲ့အထိကို ရယ်ခဲ့ရတာရှင့်"

အဲ့ဒီကိစ္စကို ကျွန်တော်လည်း သိခဲ့ပါတယ်။ ကတ်က သူ ကျောင်းအသစ် မပြောင်းခင် ပါတီပွဲပေးတုန်းက အဲ့ဒီအကြောင်းပြောပြီး အတော်လေးကို ရယ်မောနေခဲ့တာလေ။ အဲ့ဒီပါတီမှာပဲ ကျွန်တော် ဟန်နာဘိတ်ကာ ဆိုတဲ့ ကောင်မလေးကို ပထမဆုံး တွေ့ဖြစ်ခဲ့တာပေါ့။ ဟန်နာက သိပ်လှတဲ့ မိန်းကလေးပဲလို့ ကျွန်တော် မြင်ခဲ့မိတာ အမှန်ပါပဲ။ နောက်ပြီး သူက ဒီမြို့ကို ပြောင်းလာတဲ့ လူအသစ်ဆိုတဲ့ အချက်ကြောင့်လည်း ကျွန်တော် စိတ်ဝင်စားမိတာ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်လေ။ ဒီမြို့နဲ့ ဒီကျောင်းက လူတွေအတွက်တော့ ကျွန်တော်က စိတ်ဝင်စားစရာ မကောင်းတဲ့ မထင်မရှား လူတစ်ယောက်ဆိုပေမဲ့ ဟန်နာ့အနားမှာတော့ ကျွန်တော်ဟာ သူ့လိုပဲ အထက်တန်း ပထမနှစ် စတက်မဲ့ နယ်ခံကျောင်းသား တစ်ယောက် ဖြစ်ခဲ့ရတာပေါ့။

"ကတ်ကတော့ ကျောင်းမဖွင့်ခင်မှာပဲ တခြားကျောင်းကို ပြောင်းသွားခဲ့ပါတယ်။ ကျွန်မလည်း သူ ချန်ခဲ့တဲ့ ကောင်လေးကို စိတ်ဝင်စားလာမိတာပေါ့။ ဒီလိုနဲ့ မကြာခင်မှာပဲ အဲ့ဒီကောင်လေးကလည်း ကျွန်မအပေါ် စိတ်ဝင်စားနေတယ်ဆိုတာ ကျွန်မ သိလိုက်ရပါတယ်။ ကျွန်မကိုယ်တိုင်ကလည်း သူ့အနားမှာ တဝဲလည်လည် လုပ်နေခဲ့တာဆိုတော့ သူမသိဘဲ နေနိုင်ရိုးလားရှင်။

ကျွန်မတို့က အတန်းချင်း မတူခဲ့ကြဘူးနော်။ ဒါပေမဲ့ အတန်းချိန် ၁၊ ၄ နဲ့ ၅ အချိန်တွေမှာဆိုရင်တော့ ကျွန်မနဲ့ ရှင်က အတန်းတက်ရတဲ့ အခန်းချင်း နီးခဲ့တာပေါ့။ တကယ်တမ်း ပြောရမယ်ဆိုရင် အတန်းချိန် နံပါတ် ၅ ရောက်တိုင်း ကျွန်မက ရှင်အခန်းထဲဝင်တဲ့အထိ စောင့်နေတတ်တာမို့ အမြဲ နောက်ကျတတ်ပါတယ်။ အတန်းချိန် ၁ နဲ့ ၄ မှာတော့ ရှင့်ကို ကျွန်မ လျှောက်လမ်းမှာ တွေ့နေကြလေ။

ကတ်ရဲ့ ပါတီပွဲညတုန်းက အတော်လေး အေးနေတာတောင် လူတွေ အားလုံးက အိမ်အပြင်ဘက်က ဝရန်တာနေရာလေးမှာ ထိုင်ပြီး စကားတွေပြောနေခဲ့ကြပါတယ်။ အဲ့ဒီနေ့ညက တစ်နှစ်လုံးမှာ အအေးဆုံးညတောင် ဖြစ်မယ်ထင်

mgyoe.com

mgyoe.com SAMPLE BOOK

တယ်။ နောက်ပြီး ကျွန်မကလည်း အဲ့ဒီလိုနေ့မျိုးမှာမှ ဂျက်ကတ်အင်္ကျီ ထပ်ဝတ်လာဖို့ မေ့ခဲ့ပါလေရော။

ကျွန်မ ရှင့်ကို ပါတီမှာ မဝံ့မရဲနဲ့ နှုတ်ဆက်ခဲ့ပါသေးတယ်။ နောက်တော့ ရှင်လည်း ကျွန်မကို ပြန်နှုတ်ဆက်တယ်လေ။ တစ်နေ့တော့ ကျွန်မ ဘာမှမပြောဘဲ ရှင့်ဘေးနားက ဖြတ်သွားတုန်း ရှင့်ဘက်က စကားစပြောလာတော့တာပါပဲ။ အဲ့ဒါက ကျွန်မတို့ရဲ့ ပထမဆုံးသော နှုတ်ဆက်စကားချည်း မဟုတ်တဲ့ စကားဝိုင်း ဖြစ်ခဲ့တယ်လေ။

တကယ်တော့ အဲ့ဒီညက ကျွန်မ ဂျက်ကတ်အင်္ကျီကို အိမ်မှာ မေ့ကျန်ခဲ့တာ မဟုတ်ပါဘူး။ ကျွန်မက အားလုံးကို ကျွန်မရဲ့ ရှပ်အင်္ကျီအသစ်လေးကြွားချင်လို့ တမင်ကို ဘာမှ ထပ်မဝတ်လာတာပါ။

ကျွန်မက သိပ်ကို အရှူးထတဲ့ မိန်းကလေးပဲနော်။

'ဟေး' လို့ ရှင်က ကျွန်မကို လှမ်းခေါ်လိုက်ပါတယ်။

'မင်း ကိုယ့်ကို ဟဲလို လို့တောင် နှုတ်မဆက်တော့ဘူးလား' တဲ့လေ။

ကျွန်မလည်း ပြုံးလိုက်ပါတယ်။ ပြီးမှ ကျွန်မ အသက်တစ်ချက် ရှူပြီး ရှင့်ကို ပြန်လှည့်ကြည့်လိုက်တာပေါ့။

'ဘာလို့ ကျွန်မက နှုတ်ဆက်ရမှာလဲ'

'မင်းက အမြဲတမ်း အဲ့လိုပဲ နှုတ်ဆက်နေကြလေ'

ကျွန်မ ရှင့်ကို ဘာလို့ ကျွန်မအကြောင်း မှတ်ထားရတာလဲလို့ ပြန်မေးလိုက်ပါသေးတယ်။ ရှင်က ကျွန်မအကြောင်း မသိသေးပါဘူးလို့ ပြောရင်းနဲ့ပေါ့"

ကတ်ရဲ့ ပါတီပွဲညတုန်းက ကျွန်တော် ဟန်နာဘိတ်ကာနဲ့ ပထမဆုံး စကားပြောရင်း ကျွန်တော့်ရှူးဖိနပ်တွေကို ကုန်းပြီး ကြိုးချည်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော် မလုပ်နိုင်ခဲ့ပါဘူး။ ကျွန်တော့်လက်တွေက အေးလွန်းလို့ ထုံနေတယ်လေ။

အဲ့ဒီတော့ ဟန်နာကပဲ ကျွန်တော့်ကို ဖိနပ်ကြိုးချည်ဖို့ ကူညီပေးခဲ့ရတာပေါ့။ ကျွန်တော် အားနာလွန်းလို့ သူ့ကို မလုပ်ခိုင်းခဲ့ပါဘူး။ ကျွန်တော်နဲ့ ဟန်နာရဲ့ စကားဝိုင်းထဲကို ဇက်ခ်ရောက်လာတဲ့အချိန်ထိ ကျွန်တော် အချိန်ဆွဲနေမိတယ်လေ။ ဇက်ခ် ရောက်လာတော့မှပဲ ကျွန်တော်လည်း အေးစက်တောင့်တင်းနေတဲ့ ကျွန်တော့် လက်တွေကို ဘေစင်က ရေနဲ့ ပြေးပြီး ဆေးရပါတော့တယ်။ သိပ်ကို ရှက်ဖို့ကောင်းခဲ့တာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်မက အမေ့ကို ယောကျ်ားလေးတစ်ယောက်ရဲ့ စိတ်ဝင်စားခံရအောင် ဘယ်လိုလုပ်ရလဲမေးတော့ အမေက ပြောတယ်။

'သူ့ကို ဂရုမစိုက်ချင်ယောင်ဆောင်ပြီး မူနေလိုက်' တဲ့။ ကျွန်မလည်း အမေ့အကြံအတိုင်း လိုက်လုပ်တော့ အလုပ်ဖြစ်ခဲ့တာပါပဲ။ ရှင်က ကျွန်မကို ကျောင်းမှာ အတန်းချိန်တွေဆုံးတိုင်း စောင့်လာတတ်တာပေါ့။

ရှင် ကျွန်မရဲ့ ဖုန်းနံပါတ်တောင်းဖို့အထိ ကျွန်မ စောင့်နေခဲ့ရတာ ဘယ်လောက်တောင် ကြာသွားလဲ ကျွန်မ မမှတ်မိတော့ပါဘူး။ ဒါပေမဲ့ ရှင် တစ်နေ့နေ့တော့ တောင်းလာမယ်ဆိုတာ ကျွန်မ ကြိုသိတာပေါ့။ ဒါကြောင့်လည်း ကျွန်မ အဲ့ဒီအခြေအနေနဲ့ ကြုံလာတဲ့အခါ စိတ်ငြိမ်ငြိမ်နဲ့ ပြန်ဖြေတတ်အောင် လေ့ကျင့်ခဲ့တယ်လေ။ ကျွန်မက ရှင် ဖုန်းနံပါတ်တောင်းတာကို ဘာမှ ဂရုမစိုက်သလို. . . ကျွန်မဆီက ဒီဖုန်းနံပါတ်ကို ကောင်လေးတိုင်းက တောင်းနေကြလို ပုံစံမျိုးပေါက်အောင် ကျွန်မ ကြိုးစားခဲ့ပါတယ်။

ကျွန်မရဲ့ အရင်ကျောင်းမှာဆို ကျွန်မ ဖုန်းနံပါတ်ကို တောင်းဖူးတဲ့ ကောင်လေးတချို့ ရှိပါတယ်လေ။ ဒါပေမဲ့ ဒီကျောင်းမှာတော့ ရှင်ဟာ ပထမဦးဆုံး ပါပဲ။

တကယ်တော့ ရှင်က ပထမဦးဆုံး ဖုန်းနံပါတ်တောင်းတဲ့သူတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်မ ဖုန်းနံပါတ်ပေးဖူးတာတော့ ရှင်က ပထမဦးဆုံးပါ။

ကျွန်မအရင်က ဖုန်းနံပါတ် မပေးခဲ့တာကလည်း ကျွန်မက အခုမှ မြို့အသစ်မှာ လူအသစ်တွေနဲ့ ဆက်ဆံရမှာကို ကြောက်နေခဲ့တယ် ထင်ပါတယ်။ ဒီလိုအချိန်ဆိုတာ လူတွေ အမြင်ကို ဂရုစိုက်ဖို့ အရေးကြီးတယ် မဟုတ်လား။ ကျွန်မသာ တစ်ခုခု အမှားလုပ်လိုက်ကတော့ နယ်ခံလူတွေ ပါးစပ်ဖျားမှာ ပြောစရာကြီး တစ်ခုလို ဖြစ်သွားမှာ ကျွန်မ သိပ်ကြောက်နေခဲ့တာလေ။

ရှင်မဟုတ်တဲ့ တခြားလူတွေကို ဖုန်းနံပါတ်ပြောတဲ့အခါမှာတော့ ကျွန်မက ဒိုးဒိုးဒေါက်ဒေါက် ပြောနိုင်ခဲ့ပေမဲ့လို့ ရှင် တောင်းတုန်းကတော့ ကျွန်မ သိပ်စိတ်လှုပ်ရှားနေခဲ့တာရှင့်။

ကျွန်မ ကျောပိုးအိတ်ကို ပေါင်ပေါ်တင်ပြီး အကြီးဆုံးအိတ်ရဲ့ ဇစ်ကို အကြောင်းမရှိ ဖွင့်နေလိုက်ပါတယ်။ ရှင် ကျွန်မ ခေါ်ပေးတဲ့ ဖုန်းနံပါတ်ကို ရေးနေတုန်း ကျွန်မ ခြေမကိုင်မိ လက်မကိုင်မိကို ဖြစ်နေခဲ့တာလေ။ ရှင်က သတိမထားမိလို့တော်သေးတာပေါ့။ ကျွန်မ ဖုန်းနံပါတ်အားလုံးကို အထစ်အငေါ့မရှိ ရွတ်လိုက်

mgyoe.com

mgyoe.com SAMPLE BOOK

*နိုင်တော့မှပဲ ကျွန်မလည်း ပြုံးလိုက်နိုင်ပါတော့တယ်။*

*ဒါပေမဲ့ ရှင့်ကိုကြည့်ရတာတော့ လက်တွေက တုန်နေတာမို့ ရှင် တစ်ခုခု မှား ဖြစ်တော့မှာလားလို့တောင် ကျွန်မ တွေးမိလိုက်ပါသေးတယ်။ ကျွန်မကတော့ ရှင့်ကို ဘာမှ အဖြစ်ခံမှာ မဟုတ်ပါဘူးလေ"*

ကျွန်တော် ဟန်နာ့ရဲ့ မြေပုံကို ခုံတန်းရှည်ပေါ် တင်ပြီး ဖြန့်လိုက်ပါတော့တယ်။

*"ကျွန်မ ရှင် တုန်တုန်ချိချိနဲ့ ရေးနေတဲ့ ဂဏန်းကို လက်ညှိုးထိုးပြီး ပြောလိုက်ပါသေးတယ်။*

*'ဒါက နံပါတ် ၇ နော်။ ဒီတစ်လုံးက နံပါတ် ၇ ပါ' "*

ကျွန်တော် မြေပုံစာရွက်ကို ပြန့်သွားအောင် သစ်သားပေတံနဲ့ ဖြန့်လိုက်တာပေါ့။

*" 'ရှင်ရေးတာ မှားဦးမယ်နော်။ နံပါတ် ၇ ပါ' လို့ ကျွန်မ ဆက်ပြောတော့ ရှင်က 'ကိုယ်သိပါတယ်' တဲ့လေ။ ဒါပေမဲ့ ရှင်မှားရေးတာပါပဲ။ ပြီးတော့ ရှင် အဲ့ဒီ ဂဏန်းကို ပြန်ဖျက်ပြီး တွန့်လိမ်ကောက်ကွေးနေတဲ့ လက်ရေးတဲ့ နံပါတ် ၇ လို့ ရေးလိုက်ပါတော့တယ်။*

*ကျွန်မ အကျႌလက်ရှည်ကို လက်ဖဝါးထိရောက်အောင် ဆွဲဆန့်ပြီး ရှင့်ရဲ့ နဖူးက ချွေးစက်တွေကို သုတ်ပေးဖို့ လက်လှမ်းမိတော့မလိုတောင် ဖြစ်သွားရပါသေးတယ်။ ကျွန်မ အမေဆို အဲ့ဒီလို လုပ်ပေးနေကြလေ။ ဒါပေမဲ့ ကျွန်မ အဲ့ဒီလို မလုပ်မိခဲ့လို့ တော်သေးတာပေါ့။ ရှင့်ကို ကြည့်ရတာလည်း ဒီအခြေအနေနဲ့ဆို တခြားမိန်းကလေး တစ်ယောက်ဆီက ဖုန်းနံပါတ် ထပ်မတောင်းရဲလောက်တော့ဘူး မဟုတ်လား"*

အဲ့ဒီအချိန်မှာပဲ ဂိုဒေါင်တံခါးပေါက်ဝဆီက အမေ့ရဲ့ခေါ် သံကို ကျွန်တော် ကြားလိုက်ရပါတော့တယ်။ ကျွန်တော် စတီရီယိုစက်ကို အသံတိုးလိုက်ပြီး အမေ ဝင်လာတာနဲ့ ပိတ်ဖို့ အသင့်ပြင်လိုက်တာပေါ့။

"ဟုတ်ကဲ့ အမေ. . . "

*"ကျွန်မ အိမ်ပြန်ရောက်တော့ ရှင်က ကျွန်မ ဖုန်းကို ၂ ခါတောင် ခေါ်ပြီး နှင့်နေပါပြီ"*

"သားရေ. . . အမေလည်း သားအလုပ်ကို မနှောင့်ယှက်ချင်ပါဘူးကွယ်" လို့ အမေက လှမ်းအော်လိုက်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"အမေက သား အမေတို့နဲ့အတူ တစ်ခါတည်း ညစာ စားမှာလား လာမေးတာပါ"

*"အမေက ကျွန်မကို ရှင်က ဘယ်သူလဲမေးတော့ ကျွန်မလည်း ရှင်ဟာ ကျွန်မတို့ အတန်းထဲကဖြစ်ကြောင်း၊ ရှင်က ကျွန်မကို အိမ်စာအတွက် မေးစရာလေးတွေရှိလို့ ခေါ်တာဖြစ်နိုင်ကြောင်း ပြန်ဖြေလိုက်တယ်လေ။ ရှင်ကလည်း အဲ့ဒီလိုပဲဖြေတယ်လို့ အမေက ပြောပါတယ်"*

ကျွန်တော် မြေပုံထဲက C-4 ဆိုတဲ့ ကြယ်နီလေးနေရာကို ကြည့်လိုက်မိပါတယ်။ ကျွန်တော် ဒီနေရာလေးကို သွားသင့်ပါသလား။

*"ကျွန်မဖြင့် ယုံတောင်မယုံနိုင်ဘူး ဂျက်စတင်။ ရှင်က ကျွန်မ အမေကိုတောင် လိမ်လိုက်သေးတယ်လေ။ ထူးဆန်းတာက ရှင် အဲ့ဒီလိုလိမ်လိုက်တာကို ကျွန်မ ဝမ်းသာမိတယ်ဆိုတာပါပဲ"*

"မစားတော့ဘူး အမေ" လို့ ကျွန်တော် ပြန်ဖြေလိုက်ပါတယ်။

"ကျွန်တော် ခဏနေ သူငယ်ချင်းတစ်ယောက်အိမ်ကို ပရောဂျက်တစ်ခု ကူလုပ်ပေးဖို့ သွားလိုက်ဦးမယ်"

*"ဘာဖြစ်လို့လဲဆိုတော့ ရှင်နဲ့ ကျွန်မက မတိုင်ပင်ရဘဲ အလိမ်စကားကိုတောင် ရှေ့သွားနောက်လိုက်ညီအောင် ပြောလိုက်နိုင်တယ် မဟုတ်လား။ ကျွန်မကတော့ ဒီကိစ္စကို ရှင်နဲ့ ကျွန်မကြားက ဆက်ဆံရေးလေး ရှေ့ဆက်တိုးလာဖို့ နိမိတ်ပဲလို့ မြင်မိတာပေါ့"*

"ကောင်းပြီလေ. . . ဒါဖြင့် အမေ သားအတွက် ညစာကို ရေခဲသေတ္တာထဲမှာ ထည့်ထားလိုက်မယ်။ သား အိမ်ပြန်ရောက်လာရင် ကိုယ့်ဘာသာကိုယ်ပဲ နွှေးစားလိုက်နော်"

*"ကျွန်မအမေက ရှင်နဲ့ ကျွန်မက ဘယ်အတန်း အတူတူ တက်နေရတာလဲ မေးတော့ သင်္ချာအတန်းလို့ ကျွန်မ ဖြေလိုက်ပါတယ်။ ဒါကတော့ အမှန်ပဲ မဟုတ်လား။ ကျွန်မတို့က တကယ်တမ်းလည်း သင်္ချာ အချိန်တော့ တက်ရတာချင်း တူတယ်လေ။ တစ်ခန်းထဲ. . . သင်ခန်းစာတစ်ခုထဲ မဟုတ်တာက လွဲရင်ပေါ့။*

*'ကောင်းပြီလေ' လို့ ကျွန်မ အမေက ပြန်ဖြေပါတယ်။*

*'အဲ့ဒီကောင်လေးကလည်း သမီးအတိုင်း ဖြေသွားတာပဲကွဲ့' တဲ့လေ။*

*အဲ့ဒီတော့မှ ကျွန်မလည်း အမေ့ကို ကိုယ့်သမီးကို မယုံရကောင်းလားဆိုပြီး ပြောပြီးတော့မှ ရှင့်နံပါတ်ရေးထားတဲ့ စာရွက်ကို အမေ့လက်ထဲက ဆွဲယူပြီး*

mgyoe.com

mgyoe.com SAMPLE BOOK

*အပေါ်ထပ်ကို ပြေးတက်သွားခဲ့ပါတော့တယ်"*

ကျွန်တော် ဟန်နာ့မြေပုံထဲက ပထမဆုံး ကြယ်နီလေးပြထားတဲ့ နေရာကို သွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါပေမဲ့ ဒီတိပ်ခွေ တစ်ခြမ်းပြီးတဲ့အခါမှာတော့ ကျွန်တော် တိုနီ့အိမ်ကို အရင်ဆုံးသွားရပါမယ်။

တိုနီက သူ့ကားကို ဘယ်တော့မှ ပစ္စည်းအသစ်တွေ လဲထည့်လေ့ မရှိတာမို့ သူ့ကားထဲမှာ အခုထိ တိပ်ခွေထည့်ပြီး နားထောင်လို့ ရသေးတယ် မဟုတ်လား။ သူကတော့ တိပ်ခွေနားထောင်ရတာကို ပိုပြီး သဘောကျတယ်လို့ ပြောပါတယ်။ သူက တခြားသူတစ်ယောက်ယောက်ကို ကားကြုံပေးစီးတဲ့အခါတိုင်း အဲ့ဒီလူတွေက သီချင်းဖွင့်တဲ့အခါ တိုနီက 'သီချင်းနဲ့ ကားက မလိုက်ဘူး' ဆိုပြီး ဝေဖန်လေ့ရှိပါသေးတယ်။

*"ကျွန်မ ဖုန်းခေါ်တာကို ရှင်ကိုင်တော့ ကျွန်မက 'ဂျက်စတင်လား။ ကျွန်မ ဟန်နာပါ။ ကျွန်မအမေက ရှင် ကျွန်မကို သင်္ချာပုစ္ဆာမေးစရာရှိလို့ ဖုန်းဆက်တယ်ပြောတယ်' လို့ မေးလိုက်တယ်လေ"*

တိုနီက သူ့အစ်ကိုဆီက ရတဲ့ မက်စတန်းကား အဟောင်းလေးကို သိပ်သဘောကျတဲ့သူပါ။ ဒီကားလေးက သူတို့မိသားစုထဲမှာ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းလာခဲ့တယ်လို့လည်း သူပြောဖူးပါတယ်။ ကျောင်းမှာတော့ တိုနီဆိုတာနဲ့ သူ့ရဲ့ မက်စတန်းကားအဟောင်းကြီးကို တွဲပြီးတော့ကို မှတ်မိနေကြတော့တာပေါ့။ ဒီလိုကားအဟောင်းကြီးနဲ့တောင်မှ တိုနီက ရည်းစားကောင်မလေးတွေ တစ်ယောက်ပြီး တစ်ယောက် တွဲနိုင်ပါသေးတယ်။

*"ပထမတော့ ရှင်က ကျွန်မပြောတာကို သေချာစဉ်းစားလိုက်ရသေးတယ်လေ။ ပြီးမှ ရှင်က ကျွန်မ အမေကို လိမ်လိုက်ရတဲ့အတွက် တောင်းပန်ပါတယ်လို့ ပြောခဲ့တာပေါ့"*

တိုနီက ကျွန်တော့်အတွက်တော့ အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက် မဟုတ်ပေမဲ့ ကျွန်တော်နဲ့ သူက ကျောင်းစာအချို့ကို အတူတွဲလုပ်ခဲ့ဖူးတာကြောင့် သူဘယ်မှာနေမှန်း ကျွန်တော် သိခဲ့ပါတယ်။ နောက်ပြီး ကျွန်တော် သူ့ဆီ သွားဖို့ ဆုံးဖြတ်လိုက်ရတဲ့ အကြောင်းအရင်းကလည်း တိုနီ့မှာရှိတဲ့ တိပ်ခွေထိုး ကက်ဆက်လေးကြောင့်ပါပဲ။ ဟုတ်ပါတယ်။ တိုနီ့မှာ ပလတ်စတစ် နားကြပ်ကြိုးလေး တွဲပါတဲ့ အဝါရောင်ကက်ဆက်ကလေး ရှိသေးတယ်လေ။ သူ ကျွန်တော့်ကို ငှားမယ်လို့လည်း ကျွန်တော် ယုံကြည်ပါတယ်။ ပြီးတော့မှ ကျွန်တော် အဲ့ဒီကက်ဆက်လေးနဲ့ ဟန်နာ့

mgyoe.com SAMPLE BOOK

တိပ်ခွေကို နားထောင်ရင်း သူညွှန်းထားတဲ့ မြေပုံထဲကနေရာကို သွားမယ်လို့ စဉ်းစားထားတာပေါ့။ အဲ့ဒီနေရာကလည်း တိုနီ့အိမ်နဲ့ဆို သိပ်ပြီး မဝေးလှဘူး မဟုတ်ပါလား။

*"'ကဲ. . . အဲ့ဒီတော့ ဂျက်စတင်ရေ။ ဘယ်ပုစ္ဆာကို သိချင်တာလဲ' လို့ ကျွန်မ မေးလိုက်ပါတယ်။ ရှင်ကလည်း မလွယ်ကြောပဲနော်"*

ဒါမှမဟုတ် ကျွန်တော့်ကို ဘယ်သူမှ အနှောင့်အယှက် မပေးနိုင်မဲ့ နေရာမျိုးမှာ ဒီတိပ်ခွေတွေကို သွားနားထောင်သင့်ပါတယ်။ ကျွန်တော့်အိမ်မှာတော့ နားထောင်လို့ မဖြစ်ဘူးလေ။ အမေနဲ့ အဖေက ဟန်နာ့အသံကို မှတ်မိသွားမှာကို ကြောက်တာတော့ မဟုတ်ပေမဲ့ ကျွန်တော် အသက်ဝဝရှူပြီး လွတ်လွတ်လပ်လပ် နေချင်မိခဲ့တာပေါ့။

*"ဒါပေမဲ့လည်း ရှင် ကျွန်မစကားအတိုင်း ရေလိုက် ငါးလိုက် ပြောခဲ့ပါတယ်။ ရှင်က ကျွန်မကို ရထားနံပါတ် အေက ၃ နာရီ ၄၅ မိနစ်မှာ ရှင်တို့အိမ်ကနေ ထွက်လာပြီး ရထားနံပါတ် ဘီက ကျွန်မတို့အိမ်ကနေ နောက်ထပ် ၁၀ မိနစ်အကြာမှာ ထွက်လာလိမ့်မယ်ဆိုပြီး ဇာတ်လမ်းဆင်လို့ ပြောခဲ့တယ်နော်။*

*ရှင်ကတော့ သိမှာမဟုတ်ဘူး ဂျက်စတင်။ ကျွန်မဖြင့် အိပ်ရာစောင်းမှာ ထိုင်ရင်း အတန်းထဲက ကျောင်းသူလေးတစ်ယောက်လို လက်ကိုမြှောက်လို့ 'ကျွန်မ အဖြေသိတယ် ဆရာ ဖိုလေ. . . ကျွန်မကို ဖြေခွင့်ပေးပါ' ဆိုပြီး ပြောလိုက်ပါတယ်။ အဲ့ဒီတော့ ရှင်ကလည်း 'ကောင်းပါပြီ။ ဖြေစမ်းပါဦး မစ္စဘိတ်ကာ' လို့ ပြန်နောက်တာပေါ့။ အဲ့ဒီအချိန်မှာ ကျွန်မက အမေပြောတဲ့ မကြိုက်ချင်ယောင်ဆောင်ပြီး မူနေရမယ်ဆိုတဲ့ ဗျူဟာကြီးကို လုံးဝ စွန့်ပစ်လိုက်တော့တာပါပဲရှင်။ ကျွန်မ ရှင့်ကို အဲ့ဒီရထား အေနဲ့ ဘီက အိုင်ဇန်ဟောင်ဝါ ပန်းခြံထဲက ဒုံးပျံလျှောဆင်းလှေကားအောက်မှာ တွေ့ကြလိမ့်မယ်လို့ ပြန်ပြောလိုက်ပါတယ်"*

ဟန်နာက ဂျက်စတင်ဖိုလေကို ဘာလို့ ကြိုက်ခဲ့ရလဲဆိုတာ ကျွန်တော် လုံးဝ နားမလည်တာ အမှန်ပါ။ သူ ဘယ်လောက်ပဲ ကိုယ့်ကိုယ်ကိုယ် မထိန်းချုပ်နိုင်လောက်အောင်ကို ဂျက်စတင့်ကို ကြွေမိတယ်ပြောပြော ကျွန်တော် လိုက်မမီခဲ့ပါဘူးလေ။ ဂျက်စတင် ဆိုတာကလည်း ကျွန်တော်တို့ကျောင်းက မိန်းကလေးတော်တော်များများရဲ့ မျက်နှာသာပေးတာကို ခံရတဲ့သူ မဟုတ်ပါလား။

ဂျက်စတင်က အရပ်ရှည်တာမို့ မိန်းကလေးတွေ သဘောကျကြတာလည်း ဖြစ်နိုင်ပါတယ်။ နောက်ပြီး သူက အမြဲတမ်း အပြင်ကိုငေးငေးပြီး တွေးနေ

mgyoe.com

mgyoe.com
SAMPLE BOOK

တတ်တယ်လေ။

*"ရှင့်ဘက်က အတော်လေး ငြိမ်သွားတယ် ဂျက်စတင်။ ကျွန်မအတွက်က တော့ အဲ့ဒီစက္ကန့်ပိုင်းလေးက တစ်ကမ္ဘာလောက်ကို ကြာသွားခဲ့တာပေါ့။ ခဏနေ တော့မှ ရှင်က ကျွန်မကို မေးလိုက်ပါတယ်။*

*'ဒါဆို အဲ့ဒီရထားနှစ်စင်း ဘယ်အချိန် တွေ့မှာလဲ' တဲ့လေ။*

*ကျွန်မလည်း မဆိုင်းမတွဘဲ 'နောက်ထပ် ၁၅ မိနစ်လောက်ပေါ့ရှင်' လို့ ပြန်ဖြေလိုက်တော့ ရှင်က ဒီလောက် အရှိန်မြန်နေတဲ့ ရထားနှစ်စင်းအတွက် ၁၅ မိနစ်ဆိုတာ ကြာလွန်းတယ်ဆိုပြီး ပြန်ပြောလိုက်တာပေါ့။*

*ရှင်တို့ အခုလောက်ဆို ဘာတွေ တွေးနေမိမယ်ဆိုတာ ကျွန်မ သိပါ တယ်။ ဟန်နာဘိတ်ကာ ဆိုတာ သိပ်နန့်တဲ့ကောင်မလေးပဲလို့ တွေးနေကြမယ် မဟုတ်လား။ ဟုတ်တယ်။ ရှင်တို့ကြားလိုက်တဲ့ အတိုင်းပဲလေ။ ဟန်နာဘိတ်ကာ ဆိုတာ. . . ။ ကျွန်မ ထပ်မပြောချင်တော့ပါဘူးရှင်"*

တိပ်ခွေထဲက ဟန်နာ့အသံက ခဏလောက် ရပ်သွားပါတော့တယ်။ ကျွန်တော်လည်း ထိုင်ချထားတဲ့ ခုံပုလေးကို စတီရီယိုတင်ထားတဲ့ ခုံတန်းရှည်ဆီ ပို့ပြီး တိုးကပ်လိုက်တာပေါ့။ တိပ်ခွေအိမ်လေးထဲက တိပ်လေးတွေက နှေးကွေးစွာနဲ့ လည်ပတ်နေခဲ့တယ်လေ။ စပီကာကနေလည်း မပီမသ အသက်ရှူသံက တိုးညှင်းစွာ ထွက်ပေါ်လို့ နေတော့တာပေါ့။

ဟန်နာ ဘာတွေများ တွေးနေပါလိမ့်။ သူ မျက်လုံးတွေ မှိတ်ထားတာ များလား။ သူ ငိုနေတာလား။ သူ့လက်တွေကရော တိပ်ခွေ အသံသွင်းတာကို ရပ်ပစ်လိုက်ဖို့ ကြိုးစားနေခဲ့တာလား။ သူဘာလုပ်နေလဲဆိုတာ ကျွန်တော် မသိတော့ ပါဘူးလေ။

ဒါပေမဲ့ ကျွန်တော် မှားသွားပါတယ်။ ဟန်နာ့အသံက ငိုနေတာ မဟုတ်တဲ့ အပြင် စိတ်ဆိုးနေတဲ့ ပုံပါ။

*"ဟန်နာဘိတ်ကာဟာ သိပ်နန့်တတ်တဲ့ ကောင်မလေး မဟုတ်ခဲ့ပါဘူး။ ရှင်တို့ကြားထားတာတွေက အမှားတွေချည်းပါပဲ။ ကျွန်မလိုချင်ခဲ့တာက အကြင်နာ အနမ်းလေး တစ်ပွင့်ရယ်ပါရှင်။ ကျွန်မဟာ အထက်တန်းကျောင်းကို စတက်တော့မဲ့ ကျောင်းသူ အသစ်ဂက်စက်လေးပါ။ ကျွန်မဘဝမှာ ဘယ်သူကမှ ရည်းစားသနာ အနေနဲ့ နမ်းတာမျိုး မခံခဲ့ရဖူးပါဘူး။ ဒါပေမဲ့ အခု ကျွန်မ ကောင်လေးတစ်ယောက်ကို စိတ်ဝင်စားမိသလို သူကလည်း ကျွန်မကို သဘောကျတာမို့ ကျွန်မ သူ့ကို အနမ်း*

mgyoe.com

mgyoe.com SAMPLE BOOK

ပေးချင်မိခဲ့တယ်လေ။ ဒီလောက်ပါပဲ။ ဒါဟာ ကျွန်မရဲ့ အမှန်တရားပါပဲရှင်။

ဒါပေမဲ့ ရှင်တို့ကတော့ ဒီဇာတ်လမ်းကို တစ်မျိုးကြားထားမယ်ဆိုတာ ကျွန်မ သိပါတယ်။ ကျွန်မကိုယ်တိုင်လည်း ဒီအလိမ်အညာတွေကို ပြန်ကြားလိုက်ရတာကိုး။ တကယ်တော့ ကျွန်မ ရှင်နဲ့ ပန်းခြံထဲမှာမတွေ့ခင် ညကတည်းက ကျွန်မ ညတိုင်းကို တူညီတဲ့ အိပ်မက်တွေ မက်နေခဲ့တာပါ။ ရှင်သိချင်တယ်ဆိုလည်း ကျွန်မက ပြောပြရသေးတာပေါ့။

ဒါပေမဲ့ ကျွန်မ အိပ်မက်အကြောင်းမပြောခင် ရှင်တို့သိထားရမှာလေးတွေ ရှိပါသေးတယ်။ ကျွန်မ ဒီကိုမပြောင်းလာခင်နေခဲ့တဲ့ မြို့လေးမှာလည်း ဒီမြို့ထဲက အိုင်ဇန်ဟောင်ဝါ ပန်းခြံနဲ့ဆင်တူတဲ့ ပန်းခြံလေး ရှိခဲ့ပါတယ်။ အဲ့ဒီပန်းခြံ ၂ ခုလုံးမှာ ဆင်တူတဲ့အချက်ကတော့ ဒုံးပျံလျှောဆင်းတွေ ရှိကြတာပါပဲ။ ကြည့်ရတာ ပန်းခြံ နှစ်ခုလုံးကို ကုမ္ပဏီတစ်ခုထဲက ဆောက်ပေးခဲ့တဲ့ပုံပါ။ ပန်းခြံနှစ်ခုလုံးမှာရှိတဲ့ လျှောဆင်းတွေက ကောင်းကင်ကို ထောင်ထားတဲ့ အနီရောင် ဒုံးပျံတွေအဖြစ် တစ်ပုံစံဟည်း တည်ဆောက်ထားတာလေ။

ကောင်းကင်ကို ထိုးထောင်နေတဲ့ နှာခေါင်းဖျားကနေ အောက်ခြေအထိ ကတော့ သတ္တုချောင်းတွေနဲ့ ခိုင်ခိုင်မာမာကို တည်ဆောက်ထားတာပေါ့။ ဒုံးပျံရဲ့ အောက်ခြေကိုတော့ အစိမ်းရောင်ရွက်တွေ တပ်ကာ မြေကြီးပေါ် ထောက်ထားပါတယ်။ အဲ့ဒီမြေကြီးအောက်ခြေကနေဆို အပေါ် ဆုံးအထိရောက်အောင် အထပ် ၃ ထပ် ပါပြီး လှေကားငယ် ၃ ခုနဲ့ ဆက်ထားတယ်လေ။ ဟိုးအပေါ် ဆုံးအထပ်မှာတော့ စတီယာရင် ကွင်းလေးတောင် ပါလိုက်သေးတာပေါ့။ လျှောဆင်းတဲ့ လှေကားကိုတော့ အလယ်ထပ်မှာဖောက်ထားတဲ့ ပုံစံအတိုင်း တည်ဆောက်ထားပါတယ်။ ကျွန်မ အထက်တန်းကျောင်းမှာ ကျောင်းစမတက်ခင် ညပေါင်းများစွာကတည်းက ဒီဒုံးပျံလျှောရဲ့ ထိပ်ဆုံးအထပ်ကို တက်ပြီး စတီယာရင်ဘီးကို မှီလို့ သတ္တုချောင်းတွေကြားကနေ ခေါင်းကိုချပြီး ဆော့နေကြပါ။ အေးမြတဲ့ ညလေပြည်ကို သတ္တုချောင်းတွေကြားကနေ ခံစားလိုက်ရတဲ့ အရသာက သိပ်ကို ပျော်စရာကောင်းခဲ့တာပေါ့ရှင်။ ကျွန်မကတော့ ဒီဒုံးပျံပေါ် တက်ဆော့ရင်း ကျွန်မနေခဲ့ဖူးတဲ့ မြို့လေးက အိမ်အကြောင်းကို တွေးနေမိပါတော့တယ်။

ကျွန်မ အသက် ၅ နှစ်လောက်က ထင်တယ်။ ကျွန်မ အရင်မြို့မှာတုန်းက ရှိတဲ့ ပန်းခြံထဲက ဒုံးပျံလျှောဆင်းကြီးပေါ် ကို တစ်ခါတော့ တက်ခဲ့ဖူးခဲ့ပါတယ်။ ဒါပေမဲ့ အပေါ် ကိုရောက်တော့ ကျွန်မက ပြန်မဆင်းရဲတော့ဘဲ သိပ်ကိုကြောက်ရွံ့ပြီး

mgyoe.com

 mgyoe.com SAMPLE BOOK 

*အော်ဟစ်နေခဲ့တော့တာပေ့ါ။ အဖေ့ခန္ဓာကိုယ်ကလည်း ဒိုးပျံထဲကို ဝင်လာဖို့ အင်မတန် ကြီးမားနေတာဆိုတော့ အဖေ့ခမျာ မီးသတ်ဌာနကို ဖုန်းဆက်ပြီး အကူအညီ တောင်းရပါလေရော။ နောက်တော့ မီးသတ်ဌာနက အမျိုးသမီး မီးသတ်သမား တစ်ယောက်ကပဲ ကျွန်မကို ဒိုးပျံလှောဆင်းထဲကနေ ကယ်ထုတ်ပေးခဲ့ပါတယ်။ ကြည့်ရတာ သူတို့ ဒီလိုပြဿနာတွေကို ဖြေရှင်းပေးနေကြအတိုင်းပါပဲ။ ပြီးခဲ့တဲ့ ရက်သတ္တပတ်အနည်းငယ်တုန်းကတောင် မြို့ထဲက အဲ့ဒီလို ဒိုးပျံလှောဆင်းတွေကို ဖျက်ပစ်ကြတော့မယ်လို့ ကြေညာလိုက်တယ်လေ။*

*ဒီကိစ္စကြောင့်ပဲ ကျွန်မရဲ့ အိပ်မက်ထဲမှာ ကျွန်မက ပထမဆုံး အကြင်နာ အနမ်းလေးကို ဒိုးပျံလှောဆင်းထဲမှာရခဲ့တယ်လို့ မက်ခဲ့တာ ဖြစ်ကောင်းဖြစ်နိုင် ပါတယ်။ ကျွန်မအတွက်တော့ ဒီအိပ်မက်လေးက သိပ်ကို ရိုးသားဖြူစင်လွန်းတာ အမှန်ပါ။ ကျွန်မ တကယ်တမ်းရမယ့် ပထမဆုံး အကြင်နာကိုလည်း အိပ်မက်ထဲက လိုပဲ ရိုးသားဖြူစင်စေချင်ခဲ့မိပါတော့တယ်ရှင်”*

ဒါကြောင့်မို့ ဟန်နာက ဒိုးပျံလှောဆင်းကြီးနေရာကို အနီရောင်ကြယ် မပြထားတာဘဲ ဖြစ်ရပါမယ်။ သူ ဒီတိပ်တွေ သွင်းလို့မပြီးသေးခင် အဲ့ဒီဒိုးပျံ လှောဆင်းကြီးကို ဖျက်သိမ်းလိုက်ကြမယ်လို့ သူက ထင်နေခဲ့တာပေ့ါ။

*“တကယ်တော့ ရှင် ကျွန်မကို အတန်းရှေ့မှာ စောင့်တဲ့နေ့ကနေစပြီး ကျွန်မ ဒီအိပ်မက်တွေ မက်လာခဲ့တာပါ။ ရှင်လည်း ကျွန်မကို စိတ်ဝင်စားနေတယ် ဆိုတာ သိလိုက်ရတဲ့ နေ့ကနေ စလို့ပေ့ါ”*

ကျွန်တော် ကြားခဲ့တာကတော့ ဟန်နာဟာ အဲ့ဒီညက သူ့အင်္ကျီကိုချွတ်ပြီး ဂျက်စတင့်ကို သူ့ရင်သားတွေ ကိုင်ခွင့်ပေးခဲ့တယ်တဲ့လေ။ ကျွန်တော် ကြားရ သလောက်ကတော့ ဒါပါပဲ။ ဒါပေမဲ့ ဟန်နာက ပန်းခြံထဲမှာ ဘာလို့ ဒီလိုလုပ်ရမှာ ပါလဲ။

*“အိပ်မက်ထဲမှာဆို ကျွန်မက ဒိုးပျံကြီးရဲ့ အပေါ်ဆုံးအထပ်မှာ စတီယာရင် ဘီးကို မှီပြီး ထိုင်နေတယ်တဲ့လေ။ ကျွန်မ စိတ်ထဲတော့ ဒိုးပျံကြီးက ပန်းခြံထဲက ဒိုးပျံနဲ့ ဆင်တူတယ်ထင်တာပါပဲ။ ဒါပေမဲ့ ကျွန်မက စတီယာရင် ဘီးကို ဘယ်ဘက်ကို လှည့်လိုက်တဲ့အခါ သစ်ပင်တွေကလည်း ဘယ်ဘက်ကို လိုက်လည်လာပြီး ကျွန်မက ဘီးကို ညာဘက်လှည့်ရင်လည်း သစ်ပင်တွေကပါ လိုက်ရွေ့လာတယ်လို့ မြင်မက် ခဲ့ပါတယ်။ နောက်တော့ ရှင့်အသံကို ကျွန်မ ကြားလိုက်ရတာပေ့ါ။*

*‘ဟန်နာ. . . ဟန်နာ. . . သစ်ပင်တွေနဲ့ မကစားနေနဲ့တော့။ အောက်*

mgyoe.com

mgyoe.com SAMPLE BOOK


*ကို ဆင်းပြီး ကိုယ်နဲ့လာတွေ့ပါလားကွာ' တဲ့လေ။*

*အဲ့ဒီတော့ ကျွန်မလည်း ဘီးကို လက်လွှတ်ပြီး အောက်တစ်ထပ်ကို ဆင်းလာတော့တာပေါ့။ ဒါပေမဲ့ ကျွန်မ ဒုံးပျံကြီးရဲ့ နောက်တစ်ထပ်ကို ရောက်တော့ ကျွန်မ ခြေထောက်တွေက တဖြည်းဖြည်း ကြီးလာတာကို တွေ့လိုက်ရပါတော့တယ်။ ကျွန်မ ခြေထောက်တွေက ကြီးလွန်းလို့ နောက်တစ်ထပ်ဆီဆင်းဖို့တောင် ခက်နေခဲ့တာပါ"*

ခြေထောက်ကြီးတွေတဲ့လား။ အိပ်မက်တွေနဲ့ ပတ်သက်လို့ ကျွန်တော်လည်း သေချာ မပြောပြနိုင်ပေမဲ့ ဟန်နာက ဂျက်စတင့်မှာလည်း ခြေထောက်ကြီးကြီးတွေ ရှိနေတယ်လို့ ထင်နေတာ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။

*"ကျွန်မလည်း တန်းတွေကိုကိုင်ပြီး အော်လိုက်ပါတယ်။*

*'ကျွန်မ ခြေထောက်တွေက ကြီးလွန်းတယ်ရှင့်။ ရှင် ကျွန်မကို ခြေထောက်ကြီးတွေနဲ့ဆိုရင်ရော တွေ့ချင်သေးလားဟင်'*

*'ကိုယ်က ခြေထောက်ကြီးတဲ့ သူတွေကို သဘောကျပါတယ်' ဆိုပြီး ရှင်က ပြန်အော်တယ်လေ။*

*'လျှောဆင်းလှေကားကနေ ဆင်းလာပြီး ကိုယ့်ကိုလာတွေ့ပါကွာ။ ကိုယ် မင်းကို အောက်ကနေ ဖမ်းထားပေးမယ်'*

*ကျွန်မလည်း လျှောဆင်းလှေကားထိပ်ကနေ လျှောချလိုက်တော့တာပေါ့။ ဒါပေမဲ့ ကျွန်မခြေထောက်တွေက ကြီးလွန်းတော့ ထင်သလောက် မြန်မြန် လျှောကျမလာဘဲ အောက်ကို တဖြည်းဖြည်းချင်း လေးကန်ဖင့်နွဲ့စွာ ပြုတ်ကျလာခဲ့ရပါတော့တယ်။ အောက်ရောက်ခါနီးတော့ ကျွန်မ ပထမဆုံး ရှင့်ခြေထောက်တွေကို သတိထားမိလိုက်တယ်လေ။ ရှင့်ခြေထောက်တွေက ကျွန်မခြေထောက်နဲ့ယှဉ်ရင် ပျောက်ကွယ်လုမတတ်ကို သေးကွေးနေပါရောလား။*

*ရှင်ကတော့ ကျွန်မကို ဆီးဖမ်းဖို့ လျှောဆင်းရဲ့ အောက်ခြေကနေ လက်မောင်းနှစ်ဖက်ကို ဆန့်တန်းပြီး စောင့်နေတော့တာပေါ့။ ကျွန်မရဲ့ ခြေထောက်ကြီးတွေက ရှင့်ခြေထောက် သေးသေးကွေးကွေးလေးတွေပေါ် မတက်နင်းမိတာဘဲ ကံကောင်းတယ်လို့ ဆိုရပါမယ်။*

*'တွေ့လား. . . ကိုယ်တို့က လိုက်ဖက်ညီတဲ့ အတွဲတွေပါကွာ' ဆိုပြီး ရှင်က ပြောရင်း ကျွန်မကို နမ်းဖို့ပြင်လိုက်ပါတော့တယ်။ ရှင့်နှုတ်ခမ်းတွေ တဖြည်းဖြည်းနဲ့ ကျွန်မ နှုတ်ခမ်းနား နီးကပ်လာ. . . ပိုပြီး နီးကပ်လာ. . . တဲ့ နောက်မှာ*

mgyoe.com

mgyoe.com
SAMPLE BOOK

တော့ ကျွန်မ အိပ်ရာကနေ လန့်နိုးသွားတော့တာပေါ့။

ကျွန်မ အဲ့ဒီလို နမ်းခါနီးဆဲဆဲ အိပ်မက်လေးကို တစ်ပတ်လုံးလုံး မက်နေခဲ့ပါတယ်။ အခုတော့ ကျွန်မ ရှင့်ကို လူကိုယ်တိုင် ပန်းခြံထဲမှာ တွေ့ရတော့မယ်လေ. . . ဂျက်စတင်။ အိပ်မက်ထဲကလို လျှောဆင်းလှေကားလေးရဲ့ အောက်ခြေမှာပေါ့။ ပြီးရင် ရှင်က ကျွန်မကို တကယ်ပဲ ကြင်ကြင်နာနာ နမ်းတော့မှာပေါ့နော်"

ဟန်နာသာ ပါတီပွဲမှာ ကျွန်တော့်ကို နမ်းခဲ့သလို ပြန်နမ်းခဲ့မယ်ဆို ဂျက်စတင်လည်း သဘောကျမှာ သေချာပါတယ်။

"ကျွန်မက ရှင့်ထက်အရင် ပန်းခြံကို ကြိုရောက်ချင်နေတာမို့ ရှင့်ကို နောက်ထပ် ၁၅ မိနစ်လောက်မှ တွေ့မယ်လို့ ပြောခဲ့တာပါ. . . ဂျက်စတင်။ ရှင် ပန်းခြံထဲကို ဝင်လာတာနဲ့ ကျွန်မက အိပ်မက်ထဲကလို ဒုံးပျံလျှောဆင်းရဲ့ အပေါ်ဆုံးထပ်မှာ တက်ထိုင်လျက်သား ဖြစ်နေချင်ခဲ့တယ်လေ။ သစ်ပင်တွေကတော့ အိပ်မက်ထဲကလို လှုပ်နေမှာ မဟုတ်ဘူးပေါ့ရှင်။

ကျွန်မက ဒုံးပျံရဲ့ အပေါ်ဆုံးထပ်ကနေ မျှော်ကြည့်လိုက်တော့ ခပ်လှမ်းလှမ်းကနေ ရှင်လမ်းလျှောက်လာတာကို တွေ့လိုက်ရပါတယ်။ ရှင်က လက်ထဲက နာရီကို ငုံ့ကြည့်လိုက် ဘေးဘီကို ကြည့်လိုက်နဲ့ လျှောက်လာခဲ့တာပေါ့။ အပေါ်ကိုတော့ ရှင် တစ်ခါမှ မော့မကြည့်ခဲ့ဘူးနော် ဂျက်စတင်။

အဲ့ဒီတော့ ကျွန်မလည်း ဒုံးပျံထိပ်ကနေ စတီယာရင်ဘီးကို ဂျိုးဂျိုးဂျောက်ဂျောက် မြည်အောင် ခေါက်လိုက်တော့မှပဲ ရှင်က နောက်ကို ခြေတစ်လှမ်းဆုတ်ပြီး အပေါ်ကို မော့ကြည့်လို့ ကျွန်မနာမည်ကို ခေါ်လိုက်ပါတော့တယ်။ ကျွန်မ အိပ်မက်ထဲကအတိုင်း အတိအကျကြီး မဟုတ်ပေမဲ့လည်း ကိစ္စတော့ မရှိပါဘူးလေ။ ကျွန်မလည်း ရှင့်ကို အပြင်မှာတွေ့ရတဲ့အခါ အိပ်မက်ထဲကလိုမျိုး သစ်ပင်တွေကလည်း လှုပ်ခတ်နေလိမ့်မယ်လို့ မထင်ထားခဲ့ပါဘူး။

'ကျွန်မ ဆင်းလာခဲ့မယ်နော်' လို့ ကျွန်မ ရှင့်ကို လှမ်းအော်လိုက်ပါတယ်။ ဒါပေမဲ့ ရှင်က ကျွန်မကို အဲ့ဒီမှာပဲ နေပါလို့ ပြန်ပြောတယ်လေ။ ရှင်က ကျွန်မရှိတဲ့နေရာဆီ တက်လာခဲ့ပါ့မယ်ဆိုပဲ။

အဲ့ဒီတော့ ကျွန်မကလည်း ပြန်ပြောတာပေါ့။

'ဟင့်အင်း. . . ကျွန်မ လျှောဆင်းလှေကားနဲ့ ဆင်းချင်လို့ပါ'

ရှင်ကလည်း ကျွန်မ အိပ်မက်ထဲက စကားအတိုင်း ပြန်ပြောပါလေရော။

'ကိုယ် မင်းကို ဆီးဖမ်းထားပေးမယ်' တဲ့လေ"

mgyoe.com

mgyoe.com SAMPLE BOOK

ဟန်နာဘိတ်ကာရဲ့ ပထမဆုံးအနမ်းက ကျွန်တော့်ထက် သာတာကိုတော့ ဝန်ခံရပါမယ်။ ကျွန်တော့်ရဲ့ပထမဆုံး အနမ်းကိုတော့ ၇ တန်းနှစ်တုန်းက အန်ဒရီရာ ဝီလီယမ်စ် ဆိုတဲ့ ကောင်မလေးဆီကနေ ကာယကစားခန်းနောက်မှာ ရခဲ့တာလေ။ သူက ကျွန်တော့်ဆီကို နေ့လယ်စာ စားချိန်မှာရောက်လာပြီးတော့ ကျောင်းဆင်းရင် လာတွေ့ဖို့နေရာကို တိုးတိုးလေး လာပြောသွားခဲ့တာပေါ့။ ကျွန်တော်ဖြင့် အဲ့ဒီ တစ်နေ့လုံးကို စိတ်တွေထကြွနေခဲ့မိတာ အမှန်ပါပဲ။

သူ ကျွန်တော့်ကို နမ်းလို့ပြီးတော့ သူ့နှုတ်ခမ်းက စတော်ဘယ်ရီ နှုတ်ခမ်း ဆိုးဆေး အရသာလေးက ကျွန်တော့်ပါးစပ်ထဲ စွဲနေခဲ့ပါတယ်။ သူကတော့ နမ်းပြီး ပြီးချင်း ထွက်ပြေးသွားတော့တာပါပဲ။ ကျွန်တော်လည်း အားကစားခန်းထဲမှာ သူ့ကို လိုက်ရှာတော့ သူ့လက်ထဲကို သူ့သူငယ်ချင်း ၂ ယောက်က ၅ ဒေါ်လာတန် ၂ ရွက်ကမ်းတာကို ကျွန်တော် မြင်လိုက်ရတာပေါ့။ ကျွန်တော်ဖြင့် ယုံတောင် မယုံနိုင်ဘူးဗျာ။ ကျွန်တော့်နှုတ်ခမ်းက ၁၀ ဒေါ်လာပဲတန်တဲ့ ကစားပွဲ သက်သက် ဖြစ်ခဲ့ရပါရောလား။

ကျွန်တော့်အနမ်းက ဆိုးနေတာလား၊ ကောင်းနေတာလားတော့ ကျွန်တော် လည်း မသိပါဘူးလေ။ ဖြစ်နိုင်တာကတော့ ဆိုးဖို့များပါတယ်။ ဒါပေမဲ့ ကျွန်တော်က တော့ အဲ့ဒီနေ့ကနေစပြီး စတော်ဘယ်ရီ နှုတ်ခမ်းဆိုးဆေး အနံ့လေးကို စွဲလမ်းခဲ့ရ ပါတော့တယ်။

*"ကျွန်မ ဒုံးပျံကြီးအောက်ကို ဆင်းလာဖို့ တွေးရင်း ပြုံးနေခဲ့ပါတယ်။ ကျွန်မ လျှောဆင်းလှေကားရဲ့ ထိပ်စွန်းလေးမှာ ထိုင်ချလိုက်တာပေါ့။ ကျွန်မ ရင်တွေ အရမ်းခုန်နေခဲ့တာ အမှန်ပါပဲရှင်။ ကျွန်မ အရင်တုန်းကနေခဲ့တဲ့ မြို့က သူငယ် ချင်းတွေဆို အလယ်တန်းကျောင်းတက်ကတည်းက ပထမဆုံးအနမ်းကို ရခဲ့ကြ တာလေ။ အခုတော့ ကျွန်မအတွက် ပထမဆုံး အနမ်းပေးမဲ့သူက အိပ်မက်ထဲက အတိုင်း အောက်မှာ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်နေပါပြီ။ ကျွန်မလုပ်ရမှာ တစ်ခုကတော့ ဒီလျှောဆင်း လှေကားလေးထိပ်ကနေ လျှောချသွားဖို့ပါပဲ။ ကျွန်မ လျှောဆင်းသွားတဲ့အချိန်က သိပ်မကြာလိုက်ပေမဲ့ ကျွန်မ ဒီအချိန်လေးကို ပြန်တွေးမိ တိုင်း အဲ့ဒီလျှောဆင်းလှေကားလေးကနေ ဆင်းလာရတဲ့ ခံစားချက်လေးကို သတိရ မိပါတယ်။*

*ကျွန်မဆံပင်တွေကလည်း လေထဲမှာပျံ့ဝဲပြီး ရှင်ကလည်း အောက်ကနေ ကျွန်မကို ဆီးဖမ်းဖို့ လက်တွေ ဆန့်တန်းထားလို့ပေါ့။ ကျွန်မ ကိုယ်တိုင်ကလည်း*

mgyoe.com

mgyoe.com SAMPLE BOOK

*ရှင့်ကို ဖက်ထားဖို့ လက်တွေကို ဆန့်တန်းထားလိုက်ပါတယ်။*

*ရှင်ကရော ကျွန်မကို နမ်းဖို့ ဘယ်အချိန်တုန်းက တွေးလိုက်တာလဲဟင်။ ရှင် ဒီပန်းခြံထဲကို လျှောက်လာရင်း တွေးလိုက်တာလား။ ဒါမှမဟုတ် ကျွန်မကို ဖက်ထားရင်း ရှင် ဒီအကြံကို ရသွားတာများလားဟင်။*

*အိုကေ. . . ကျွန်မရဲ့ ပထမဆုံးအနမ်းအကြောင်း ဘယ်သူကမှ သိချင်မယ်လို့ မထင်ပေမဲ့ ထပ်ပြောလိုက်ပါဦးမယ်။ ဂျက်စတင် ရှင်က ပြောတယ်။*

*'ဟန်နာ. . . မင်း ဟော့ဒေါ့စပ်စပ်တွေ စားထားတာလား' တဲ့လေ။*

*ရှင်က အတော်လည်း နောက်တတ်တာပဲနော်။*

*ကျွန်မ ဒီလို မှတ်မိနေရတဲ့အတွက်တော့ စိတ်မကောင်းပါဘူးရှင်။ ကျွန်မကတော့ အဲ့ဒီနေ့ကနေ စပြီးတော့ စတော်ဘယ်ရီနံ့ နှုတ်ခမ်းဆိုးဆေးကို နေ့တိုင်း ဆောင်ထားတော့တာပါပဲ။*

*အနမ်းပေးတာနဲ့ ပတ်သက်ပြီး ကျွန်မက သိပ်စိုးရိမ်နေခဲ့တာရှင့်။ ကျွန်မ သူငယ်ချင်းတွေက တချို့အနမ်းတွေဟာ ဘယ်လိုရည်ရွယ်ချက်မျိုး ဖြစ်နိုင်တယ် ဆိုပြီး ပြောတာကို ကျွန်မ ကြားဖူးထားတာကိုး။ ဒါပေမဲ့ ရှင့်အနမ်းကတော့ ကျွန်မ အတွက် အလှပဆုံးပါပဲ။ ရှင်က ကျွန်မ ပါးစပ်ထဲ လျှာအတင်းထိုးထည့်ပြီး နမ်းခဲ့တာ မဟုတ်ဘူးလေ။*

*ရှင်က ကျွန်မ တင်ပါးကို ဆွဲကိုင်ပြီး နမ်းခဲ့တာလည်း မဟုတ်ပါဘူး။ ကျွန်မတို့ နှုတ်ခမ်းချင်းသာ ထိစပ်လို့ ကြင်ကြင်နာနာနဲ့ကို နမ်းခဲ့ကြတာပေါ့။*

*အဖြစ်မှန်ကတော့ ဒါပါပဲ။*

*ဟုတ်တယ်။ ရှင် တိပ်ခွေကို ပြန်ရစ်ပြီး အခန်းကောင်းလေးတွေ ပြန်ရှာနေစရာမလိုပါဘူးရှင်။ ရှင် ဘာတစ်ခုကိုမှ လွတ်မသွားပါဘူး။ ကျွန်မ ပြောခဲ့တာတွေ အားလုံးက အဲ့ဒီညက ဖြစ်ခဲ့တဲ့ အမှန်တရား စစ်စစ်ပါ။*

*ဒါပေမဲ့ ရှင်တို့ကတော့ တခြားဇာတ်လမ်းကို ကြားခဲ့ကြတယ် မဟုတ်လား"*

ဟန်နာ့အသံကြောင့် ကျွန်တော် ကျောရိုးထဲကတောင် အေးစိမ့်သလို ခံစားလာရပါတော့တယ်။ ဟုတ်တယ်။ ကျွန်တော် သူပြောတဲ့အတိုင်း တခြားဇာတ် လမ်းကို ကြားခဲ့ပါတယ်။ ကျောင်းတစ်ကျောင်းလုံးကလူတွေလည်း အဲ့ဒီလိုပါပဲ။

*"ဒါပေမဲ့ တစ်ခုခုတော့ ထပ်ဖြစ်သွားခဲ့ပါသေးတယ်။ ဂျက်စတင်က ကျွန်မလက်ကို ကိုင်လိုက်တယ်လေ။ ကျွန်မတို့ ဒန်းစင်ရှိရာဆီ လမ်းလျှောက်သွား*

mgyoe.com

mgyoe.com SAMPLE BOOK

*ခဲ့ကြပါတယ်။ ကျွန်မတို့ ဒန်းအတူစီးခဲ့ကြတာပေါ့။ ဂျက်စတင်က ကျွန်မကို စောစောက ပြောသလိုပဲ ဆက်နမ်းခဲ့ပါသေးတယ်"*

ပြီးတော့ရော. . . ဘာဖြစ်သေးလဲ ဟန်နာ။ နင် ဘာတွေ ထပ်ဖြစ်သွားသေးလဲ။

*"ပြီးတော့ ဂျက်စတင်နဲ့ ကျွန်မ လမ်းခွဲပြီး အိမ်ပြန်လာခဲ့ကြပါတော့တယ်။ ကျွန်မ အမှန်အတိုင်း ပြောလိုက်ရတဲ့အတွက် စိတ်မရှိပါနဲ့နော်။ ရှင်တို့က ဒီ့ထက် ပိုပြီး ဆက်စီကျစရာ အကြောင်းတစ်ခုခုကို နားထောင်ချင်နေကြတာ မဟုတ်လား။ ရှင်တို့က ကျွန်မရဲ့လက်တွေ ဂျက်စတင့်ဘောင်းဘီဇစ်ပေါ် ဘယ်လိုလှုပ်ရှားခဲ့တယ်ဆိုတာ သိချင်နေကြမှန်း ကျွန်မ နားလည်ပါတယ်။*

*တကယ်တော့ ရှင်တို့ ဘယ်လို ဇာတ်လမ်းမျိုး နားထောင်ချင်နေကြမှန်းတောင် ကျွန်မ မသိတော့ပါဘူးလေ။ ကျွန်မ နားထဲကိုလည်း ဒီကိစ္စက အမျိုးမျိုး အဖုံဖုံ ဇာတ်လမ်းစုံနဲ့ ရောက်လာခဲ့ကြတာကိုး။ ကျွန်မဖြင့် ဘယ်ဇာတ်လမ်းက ရှင်တို့ကြားထဲမှာ ရေပန်းအစားဆုံးလဲဆိုတာ မသိတော့ပါဘူး။ ဒါပေမဲ့ ရှင်တို့ မကြိုက်ကြမဲ့ ဇာတ်လမ်းကိုတော့ ကျွန်မ သိပါတယ်။*

*အဲ့ဒါက အမှန်တရားလေ။ အမှန်တရားကို ရှင်တို့ မေ့မသွားကြဖို့ ကျွန်မ မျှော်လင့်ပါတယ်ရှင်"*

ဂျက်စတင်တစ်ယောက် သူ့သူငယ်ချင်းအဖွဲ့နဲ့ ကျောင်းမှာ စုရုံးစုရုံး လုပ်နေကြတာကို ကျွန်တော် မြင်ဖူးပါတယ်။ ဟန်နာ ကျောင်းထဲကို ဝင်လာတာနဲ့ သူတို့က စကားပြောတာရပ်လိုက်ကြပြီး ဟန်နာ့ကို မျက်လုံးကျွတ်ကျမတတ် ကြည့်ကြတာလည်း ကျွန်တော် သိတာပေါ့။ ဟန်နာက သူတို့နားကနေ ဖြတ်သွားတဲ့အခါ သူတို့အုပ်စုက ဝိုင်းရယ်ကြတော့တာပါပဲ။

ကျွန်တော်က ဘာလို့ ဒါတွေကို မှတ်မိနေရတာလည်းဆိုတာ အကြောင်းရှိပါတယ်။ ကျွန်တော်က ဟန်နာဘိတ်ကာကို ကတ်ရဲ့ နှုတ်ဆက်ပွဲပါတီမှာ တွေ့ပြီးကတည်းက စကားပြောဖို့ အခွင့်ကောင်းရှာနေခဲ့တာကိုး။ ဒါပေမဲ့ ကျွန်တော် သူ့ကို စကားစပြောဖို့ သိပ်ရှက်နေခဲ့တာပေါ့။

နောက်ပြီး အဲ့ဒီနေ့က ဂျက်စတင်နဲ့ သူ့သူငယ်ချင်းတွေရဲ့ အပြုအမူကို ကြည့်ပြီး ကျွန်တော် လန့်သွားမိပါတယ်။ စိတ်ထဲကလည်း ဟန်နာဘိတ်ကာ့မှာ ကျွန်တော် မသိသေးတဲ့ လျှို့ဝှက်ချက်တွေ ရှိနေဦးမယ်ဆိုတာကို ကျွန်တော် သဘောပေါက်မိလိုက်တယ်လေ။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်တော့ ဟန်နာတစ်ယောက် ပန်းခြံထဲမှာ ဘယ်လို ရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့တယ်ဆိုတဲ့ သတင်းက ကျွန်တော့်နားထဲ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကို ရောက်လာခဲ့ပါတော့တယ်။ ဟန်နာဟာ ကျောင်းသူအသစ်လည်းဖြစ်တာမို့ ဒီသတင်းတွေကို ကြားပြီးနောက်ပိုင်း ကျွန်တော် သူ့ကို လန့်သွားမိတာပေါ့။

ဟန်နာဟာ ကျွန်တော်နဲ့ မအပ်စပ်လောက်မဲ့ မိန်းကလေးပါပဲ။ ဒီလို သတင်းဟာ တကယ်သာဆို သူက ကျွန်တော့်လို လူကိုတောင် သတိထားမိမှာ မဟုတ်တာ သေချာပါတယ်။

*"ကျွန်မရဲ့ ပထမဆုံးနဲ့ အလှပဆုံး အနမ်းအတွက်တော့ ရှင့်ကို ကျေးဇူးတင်ချင်ပါတယ် ဂျက်စတင်ရယ်။ နောက်ပြီး ကျွန်မတို့ တွဲလိုက်ကြတဲ့ တစ်လအတွင်းမှာလည်း ဘယ်ပဲသွားသွား၊ ဘာပဲလုပ်လုပ် ရှင့်အနမ်းတွေက ပြောင်းလဲမသွားဘူးလေ။ ရှင်က အနမ်းပိုင်းမှာတော့ တကယ့်ကို ကျွမ်းကျင်တဲ့သူပါ။*

*ဒါပေမဲ့ နောက်တော့ ရှင်က ကြွားလုံးထုတ်လာပါရောလား။ တစ်ပတ်လောက်အထိတော့ ကျွန်မ ဘာမှ မကြားခဲ့ရသေးပါဘူး။ နောက်ဆုံးတော့လည်း တဆင့်စကား တဆင့်နားနဲ့ ဒီသတင်းတွေက ကျွန်မဆီ အစုလိုက် အပြုံလိုက်နဲ့ကို ရောက်လာခဲ့ပါတော့တယ်။ နောက်ပြီး ရှင်ကလည်း ဒီကောလာဟလတွေကို မှန်သည်၊ မှားသည် မပြောဘဲ ငြိမ်နေခဲ့တယ်လေ။*

*အခု ရှင်တို့ ဘာတွေတွေးနေမလဲဆိုတာ ကျွန်မ ခန့်မှန်းမိပါတယ်။ ကျွန်မလည်း ဒီတိပ်ခွေကို သွင်းနေရင်းနဲ့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိတယ်လေ။ အနမ်လေးတစ်ခုကြောင့်တဲ့လား။ အနမ်းလေးတစ်ခုကြောင့်ဖြစ်လာတဲ့ အတင်းအဖျင်းတွေကြောင့် ကျွန်မက အခုလို တိပ်ခွေပါ သွင်းပြီး အရာအားလုံးကို ကြံစည်နေခဲ့ရတယ်တဲ့လား။*

*မဟုတ်သေးဘူးရှင့်။ အဲ့ဒီအနမ်းကြောင့် ဖြစ်လာတဲ့ အတင်းအဖျင်းတွေက ကျွန်မရဲ့ အမှတ်တရလေးတွေကို ဖျက်ဆီးပစ်ခဲ့တာပါ။ ဒီအနမ်းကြောင့်ဖြစ်လာတဲ့ အတင်းအဖျင်းတွေက လူတွေကြားထဲမှာ ကျွန်မကို တံတွေးခွက်ထဲ ပက်လက်မျောလောက်အောင် ဖြစ်စေခဲ့တာလေ။ တစ်ခါတလေမှာ ရှင် မထင်ထားတဲ့ ကိစ္စတွေကလည်း တခြားသူအတွက်တော့ ဂုဏ်သိက္ခာ ပျက်စေလောက်မဲ့ အရာတွေအထိ ကြီးထွားသွားစေနိုင်တယ်ရှင့်။*

*အနမ်းတစ်ပွင့်ကြောင့် ဖြစ်ပေါ်လာတဲ့ အတင်းအဖျင်းတွေက ကျွန်မအတွက်တော့ အရာအားလုံးရဲ့ အစပါပဲ။ ကျွန်တဲ့ ဇာတ်လမ်းတွေ ဆက်နားထောင်ဖို့*

mgyoe.com

mgyoe.com SAMPLE BOOK

*တိပ်ခွေကို တစ်ဖက်လှည့်လိုက်ပါဦးရှင်”*

ကျွန်တော်လည်း စတီရီယိုက Stop ဆိုတဲ့ ခလုတ်လေးကို နှိပ်ဖို့ လက်ပြင်လိုက်ပါတော့တယ်။

*“ဩော် ဒါနဲ့ ဂျက်စတင်. . . ရှင် ဘယ်မှမသွားနဲ့ဦးနော်။ ရှင့်နာမည်က ဘယ်နေရာမှာ ထပ်ပေါ်လာဦးမလဲ ဆိုတာ ရှင် မယုံနိုင်အောင် ဖြစ်သွားရဦးမှာပါ”*

ကျွန်တော် ခလုတ်လေးပေါ် လက်တင်ထားရင်း တိပ်ခွေလည်နေတဲ့ တရှဲရှဲအသံကို နားထောင်နေလိုက်ပါတယ်။ ဟန်နာ့အသံ ထပ်ထွက်လာမှာကို ကျွန်တော် စောင့်နေခဲ့တာပေါ့။ ဒါပေမဲ့ တိပ်ခွေက အသံထပ်မထွက်လာတော့ပါဘူး။ ကြည့်ရတာ တိပ်ခွေတစ်ခြမ်း ပြီးသွားတဲ့ပုံပါပဲ။

ကျွန်တော် တိုနီတို့အိမ်ရောက်တော့ သူ့ရဲ့ မက်စတန်းကားလေးက အိမ်ရှေ့မှာ ပါကင်ထိုးထားတာကို တွေ့လိုက်ရပါတယ်။ ကားရှေ့ဖုံးကလည်း ပွင့်နေတဲ့အပြင် တိုနီနဲ့ သူ့အဖေက ကုန်းကုန်းကွကွနဲ့ အင်ဂျင်ကို ကြည့်နေကြတဲ့ပုံပါပဲ။ တိုနီ့အဖေက ဂွတစ်ချောင်းနဲ့ ကားထဲကို လက်လှမ်းပြီး ကြပ်နေတုန်း တိုနီကတော့ ဓာတ်မီးနဲ့ မီးထိုးပြနေလေရဲ့။

“ကား ပျက်သွားလို့လား” လို့ ကျွန်တော် သူ့ကို လှမ်းမေးလိုက်ပါတယ်။

“ဒါမှမဟုတ် အပျော်တမ်း ကားပြင်နေကြတာလား တိုနီ”

တိုနီက ကျွန်တော့်အသံကြားလို့ လှည့်ပြန်ကြည့်လိုက်တော့ သူ့လက်ထဲက ဓာတ်မီးက အင်ဂျင်ထဲပြုတ်ကျသွားတာပေါ့။

“သေလိုက်ပါတော့ကွာ”

တိုနီ့အဖေကလည်း သူ့မျက်နှာကို ဆီတွေစင်သွားတော့ ရုတ်တရက် ကိုယ်ကိုမတ်ပြီး မည်းညစ်နေတဲ့ အကျႌနဲ့ မျက်နှာကို သုတ်လိုက်ပါတယ်။

“မင်း လာနောက်နေတာလားကွ။ ကားပြင်ရတာ ဘယ်လောက် ပျော်စရာကောင်းလိုက်လဲ မင်းမှ မသိတာ. . . ” ဆိုပြီး တိုနီ့အဖေက ပြောရင်း တိုနီ့ကို ကြည့်လို့ မျက်စိတစ်ဖက် မှိတ်ပြလိုက်ပါတယ်။

“ဒီလို အချိန်မှာ တစ်ခုခုဖြစ်လာရင် ပိုတောင် ပျော်ဖို့ကောင်းတာပေါ့” လို့ သူကဆက်ပြောတော့ တိုနီက သူ့အဖေကို မျက်နှာမူန်ကုပ်ကုပ်နဲ့ ပြန်ကြည့်ပြီး ဓာတ်မီးကို ကောက်လိုက်ပါတော့တယ်။

“အဖေ. . . ဒါက ကလေး လေ။ အဖေ မှတ်မိတယ် မဟုတ်လား”

“ဒါပေါ့။ ထပ်တွေ့ရတာ ဝမ်းသာပါတယ်ကွာ” လို့ပဲ သူက ပြန်ဖြေပါ

mgyoe.com

mgyoe.com SAMPLE BOOK

တယ်။ သူက ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ဖို့တောင် မကြိုးစားခဲ့ပါဘူး။

ဒါပေမဲ့ သူ့တစ်ကိုယ်လုံး ပေနေတဲ့ ဆီတွေအရဆိုရင်တော့ သူက ကျွန်တော့်ကိုပါ ပေသွားမှာကို အားနာနေတာလို့ပဲ မှတ်ယူထားလိုက်ပါတော့တယ်။ တိုနီ့ အဖေက ကျွန်တော့်ကို မမှတ်မိခဲ့ပါဘူး။

"ဩော် အေး. . .။ ဦး မင်းကို မှတ်မိပါတယ်ကွ။ မင်း တစ်ခါကတောင် ညစာအတူ စားသွားသေးတယ် မဟုတ်လားကွ ဟေ။ မင်းက အဲ့ဒီတုန်းက ငါတို့ ရှေ့မှာ သိပ်ယဉ်ကျေးပြတဲ့ ကောင်လေး မဟုတ်လား"

ကျွန်တော် ပြုံးနေလိုက်ပါတယ်။

"အဲ့ဒီနေ့က မင်းပြန်သွားတော့ တိုနီ့အမေက ငါတို့ကိုပါ ယဉ်ယဉ်ကျေးကျေးနေကြဖို့ နားပူနားဆာ လုပ်နေတော့တာပဲကွာ"

ဟုတ်တော့လည်း ဟုတ်ပါတယ်။ သူငယ်ချင်းတွေရဲ့ မိဘတွေက ကျွန်တော့်ကို သဘောကျကြတာ များပါတယ်လေ။

"ဟုတ်တယ် အဖေ။ အဲ့ဒါ သူပဲ" ဆိုပြီး တိုနီက အဝတ်စနဲ့ လက်သုတ်ရင်း ကျွန်တော့်ကို လှမ်းမေးလိုက်ပါတော့တယ်။

"ကဲ. . . ဒါနဲ့ ဘာကိစ္စ ရှိလို့လဲ ကလေး"

သူ့မေးခွန်းက ကျွန်တော့်ခေါင်းထဲမှာ ထပ်တလဲလဲ ပြန်ကြားယောင်နေမိပါတယ်။

"ဘာကိစ္စရှိလို့လဲ" တဲ့လား။ မင်းမေးတော့လည်း ပြောပြရဦးမှာပေါ့ကွာ။ ဒီနေ့ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတဲ့ ကောင်မလေးဆီက တိပ်ခွေတစ်ပုံး ငါ့ဆီ ရောက်လာတယ်ကွ။ ကြည့်ရတာ ငါနဲ့ တစ်ခုခုတော့ ပတ်သက်နေတယ် ထင်တာပဲ။ ငါလည်း သေချာတော့ မသိသေးပါဘူးလေ။ အဲ့ဒီတော့ တိပ်ခွေတွေ နားထောင်ဖို့ မင်း ကက်ဆက်လေး ငှားပြီး နားထောင်မလို့ပေါ့ကွ။

ဒါပေမဲ့လည်း တကယ်တမ်း ကျွန်တော့်ပါးစပ်က ထွက်သွားတာက "ဘာမှ အထွေအထူး မရှိပါဘူးကွာ" တဲ့လေ။

တိုနီ့အဖေကတော့ ကျွန်တော့်ကို ကားထဲဝင်ပြီး စက်နှိုးပေးဖို့ အကူအညီ တောင်းလိုက်ပါတယ်။

"သော့ကတော့ ကားထဲမှာ တန်းလန်းပဲ ရှိတယ်ကွ"

အဲ့ဒီတော့ ကျွန်တော်လည်း ကျောပိုးအိတ်ကို ကားထဲ ပစ်ထည့်ပြီး နေရာယူလိုက်တော့တာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

"ခဏလေးနော်. . . ကလေး" လို့ တိုနီ့အဖေက သတိပေးလိုက်ပါတယ်။

"တိုနီ အဖေ့ကို ဒီဘက်နား မီးထိုးပေးစမ်းပါ"

တိုနီကတော့ ကားဘေးနားမှာ ရပ်ပြီး ကျွန်တော့်ကို စိုက်ကြည့်နေတော့တာပါပဲ။ ကျွန်တော်လည်း သူနဲ့ အကြည့်ချင်းဆုံမိတော့ ရုတ်တရက် လန့်သွားတာပေါ့။

သူကရော. . . တိပ်ခွေတွေအကြောင်း သိနေတာလား။

"တိုနီ. . ." လို့ နောက်တစ်ခါ သူ့အဖေက ထပ်အော်လိုက်ပါသေးတယ်။

"ဒီဘက်ကို မီးပြစမ်းပါဆိုကွာ"

တိုနီလည်း ကျွန်တော့်ကို စိုက်ကြည့်နေတာ ရပ်ပြီး သူ့အဖေကို မီးပြဖို့ ကိုယ်ကို ကိုင်းလိုက်ပါတော့တယ်။ ဒါပေမဲ့လည်း ကားရှေ့ဖုံးဘေးကနေ အင်ဂျင်ဆီ ဓာတ်မီးထိုးပြရင်း တိုနီက ကျွန်တော့်ကို အလွတ်မပေးဘဲ စောင့်ကြည့်နေဆဲပါ။ တကယ်လို့ တိုနီကလည်း ဒီတိပ်ခွေထဲမှာပါတဲ့သူတစ်ယောက် ဖြစ်နေခဲ့တယ်ဆိုရင်ရော. . . သူ့ဇာတ်လမ်းက ကျွန်တော့်နာမည်ရဲ့ ရှေ့ကဆိုရင် ဒီတိပ်ခွေတွေကို ကျွန်တော့်ဆီပို့တာ သူပဲ ဖြစ်ရပါမယ်။

ကျွန်တော်ကတော့ တစ်ယောက်တည်း အတွေးတွေ များနေတော့တာပေါ့။ ဒါမှမဟုတ် သူ ဘာမှ မသိတာလည်း ဖြစ်နိုင်ပါတယ်။ ကျွန်တော့်ပုံက အပြစ်ရှိသလို ပုံပေါက်နေတာမို့ တိုနီက လိုက်ကြည့်နေတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်လေ။ ကျွန်တော်လည်း ကားစက်နှိုးဖို့စောင့်နေတုန်း ကားထဲကို ဟိုဟိုဒီဒီကြည့်လိုက်တော့ ကားထဲက ကြမ်းပြင်ပေါ်မှာ ကျွန်တော် လိုချင်နေတဲ့ ကက်ဆက်လေးကျနေတာကို တွေ့လိုက်ရတာပေါ့။ ကက်ဆက်လေးက နားကြပ်ကြိုးနဲ့ ရစ်ပတ်လို့ ကြမ်းပြင်ပေါ်မှာ ရှိနေခဲ့တယ်လေ။ ဒါပေမဲ့ ကျွန်တော် တိုနီ့ကို ဘယ်လိုပြောပြီး ငှားရပါ့မလဲ။

"တိုနီ. . . ဒီမှာ ဂွကိုကိုင်ထားစမ်း။ အဖေ့ကို မင်းလက်ထဲက ဓာတ်မီးပေး" လို့ တိုနီ့အဖေ ပြောတဲ့အသံ ကျွန်တော် ကြားလိုက်ရပါတယ်။

"မင်း မီးပြတာက လှုပ်ခတ်နေတာပဲကွာ"

သူတို့နှစ်ယောက် နေရာလဲနေတုန်း ကျွန်တော် ကားကြမ်းပြင်ပေါ်က ကက်ဆက်လေးကို ကောက်ယူလိုက်ပါတော့တယ်။ ကျွန်တော်လည်း ဘာဆို ဘာကိုမှ တွေးဖို့ အချိန်မရတော့တာ အမှန်ပါ။ နောက်ပြီး ဟာစေ့စေ့ဖြစ်နေတဲ့ ဘေးကကျောပိုးအိတ်ထဲကို ကက်ဆက်လေး ခပ်မြန်မြန်ထည့်ပြီး ဇစ်ပိတ်လိုက်တော့တာ

mgyoe.com

ပေါ့။

"အိုကေ. . . ကလေး" လို့ တိုနီ့အဖေက ကျွန်တော့်ကို ပြောလိုက်ပါတယ်။

"စက်နှိုးကြည့်စမ်းပါဦးကွ"

ရှေ့စက်ဖုံး တံခါးနောက်မှာရပ်ပြီး ကားစက်နှိုးသံကို ပြုံးပြုံးကြီး ရပ်လို့ နားထောင်နေတဲ့ တိုနီ့အဖေကို ကျွန်တော် ကြည့်မိပါတယ်။ သူကတော့ သူ့အလုပ် အောင်အောင်မြင်မြင် ပြီးသွားတိုင်း ကျေနပ်နေတော့တာပါပဲ။

"ကားဆိုတာ အဲ့ဒီလို ကလိပေးမှ ကောင်းတာကွ" ဆိုပြီးတောင် သူက အင်ဂျင်ကိုကြည့်လို့ ပြောလိုက်ပါသေးတယ်။

"ကလေးရေ. . . ကားစက်သတ်လိုက်ပါဦးကွာ"

ခဏနေတော့ တိုနီက ကားရှေ့ဖုံးတံခါးကို ပြန်ပိတ်လိုက်ပါတော့တယ်။

"ကျွန်တော် ခဏနေမှ အိမ်ထဲလိုက်လာခဲ့မယ်နော် အဖေ" လို့ တိုနီက သူ့အဖေကို ပြောလိုက်တယ်လေ။ အဲ့ဒီတော့ တိုနီ့အဖေက ခေါင်းညိတ်ပြီး ပစ္စည်း ပစ္စယတွေ ထည့်ထားတဲ့ ဘူးနဲ့ စက်ဆီပေနေတဲ့ အဝတ်စတွေကို ကောက်လို့ ဂိုဒေါင်ဘက်ဆီ လျှောက်သွားတော့တာပေါ့။

ကျွန်တော်လည်း ကျောပိုးအိတ်ကိုကိုင်ပြီး ကားထဲကနေ ထွက်လာခဲ့ပါ တော့တယ်။

"ကျေးဇူးပဲကွာ" လို့ တိုနီက ကျွန်တော့်ကို ပြောလိုက်ပါသေးတယ်။

"မင်းသာရောက်မလာရင် ငါတို့ ညရောက်တဲ့အထိ ဒီကားကို ဆက်ပြင် နေရဦးမှာကွ" လို့ တိုနီက ဆိုတော့ ကျွန်တော်က ကျောပိုးအိတ်လေးကို သေချာ လွယ်လိုက်တော့တာပေါ့။

"ရပါတယ်။ ငါလည်း အိမ်ထဲမှာနေရတာ မွန်းကြပ်လို့ စိတ်ပြေလက် ပျောက် ထွက်လာတာပါ။ ငါ့အမေက ပွစိပွစိ လုပ်နေလို့လေ"

အဲ့ဒီတော့ တိုနီက သူ့အဖေ ဝင်သွားတဲ့ ဂိုဒေါင်ဘက်ဆီ အရိပ်အခြည် ကြည့်လိုက်ပါသေးတယ်။

"ပြောမနေပါနဲ့တော့ကွာ။ ငါက အိမ်စာလုပ်ဖို့ လိုနေပါတယ်ဆိုမှ အဖေ က ဒီကားကို မကလိဘဲ မနေနိုင်ဘူးဆိုလို့ ငါလည်း လာကူပေးနေရတာကွ"

ကျွန်တော်တို့ စကားပြောနေရင်း လမ်းမီးတိုင် တချို့တောင် မှိတ်တုတ် မှိတ်တုတ်နဲ့ လင်းလာကြပါတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကဲ. . . ဒါနဲ့ ကလေး။ မင်း ဘာလို့ ဒီကိုရောက်လာတာလဲ" လို့ တိုနီက ကျွန်တော့်ကို မေးလိုက်ပါတယ်။ ကျွန်တော့်မှာတော့ ကျောပိုးအိတ်ထဲက သူ့ကက်ဆက်ကို စမ်းကြည့်ရင်း ရင်တုန်နေရတော့တာပေါ့။

"ငါလည်း ဒီဘက်နားကို လမ်းလျှောက်လာရင်း မင်းကို အပြင်မှာ တွေ့လိုက်ရလို့ပါ။ အဲ့ဒီတော့ နှုတ်ဆက်လိုက်ဦးမယ်ဆိုပြီး လျှောက်လာတာလေ"

ဒါပေမဲ့ တိုနီ့အကြည့်တွေက ကျွန်တော့်ကို မသက်မသာဖြစ်စေတာမို့ ကျွန်တော်လည်း ကားဘက်ကို မျက်နှာလွှဲနေလိုက်ပါတော့တယ်။

"ငါကတော့ အခု ရှိုစီတို့ အိမ်ဘက်ကို ခဏသွားဦးမှာကွ" လို့ တိုနီက ဆက်ပြောပါတယ်။

"မင်းရော. . . ကားကြုံလိုက်ခဲ့ဦးမလား ကလေး"

"ရပါတယ်" လို့ပဲ ကျွန်တော် သူ့ကို ပြန်ဖြေလိုက်တယ်လေ။

"ရပါတယ်။ ငါ ဟိုဘက်နား လမ်းဆက်လျှောက်လိုက်ဦးမယ်" လို့ ကျွန်တော် ပြန်ဖြေတော့ တိုနီက ဘောင်းဘီအိတ်ထဲ လက်ထည့်လို့ ကျွန်တော့်ကို ပြန်မေးပါလေရော။

"မင်းက ဘယ်ကို သွားမှာလဲ ကလေး"

ဘုရားသခင်. . . တိုနီက ဟန်နာ့တိပ်ခွေထဲမှာ ပါတဲ့သူ မဟုတ်ဖို့သာ ကျွန်တော် ဆုတောင်းမိနေပါတော့တယ်။ ဒါပေမဲ့ တကယ်လို့ သူက တိပ်ခွေထဲမှာ ပါတဲ့သူဖြစ်နေခဲ့ရင်ရော. . . တိုနီက ကျွန်တော့်ထက်အရင် ဒီတိပ်ခွေတွေကို နားထောင်ဖူးပြီး ကျွန်တော် ဘယ်သွားမယ်ဆိုတာကို ကြိုသိနေတယ်ဆိုရင်ရော ကျွန်တော် ဘာလုပ်ရပါမလဲ။ ပိုဆိုးတာကတော့ တိုနီဟာ ကျွန်တော့်နောက်မှ ဒီတိပ်ခွေတွေရမဲ့သူ ဖြစ်နေခဲ့ရင် ဆိုတာပါပဲ။ တကယ်လို့ ကျွန်တော်ထင်နေတာသာ အမှန်ဖြစ်ခဲ့မယ်ဆိုရင် တိုနီက အခု ကျွန်တော့် အမူအရာတွေကို မှတ်မိနေမှာ သေချာပါတယ်။ တိုနီက သူ့ကို ကျွန်တော် ကြိုတင်သတိမပေးခဲ့တဲ့အတွက် ကျွန်တော့်အပေါ် စိတ်ခုသွားနိုင်ပါတယ်။

"ဘယ်မှ မဟုတ်ပါဘူးကွာ" လို့ပဲ ကျွန်တော် ပြန်ဖြေခဲ့ပါတယ်လေ။ ကျွန်တော်လည်း ဘာမှ အထွေအထူးမရှိတာကို သက်သေပြဖို့ ဘောင်းဘီအိတ်ထဲ လက်ထည့်ပြီး အေးအေးဆေးဆေး ရှိတဲ့ ပုံဖမ်းလိုက်တော့တာပေါ့။

"ကဲ. . . အဲ့ဒါဆို မင်းကို မနက်ဖြန် ကျောင်းမှာပဲ တွေ့တာပေါ့ကွာ"

တိုနီ ဘာမှတော့ ဆက်မပြောတော့ပါဘူး။ သူက ကျွန်တော် လှည့်ထွက်

mgyoe.com

mgyoe.com
SAMPLE BOOK

သွားတာကိုသာ ကြည့်နေခဲ့ပါတော့တယ်။ ကျွန်တော်ကတော့ အနောက်ကနေ တိုနီများ "ဟေး. . . ငါ့ကက်ဆက် ဘယ်ရောက်သွားလဲကွ" ဆိုပြီး လှမ်းအော်လေမလားလို့ စိုးရိမ်နေမိပါသေးတယ်။ ကံကောင်းချင်တော့ တိုနီ့ဆီက ဘာအသံမှ မကြားခဲ့ရဘူးလေ။

ကျွန်တော် လမ်းမရဲ့ ညာဘက် ပလက်ဖောင်းပေါ်ကနေ လမ်းဆက်လျှောက်လာခဲ့ပါတယ်။ ကျွန်တော့်အနောက်ကနေတော့ ကားစက်နှိုးတဲ့အသံနဲ့ လမ်းနဲ့ တာယာပွတ်တိုက်ပြီး ကားမောင်းထွက်လာတဲ့ အသံတွေကို ကြားလိုက်ရတာပေါ့။ ပြီးတော့ တိုနီက ကားကို အရှိန်မြှင့်ပြီး လမ်းကွေ့ထဲ ချိုးဝင်သွားပါတော့တယ်။

အဲ့ဒီတော့မှ ကျွန်တော်လည်း လမ်းလျှောက်နေရင်းကနေ ကျောပိုးအိတ်ကို ဘေးတစောင်းချပြီး ကက်ဆက်လေးကို ဆွဲထုတ်လိုက်တာပေါ့။ ပြီးတော့ ကျွန်တော် ကက်ဆက်ကို ပတ်ထားတဲ့ နားကြပ်ကြိုးကိုဖြေပြီး အဝါရောင် နားကြပ်ကို လည်ပင်းမှာ စွပ်ချလိုက်ပါတယ်။ နားကြပ်ကိုင်းကွေးဖျားက စပီကာသေးသေးလေး နှစ်ခုက ကျွန်တော့် နားရွက်ကို ထိစပ်နေပါတော့တယ်။

ကျွန်တော့် ကျောပိုးအိတ်ထဲမှာတော့ တိပ်ခွေ ၄ ခု ပါလာခဲ့ပါတယ်။ ကျွန်တော် ဒီမှာလမ်းလျှောက်ရင်း ဒီတိပ်ခွေထဲက ၂ ခုလောက်ကိုတော့ နားထောင်လို့ ပြီးကောင်းပါရဲ့။ ကျန်တဲ့ တိပ်တွေကိုတော့ ကျွန်တော် အိမ်မှာပဲ ထားခဲ့တာပေါ့။ ကျွန်တော် ကျောပိုးအိတ်က အိတ်အသေးလေးကို ဇစ်ဖွင့်ပြီး အထဲက တိပ်ခွေ ၁ ကို ထုတ်လိုက်ပါတယ်။ ပြီးတော့ ကျွန်တော် ကက်ဆက်ထဲကို အချပ် ဘီ ဘက်လှည့်ကာထည့်ပြီး အဖုံးပြန်ပိတ်လိုက်ပါတော့တယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ကက်ဆက် (၁)၊ အချပ် (ဘီ)

*"ပြန်လည်ကြိုဆိုလိုက်ပါတယ်ရှင်။ ကျွန်မနဲ့အတူ အပိုင်း ၂ ကို ဆက်ပြီး နားထောင်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"*

ကျွန်တော် ကက်ဆက်လေးကို ဂျက်ကတ်အင်္ကျီရဲ့ အိတ်ကပ်ထဲ ထိုးထည့်ပြီး အသံချဲ့လိုက်ပါတယ်။

*"ရှင်က ဒီအပိုင်းကို ဆက်နားထောင်နေတယ်ဆိုရင်တော့ အခု ကျွန်မ ပြောပြမဲ့ကိစ္စ ၂ ခုထဲက တစ်ခုခုကတော့ သေချာနေပြီရှင့်။*

*(၁) ရှင်ကသာ ဂျက်စတင်ဖြစ်မယ်ဆို ရှင်က ရှင့်အကြောင်းတွေကြားပြီးတော့ နောက်ထပ် ဘယ်သူများ လာဦးမလဲဆိုတာ သိချင်နေလိမ့်မယ်။*

*(၂) ရှင်က ဂျက်စတင်မဟုတ်ခဲ့ရင်တော့ ရှင့်အကြောင်းရော ဘယ်တိပ်မှာ ပါလာမလဲဆိုပြီး စောင့်နေတဲ့သူ ဖြစ်ပါလိမ့်မယ်"*

ကျွန်တော့်ဆံပင်တွေထဲတောင် ချွေးသီးချွေးပေါက်တွေ စိမ့်ထွက်လာရတဲ့အထိ ကျွန်တော် စိတ်လှုပ်ရှားနေမိပါတယ်။

*"ကဲ. . . အခု အလှည့်ကျတာကတော့ အဲလက်စ် စတန်းဒေါ ပါတဲ့ရှင်"*

ဟန်နာ့အသံကို ကြားပြီး နားထင်ကနေ စီးကျလာတဲ့ ချွေးစက်ကို ကျွန်တော် လက်နဲ့ သပ်လိုက်ပါတော့တယ်။

*"ရှင်လည်း ဒီစာရင်းထဲ ဘာလို့ပါနေရတယ်ဆိုတာ ရှင် နားမလည်နိုင်*

mgyoe.com

mgyoe.com SAMPLE BOOK
*ဖြစ်နေမှာကို ကျွန်မ သဘောပေါက်ပါတယ် အဲလက်စ်။ ရှင်ကတော့ ရှင့်ကိုယ်ရှင် လူကောင်းလေးပဲလို့ ထင်နေမှာပေါ့နော်။ ဟုတ်တယ် မဟုတ်လား။*

*ရှင်က ကျောင်းသူအသစ်တွေကြားထဲမှာ ကျွန်မက တင်ပါးအလှဆုံး ဆိုပြီး မဲပေးခဲ့သေးတယ်နော်။ ဘယ်မိန်းကလေးကရော အဲ့ဒီလို သတ်မှတ်ခံရတာကို မကြိုက်ဘဲ ရှိပါ့မလဲ။*

*ဒါပေမဲ့ ကျွန်မ ပြောတာကို ရှင်နားထောင်စမ်းပါဦး အဲလက်စ်"*

ကျွန်တော် လမ်းဘေးပလက်ဖောင်းပေါ်ကို ထိုင်ချလိုက်တော့တာပေါ့။ ကျွန်တော့်ခြေထောက်နားမှာတော့ ပလက်ဖောင်းကြားထဲကနေ ထိုးထွက်နေတဲ့ မြက်တွေက ဟိုတစ်ကွက် ဒီတစ်ကွက် ရယ်ပါ။ နေဝင်ခါစလောက်ပဲ ရှိသေးတယ် ဆိုပေမဲ့ လမ်းဘေးမီးတိုင်တွေကတော့ တဖြည်းဖြည်းနဲ့ အလင်းရောင် ထင်ထင် ရှားရှား လင်းလာကြပါပြီ။

*"အဲလက်စ်ရေ ပထမဆုံးအနေနဲ့ ကျွန်မက ပေါပေါပဲပဲ ကောင်မလေး တစ်ယောက်လို့ပဲ ရှင်ထင်နေခဲ့ရင် . . . ကျွန်မက အရေးမကြီးတဲ့ ကိစ္စအသေး အမွှားလေးတွေကို သိပ်ဂရုစိုက်တတ်တဲ့ ခပ်ကြောင်ကြောင် ကောင်မလေးလို့ ရှင် ထင်နေခဲ့မယ်ဆိုရင် . . . ဒီတိပ်တွေကို ရှင် နားမထောင်လည်း ရပါတယ်။ ဒီတိပ်ခွေ ဒုတိယခြမ်းက ရှင့်အကြောင်းပါ။ ဒီမြို့ကလူတွေ ကျွန်မ တင်ပါးက ဘယ်လိုအနေ အထားရှိတယ်ဆိုတာသိလည်း ရှင့်အတွက်တော့ အထွေအထူး ကိစ္စမဟုတ်ဘူးလို့ ရှင် ထင်နေခဲ့တာ မဟုတ်လား"*

ကျွန်တော်ရောက်နေတဲ့လမ်းထဲက အိမ်တွေတချို့ကတော့ ညစာတောင် စားသောက်ပြီးစီးနေကြလောက်ပါပြီ။ ကျွန်တော့်အိမ်မှာလည်း အဖေနဲ့ အမေတို့ ညစာ စားပြီးလောက်ပြီ ထင်ပါရဲ့။ ဒါမှမဟုတ် သူတို့တွေ ပန်းကန်ခွက်ယောက်တွေ ပါ ဆေးကြောပြီးလို့ လုပ်စရာရှိတာတွေ ဆက်လုပ်နေကြရောပေါ့။

ဒီမိသားစုတွေအတွက်ကတော့ အရာရာက ပုံမှန်ဖြစ်နေဆဲပါ။

*"ဒါပေမဲ့ ကျွန်မအကြောင်းကို စိတ်ဝင်စားကြမဲ့ သူတွေက ဘယ်သူတွေလဲ ဆိုတာကိုတော့ ကျွန်မ ပြောပြလို့ရတယ်ရှင့်။ အထူးသဖြင့် ဒီတိပ်ခွေတွေ ပေါက်ကြား သွားတဲ့အခါ အင်မတန် စိတ်ဝင်စားလာကြမယ့် လူတွေပေါ့ရှင်။*

*ကဲ . . . အဲ့ဒီတော့ ကျွန်မတို့ ဇာတ်လမ်းလေးကို ဆက်လိုက်ကြတာ ပေါ့ရှင်"*

ကျွန်တော် ပလက်ဖောင်းပေါ်ထိုင်နေရင်း ခြေထောက်နှစ်ဖက်ကို စုပြီး
mgyoe.com

mgyoe.com SAMPLE BOOK
ဖက်ထားကာ ခေါင်းငုံ့နေလိုက်ပါတယ်။

"ရှင့်လက်ထဲက အဲ့ဒီစာရင်းထွက်လာတဲ့နေ့တုန်းက ကျွန်မက အတန်းချိန် ၂။ အခန်းထဲမှာ ထိုင်နေခဲ့တာလေ။ မစ္စ စထရမ်ကို ကြည့်ရတာ ပြီးခဲ့တဲ့ ပိတ်ရက်က အတော်လေးပျော်ခဲ့တဲ့ပုံပါပဲ။ သူက အဲ့ဒီနေ့ အတန်းထဲမှာ သင်ဖို့ စာကိုတောင် ကြိုပြင်မလာခဲ့ပါဘူး။

သူက အတန်းထဲမှာ ကျွန်မတို့ကို ပျင်းစရာကောင်းတဲ့ မှတ်တမ်းဗီဒီယို တွေ ထိုင်ကြည့်ခိုင်းခဲ့တာပေါ့။ ကျွန်မတို့ ဘာအကြောင်း ကြည့်ခဲ့တာလဲဆိုတာ တော့ ကျွန်မလည်း မမှတ်မိတော့ပါဘူးရှင်။ ဒါပေမဲ့ အဲ့ဒီ ဗီဒီယိုထဲက နောက်ခံ စကားပြောတဲ့လူကတော့ ဗြိတိသျှအသံထွက်ဝဲဝဲနဲ့ ပြောတာကိုတော့ ကျွန်မ သတိရ ပါတယ်။ နောက်ပြီး ကျွန်မ အဲ့ဒီဗီဒီယိုကြည့်နေရင်း အိပ်ပျော်မသွားအောင် ကျွန်မ ထိုင်တဲ့ခုံမှာ ကပ်နေတဲ့ တိပ်ပိုင်းလေးကို ကုတ်ခွာနေတာကိုလည်း သတိရပါသေး တယ်။ ကျွန်မအတွက်တော့ အဲ့ဒီနောက်ခံစကားပြောနေတဲ့ အသံကိုက နားငြီး စရာကြီး ဖြစ်နေခဲ့တာပေါ့ရှင်။

အမှန်တိုင်းပြောရမယ်ဆိုရင်တော့ အဲ့ဒီနောက်ခံစကားပြောသံအပြင် ကျွန်မ နောက်က တီးတိုးပြောသံတွေလည်း ပါတာပေါ့။

အသံတွေကြားလို့ ကျွန်မခေါင်းထောင်ကြည့်လိုက်တာနဲ့ ချက်ချင်း ဆိုသလို ရပ်သွားကြပါတယ်။ ကျွန်မဘက်ကို လှမ်းကြည့်နေကြတဲ့ မျက်လုံးတွေက လည်း ရုတ်ခြည်းဆိုသလို လွှဲသွားကြတာပေါ့။ ဒါပေမဲ့ ကျွန်မဘေးက လူတွေ အချင်းချင်း စာရွက်ပိုင်းလေးတွေ လက်ဆင့်ကမ်းနေတာကို ကျွန်မ မြင်လိုက်ရတယ် လေ။ စာရွက်ကလေးတစ်ရွက်က အဟန်းထဲမှာ တစ်ယောက်တစ်လက်ဆီ ကမ်းရင်း အတန်းထဲကို လှည့်ပတ်ပြီး သွားနေတော့တာပေါ့။ နောက်ဆုံးတော့ အဲ့ဒီစာရွက် လေးက ကျွန်မ နောက်မှာထိုင်တဲ့ ဂျင်မီလောင်းရဲ့ခုံကို ရောက်လာပါတော့တယ်။ အဲ့ဒီတော့ ဂျင်မီက ထိုင်ရာကထပြီး ကျွန်မကို ငုံ့ကြည့်လိုက်ပါတယ်။

ဒါနဲ့ အဲ့ဒီနေ့က အတန်းထဲမှာ ရှိနေတဲ့သူတွေကို ကျွန်မ မေးခွန်းတစ်ခု တောင် မေးလိုက်ချင်ပါသေးတယ်။ ဂျင်မီက ကျွန်မ ခုံနောက်ကို ငုံ့ကြည့်နေခဲ့တာ မဟုတ်လား။ ကျွန်မ သူဘာလုပ်လိုက်လဲဆိုတာ သေချာမသိလိုက်ပေမဲ့ ဂျင်မီ့ ပါးစပ်က 'ဟုတ်တာပေါ့ကွာ' ဆိုပြီး ပြောတဲ့အသံကိုပဲ ကြားလိုက်ရပါတယ်"

ကျွန်တော် ဟန်နာ့အသံကို နားထောင်နေရင်းက ခြေထောက်နှစ်ဖက်ကို ပိုပြီး တင်းကျပ်အောင် ဖက်ထားလိုက်တာပေါ့။ ဂျင်မီက သောက်ရူးကောင်ပဲ။
mgyoe.com

mgyoe.com SAMPLE BOOK

*"နောက်တော့ တစ်ယောက်ယောက်က ထပ်ပြီး တီးတိုး ထပ်ပြောလိုက်ပါသေးတယ်။*

*'ဟော့ကောင်. . . သောက်ရူးဂျင်မီ' တဲ့လေ။ ကျွန်မလည်း ဘေးဘီကို ဝဲကြည့်ပြီး မေးလိုက်ပါတယ်။*

*'ဘာတွေ ဟုတ်နေကြတာလဲဟင်"*

*မိန်းကလေးတိုင်းကို မထိခလုတ် ထိခလုတ် စတတ်တဲ့ ဂျင်မီက ကျွန်မကို ပြုံးစေ့စေ့နဲ့ ကြည့်ပြီး သူ့ခုံပေါ်က စာရွက်ကို ပြန်ကြည့်လိုက်ပါတယ်။ အဲ့ဒီအချိန်မှာ တစ်တန်းလုံးဆီက 'သောက်ရူး ဂျင်မီ' ဆိုတဲ့ အသံက ထပ်ထွက်လာပြန်ပါရော။ ကြည့်ရတာ သူတို့က ကျွန်မကို သူတို့ဆွေးနွေးနေကြတဲ့ ကိစ္စထဲ မပါစေချင်ဘူး ထင်ပါတယ်လေ"*

သမိုင်းအတန်းရောက်လို့ ကျွန်တော့်လက်ထဲ အဲ့ဒီစာရင်းရောက်တော့မှ ကျွန်တော်လည်း စာရွက်ပေါ်မှာ ကျွန်တော် မသိတဲ့ နာမည်တချို့ပါနေတာကို တွေ့လိုက်ရပါတယ်။ ဒီလူတွေက ကျွန်တော်နဲ့ မတွေ့ဖူးသေးတဲ့သူတွေလား၊ ဒါမှမဟုတ် ကျွန်တော်ပဲ နာမည်နဲ့ လူနဲ့ တွဲပြီး မမှတ်မိသေးတဲ့သူတွေလား မပြောတတ်ပါဘူး။ ဒါပေမဲ့ ဟန်နာ့ကိုတော့ ကျွန်တော် သိပါတယ်။ ကျွန်တော် ဟန်နာဘိတ်ကာဆိုတဲ့ နာမည်ကို တွေ့တော့ ရယ်မိပါသေးတယ်။ သူက ကျောင်းသူအသစ်ဆိုပေမဲ့ အချိန်ခဏလေးနဲ့တင် ပေါ်ပြူလာဖြစ်အောင် လုပ်တတ်တယ် မဟုတ်ပါလား။ အခုမှ ကျွန်တော်သိလိုက်ရတဲ့ အမှန်တရားကတော့ ဟန်နာ နာမည်ကြီးလာရတာဟာ ဂျက်စတင် ဖိုလေရဲ့ စိတ်ကူးယဉ်ဇာတ်လမ်းတွေကြောင့် ဆိုတာပါပဲ။

*"ကျွန်မလည်း ဂျင်မီ့ခုံပေါ်က စာရွက်ကို သမင်လည်ပြန်အနေအထားနဲ့ လှည့်ဖတ်လိုက်ပါတယ်။ စာရွက်ပေါ်က ခေါင်းစဉ်ကတော့ 'အလန်းဆုံး ကျောင်းသူသစ်များနှင့် ပုံအတုံးဆုံး ကျောင်းသူသစ်များ စာရင်း' တဲ့လေ။*

*ဂျင်မီက ခုံပေါ်ကို အားရပါးရ ပြန်ထိုင်လိုက်ချလိုက်တော့ အသံ ခပ်ကျယ်ကျယ် ထွက်သွားပါလေရော။ အဲ့ဒီအချိန်မှာ မစ္စ စထရမ် ကျွန်မတို့ဘက် လျှောက်လာနေပြီဆိုတာ ကျွန်မ သိလိုက်ပါတယ်။ ဒါပေမဲ့ ကျွန်မ သူလာနေတာကို ဂရုမစိုက်နိုင်ဘဲ ဂျင်မီ့ခုံပေါ်က စာရွက်ထဲမှာ ကျွန်မ နာမည် ပါ၊မပါကို အသည်းအသန် ရှာနေမိခဲ့တယ်လေ။ ကျွန်မ နာမည်က ဘာလို့ အဲ့ဒီစာရင်းထဲမှာ ပါနေရသလဲ ဆိုတာကို ကျွန်မ ဂရုမစိုက်နိုင်ခဲ့ပါဘူး။ သူတို့က ကျွန်မအကြောင်းကို ကျွန်မ မသိအောင် ဆွေးနွေးနေကြတယ်ဆိုတဲ့ ခံစားချက်က ကျွန်မရင်ထဲ မဖော်ပြတတ်*

mgyoe.com

mgyoe.com SAMPLE BOOK

*အောင်ကို အူလှိုက်သည်းလှိုက်နဲ့ကို ဖြစ်နေရတော့တာပါပဲရှင်။ နောက်ပြီး မစ္စ စထရမ် တစ်ယောက် ဂျင်မီ့ခုံက စာရွက်ကို မကောက်ကိုင်နိုင်ခင် ကျွန်မနာမည် ပါသလားဆိုတာ အသည်းအသန်ရှာနေရတဲ့ ကျွန်မခမျာ အရူးတစ်ယောက်လိုကို ခံစားနေရတော့တာပါ။*

*ကျွန်မ နာမည်ဘယ်မှာပါလဲ။ ဟော. . . တွေ့ပြီ။ ကျွန်မ နာမည်ကို ဂျင်မီ့စာရွက်ပေါ်မှာ တွေ့လိုက်ရပါပြီရှင်"*

အဲ့ဒီနေ့က ဟန်နာ့ကို လျှောက်လမ်းမှာတွေ့တော့ ကျွန်တော် သူ့နောက်ပိုင်းကို လိုက်ကြည့်မိခဲ့တာကို ဝန်ခံရပါမယ်။ အတန်းထဲကကောင်တွေ ပြောတာ အမှန်ပါပဲ။ ဟန်နာက နောက်ပိုင်းလှတဲ့ မိန်းကလေးဆိုတာ အသေအချာပါပဲလေ။

*"မစ္စ စထရမ်လည်း ဂျင်မီ့လက်ထဲက စာရွက်ကို ဆွဲယူသွားတော့ ကျွန်မ ကြောက်ကြောက်လန့်လန့်နဲ့ ရှေ့ပြန်လှည့်နေလိုက်ပါတော့တယ်။ နောက်ထပ် မိနစ် အနည်းငယ်လောက်ကြာတော့ ကျွန်မ အားခဲပြီး ဘေးဘီကို တစ်ချက် ကြည့်လိုက်ပါတယ်။ ကျွန်မ ထင်တဲ့အတိုင်းပါပဲ။ ဂျက်စီကာ ဒေးဗစ်က ကျွန်မကို စိတ်ဆိုးမာန်ဆိုးနဲ့ ကြည့်နေပါလေရော။*

*ဘာလို့ဆို ကျွန်မနာမည်ဘေးက တခြားအကွက်ထဲမှာ သူ့နာမည်က လည်း ပါနေခဲ့တာကိုး။ ဂျက်စီကာက ကျွန်မဘက်ကို စူးစူးဝါးဝါးလှမ်းကြည့်ပြီး လက်ထဲက ခဲတံနဲ့ မှတ်စုစာအုပ်ကို ပုတ်နေလိုက်တာ မော့စ်ကုဒ်သင်္ကေတနဲ့ လှမ်းပြီး သတင်းပို့နေတဲ့အတိုင်းပါ။*

*ဒါမှမဟုတ် ကျွန်မဘာသာ လျှောက်တွေးနေမိတာများလား။ မော့ကုဒ် သင်္ကေတ ကို နားမလည်တာဘဲ တော်ပါသေးတယ်။*

*အမှန်တော့ ဂျက်စီကာ ဒေးဗစ်က ကျွန်မထက်စာရင် အများကြီး ပိုလှတဲ့ မိန်းကလေးပါ။ သူ့ခန္ဓာကိုယ်အလှကို တစ်ချက်ချင်းစီ လိုက်ပြီး စစ်ဆေးကြည့်ကာ အမှတ်ပေးမယ်ဆို ဂျက်စီကာက ကျွန်မထက် အသာကြီး အမှတ်ရမှာ ကျိန်းသေပါ တယ်"*

ငါကတော့ နင့်စကားကို ငြင်းရလိမ့်မယ် ဟန်နာရေ။ ငါ့အတွက်တော့ နင်က အလှဆုံးပါဟာ။

*"ဒီရူးကြောင်ကြောင် စာရင်းကိစ္စက အပြောင်အပြက်ပဲဆိုတာ လူတိုင်း လည်း သိကြပါတယ်။ ဘယ်သူကမှလည်း အရေးတယူထားပြီး ဟုတ်,မဟုတ်ကို လိုက်ကြည့်နေကြတာမှ မဟုတ်တာ။ နင့်ရဲ့ စာရင်းထဲမှာ ဂျက်ဆီကာ့ နာမည်*

mgyoe.com

mgyoe.com SAMPLE BOOK

*ပါနေခဲ့တာကိုလည်း ဘယ်သူမှ သတိမထားမိဘူးထင်ပါရဲ့ အဲလက်စ်ရယ်။*

*ဘယ်သူမှ ဂျက်ဆီကာ့နာမည်ကို သတိမထားမိပေမဲ့ ရှင်ရယ်၊ ကျွန်မရယ်၊ ဂျက်ဆီကာရယ်ကတော့ အသေအချာကို သတိထားမိခဲ့ကြတာပေါ့လေ။ နောက်ပြီး ဒီကိစ္စကို သတိထားမိကြတဲ့ တခြားသူတွေလည်း ရှိပါသေးတယ်။ ရှင် မကြာခင် သိလာရတော့မှာပါ။*

*လူတချို့ကတော့ ရှင်က ကျွန်မကို နောက်ပိုင်းအလှဆုံးမိန်းကလေးလို့ မဲပေးခဲ့တာ မှန်တယ်လို့ ထင်ကောင်း ထင်နေခဲ့ကြမှာပေါ့ဟာ။ အမှန်တိုင်း ပြောရမယ်ဆို ကျွန်မကတော့ မထင်ဘူး။ တကယ်တော့ ဟန်နာဘိတ်ကာဟာ တင်အလှဆုံးမိန်းကလေးရယ်ပါလို့ ရှင်မဲပေးခဲ့တာက စိတ်ထဲကပါလို့ မဟုတ်ဘဲ လက်တုံ့ပြန်လိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာမဟုတ်လား အဲလက်စ်"*

ကျွန်တော် ပလက်ဖောင်းကြားမှာ ကပ်ပေါက်နေတဲ့ မြက်ပင်တွေကို ဆွဲနုတ်ပြီး မတ်တတ် ထရပ်လိုက်ပါတယ်။ ပြီးတော့ ကျွန်တော် လမ်းလျှောက်နေရင်းနဲ့ လက်ထဲက မြက်ပင်အဆုပ်လိုက်ကြီးကို တစ်မျှင်မှမကျန်တဲ့အထိ လက်ချောင်းတွေကြားမှာ ပွတ်သပ်နေခဲ့မိတော့တာပေါ့။

*"ဒါပေမဲ့ ဒီတိပ်ခွေက ရှင့်လုပ်ရပ်အကြောင်းကို ပြောပြဖို့အတွက်တော့ မဟုတ်ပါဘူး အဲလက်စ်။ ရှင့်လုပ်ရပ်အကြောင်း နည်းနည်းတော့ ပါပါတယ်လေ။ တကယ်တော့ ဒီတိပ်ခွေဟာ ရှင့်ရဲ့ ရူးကြောင်ကြောင် စာရင်းထဲမှာ ပါသွားခဲ့တဲ့အတွက် ကျွန်မအပေါ် လူတွေ ဘယ်လို အမြင်ပြောင်းလဲသွားသလဲဆိုတာ ပြောပြဖို့ပါ။ ဒီတိပ်ခွေက. . . "*

ဟန်နာ စကားပြောနေရင်းနဲ့ ခဏရပ်သွားပါတယ်။ ကျွန်တော်လည်း ဂျက်ကတ်အင်္ကျီက အိတ်ကပ်ထဲကို လက်နှိုက်ပြီး ကက်ဆက်အသံကို ကျယ်လိုက်တာပေါ့။ ကက်ဆက်ထဲက အသံအရတော့ ဟန်နာက စာရွက်လိပ်ကို ဖြန့်နေတဲ့ ပုံပါပဲ။

*"ဟုတ်တယ်။ ဒီတိပ်ခွေထဲမှာ ပါဝင်လာခဲ့ကြတဲ့ ဇာတ်လမ်းတွေ၊ လူတွေအားလုံးရဲ့ အကြောင်းအရင်းကို ကျွန်မ သိလိုက်ရပါပြီ။ အဲ့ဒါက ဘာလို့ ရှင်ထင်လဲ။ အဖြစ်မှန်ကတော့ ရှင်သာ ကျွန်မကို အဲ့ဒီစာရင်းထဲ မထည့်ခဲ့ဘူးဆိုရင် ဒီလိုကိစ္စတွေ တစ်ခုမှ ဖြစ်လာစရာမရှိဘူးဆိုတာပဲ အဲလက်စ်။ ရှင် အံ့သြသွားတယ် မဟုတ်လား။*

*အဲ့ဒီအချိန်တုန်းက ရှင်က ဂျက်ဆီကာ့နာမည်ကို ပြိုင်ပြီး ထည့်ရေးပေးဖို့ မိန်းကလေးတစ်ယောက်နာမည်ကို လိုနေခဲ့တာလေ။ နောက်ပြီး ဂျက်စတင့်ကိစ္စနဲ့*

mgyoe.com

mgyoe.com SAMPLE BOOK

*နာမည်ပျက်စာရင်းဝင်ဖို့ တာဆူနေတဲ့ ကျွန်မနာမည်က ရှင့်အတွက်တော့ အကောင်းဆုံးသော ရွေးချယ်မှု ဖြစ်ခဲ့တာပေါ့. . . ဟုတ်တယ် မဟုတ်လား။*

*ကြည့်ပါလား။ ဘာမဟုတ်တဲ့ ကိစ္စလေးကနေ ကိစ္စကြီးတွေ ဖြစ်လာကုန်ပြီလေ။ ရှင့်ရဲ့ ကောင်းမှုပေါ့ ဂျက်စတင်ရယ်"*

အဲလက်စ်ရဲ့ စာရင်းက အပြောင်းအပြက်တစ်ခု သက်သက်ရယ်ပါ။ ရယ်စရာမကောင်းတဲ့ အပြောင်းအပြက်ဆိုပေမဲ့ သူကိုယ်တိုင်လည်း လူတစ်ယောက်ရဲ့ ဘဝကို အခုလောက်ထိ ထိခိုက်သွားစေမယ်လို့ မထင်ထားမှာ သေချာပါတယ်။

ဒါဆို ကျွန်တော်ကရော. . . ကျွန်တော်ကရော ဟန်နာ့ကို ဘာလုပ်ခဲ့မိပါလဲ။ ကျွန်တော် ဟန်နာ့ကို စိတ်ဒဏ်ရာရအောင် ဘာလုပ်ခဲ့မိပါလဲ။ ကျွန်တော်ကတော့ အခုထိ ကျွန်တော် သူ့အပေါ် ဘာလုပ်မိခဲ့သလဲဆိုတာ လုံးဝ မသိသေးပါဘူး။

နောက်ပြီး ဒီကိစ္စတွေကို လူတွေသိသွားခဲ့ရင်ရော သူတို့တွေက ကျွန်တော့်ကို ဘယ်လိုထင်ကြပါမလဲ။ အားလုံးထဲက အနည်းဆုံးတော့ လူနှစ်ယောက်က ကျွန်တော် ဘာလုပ်ခဲ့လဲဆိုတာ သိနေမှာ အသေအချာပါပဲ။ သူတို့ နှစ်ယောက်ကရော အခုဆို ကျွန်တော့်ကို တစ်မျိုးမြင်နေကြပြီလား။

သူတို့ ကျွန်တော့်ကို တစ်မျိုးမြင်နေလို့ မရပါဘူး။ ကျွန်တော်က သူတို့လို ဟန်နာ့ကို နာကျင်အောင်လုပ်ထားတာမှ မဟုတ်တာ။ ကျွန်တော်ဟာ ဒီစာရင်းထဲမှာ မပါသင့်ဘဲ ပါနေရတဲ့ သူပါပဲ။ ကျွန်တော် လုံးဝအမှားမလုပ်ထားတာ သေချာပါတယ်။

*"ဩော် ဒါနဲ့ သေချာအောင် ထပ်ပြောထားလိုက်ဦးမယ်။ ဒီတိပ်ခွေထဲက ကိစ္စက ရှင်ဘာဖြစ်လို့ လုပ်ခဲ့ရတယ်ဆိုတဲ့ ကိစ္စအကြောင်းပြောမှာ မဟုတ်ပါဘူး အဲလက်စ်။ ဒီတိပ်ခွေက ရှင့်လုပ်ရပ်ကြောင့် ဂယက်ရိုက်ခတ်ရလာခဲ့တဲ့အကြောင်းပါ။ အတိအကျပြောရမယ်ဆိုရင်တော့ ကျွန်မဘဝကို ရိုက်ခတ်လာတဲ့ ဂယက်ပေါ့ရှင်။ တိပ်ခွေထဲက ကိစ္စတွေက ရှင် ကြိုတင်ကြံစည်မထားတဲ့ ကိစ္စသေးသေးလေးတွေရဲ့ အကျိုးဆက်လို့ပဲ ဆိုရပါမယ်"*

ဟင်. . . ကျွန်တော် မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် မယုံကြည်နိုင်အောင်တောင် ဖြစ်သွားရပါတယ်။ ဟန်နာ့မြေပုံပေါ်က ပထမဆုံး ကြယ်နီပြထားတဲ့ နေရာက တကယ့်ကို ဟန်နာနေခဲ့တဲ့ အိမ်အဟောင်းဆီကို ပြနေတာ မှန်နေပါရောလား။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် အရင်က ဒီနေရာကို ရောက်ဖူးပါတယ်။ ကတ်ရဲ့ ပါတီပွဲပြီးတဲ့နောက်မှာပေါ့။ အခုတော့ အသက်ကြီးကြီး လင်မယားနှစ်ယောက်က အဲ့ဒီအိမ်လေးမှာ နေနေကြပါတယ်။ လွန်ခဲ့တဲ့ တစ်လလောက်က ထင်တယ်။ အဲ့ဒီညတုန်းက ဒီအိမ်မှာနေတဲ့ လူကြီးက ဒီနေရာနဲ့ မနီးမဝေးကနေ အိမ်ကို ကားမောင်းလာရင်း သူ့မိန်းမကို ဖုန်းနဲ့ စကားပြောနေရင်းက ယာဉ်မတော်တဆ ဖြစ်ခဲ့ဖူးပါသေးတယ်။ ကျွန်တော်မျက်လုံးကို စုံမှိတ်ပြီး ခေါင်းကို ခါယမ်းလို့ မှတ်ဉာဏ်ကို ဖျောက်ပစ်ဖို့ ကြိုးစားလိုက်တာပေါ့။ ဒါပေမဲ့ ကျွန်တော် မတတ်နိုင်ခဲ့ပါဘူး။ အဲ့ဒီ အရှုမီးဝိုင်းသလို ဖြစ်နေခဲ့တဲ့ အဲ့ဒီလူကြီးပုံစံကို ကျွန်တော် မှတ်မိနေခဲ့ပါတယ်။ သူက အပျက်အစီးတွေကြားထဲကနေ 'ကျုပ်မိန်းမကို ဖုန်းဆက်ဖို့ လိုတယ်ဗျ။ ကျုပ်မိန်းမကို ဖုန်းဆက်ရမယ်' လို့ အော်ဟစ်နေလေရဲ့။ သူ့ဖုန်းကလည်း ကားတိုက်တဲ့ အရှိန်နဲ့ အဝေးတစ်နေရာကို လွင့်စဉ်သွားတဲ့ပုံပါပဲ။ နောက်ဆုံးတော့ ကျွန်တော့်ဖုန်းနဲ့ပဲ သူ့မိန်းမဆီ ဖုန်းဆက်ပေးခဲ့ပါတယ်။ သူ့မိန်းမနံပါတ်ကတော့ ဖုန်းမအားဘူးချည်းပဲ ပြောနေခဲ့တာပေါ့။ သူ့မိန်းမက သူနဲ့ စကားပြောနေလက်စ ဖုန်းလိုင်းကနေ ဘာများ ကြားရဦးမလဲဆိုတာကို မချဘဲ စောင့်နေတယ် ထင်ပါရဲ့ဗျာ။

လူကြီးကတော့ သူ့မိန်းမမှာ နှလုံးရောဂါရှိကြောင်း၊ သူ အဆင်ပြေပါတယ် ဆိုတာ သူ့မိန်းမသိဖို့ လိုကြောင်း တတွတ်တွတ်ကို ရေရွတ်နေတော့တာပါပဲ။ ကျွန်တော်လည်း အရင်ဆုံး ရဲဆီဖုန်းဆက်ပြီးမှ သူ့မိန်းမဆီ ဖုန်းပြန်ဆက်ပေးပါ့မယ်လို့ ပြောလိုက်ပါတယ်။ ဒါပေမဲ့ သူက သူ့မိန်းမကို သွားပြီး ကိုယ်တိုင်ပြောပေးဖို့ကို တောင်းဆိုနေတော့တာပါ။ သူတို့အိမ်ကလည်း ဒီနားကနေဆို သိပ်မဝေးတော့ဘူးတဲ့လေ။

မကြာခင်အတွင်းမှာပဲ ကားမတော်တဆမှုဖြစ်တဲ့နားကို လူတွေ ဝိုင်းအုံလာပြီး သူ့ကို အကူအညီပေးဖို့ လုပ်လာကြပါတော့တယ်။ နောက်မှ သိလိုက်ရတာက ဒီလူကြီးက ကျွန်တော်တို့ကျောင်းက စီနီယာ ကျောင်းသားကြီး တစ်ယောက်ဆိုတာပါပဲ။ ကျွန်တော်လည်း အနားရောက်လာတဲ့ လူတွေကို လူနာတင်ယာဉ်လာတဲ့အထိ သူ့ကို ကြည့်ထားပေးဖို့ မှာပြီး သူ့မိန်းမရှိရာ အိမ်ဘက်ကို ပြေးလာခဲ့ပါတယ်။ ကျွန်တော် မသိလိုက်တာက ကျွန်တော်ဟာ ဟန်နာ အရင်တုန်းက နေဖူးတဲ့ အိမ်ဘက်ဆီကိုပါ ပြေးနေခဲ့မိတယ်ဆိုတာပါပဲ ။

ဒီတစ်ခါတော့ ကျွန်တော် အိမ်လေးဆီ လမ်းလျှောက်လာခဲ့ပါတယ်။ ဟန်နာ့တိပ်ထဲမှာပြောထားတဲ့ ဂျက်စတင်နဲ့ ဇက်ခ်တို့ လျှောက်လာတဲ့အတိုင်းပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် အင်္ဂလိပ်အက္ခရာ T ဇောက်ထိုးသဏ္ဍာန်ဖြစ်နေတဲ့ အိစ် ဖလော်ရယ် ကန်ညန် လမ်းလေးထဲကို လျှောက်လာခဲ့တယ်လေ။

အဖီထုတ်ထားတဲ့ ပြတင်းပေါက်က လိုက်ကာတွေကတော့ ညရောက်လို့ ချထားတာကို ကျွန်တော် တွေ့လိုက်ရပါတယ်။ ကျွန်တော်တို့ အထက်တန်း စတက်တဲ့နှစ်မတိုင်ခင် နွေရာသီကဆို အဲ့ဒီနေရာလေးမှာ ဟန်နာက ကတ်နဲ့အတူ ထိုင်နေကြလေ။ သူတို့က အခု ကျွန်တော်လျှောက်လာနေတဲ့ လမ်းကလေးပေါ်ကနေ လျှောက်လာတဲ့ ကောင်လေး နှစ်ယောက်ကို ပြတင်းပေါက်ကနေ မျှော်ကြည့်နေခဲ့ကြတာ ဖြစ်ရပါမယ်။ အဲ့ဒီကောင်လေး နှစ်ယောက် မြက်ခင်းစိုပေါ် တက်နင်းမိတာ၊ တစ်ယောက်နဲ့ တစ်ယောက် ကပိုကရိုနဲ့ တက်နင်းမိပြီး ချော်လဲတာကို ကြည့်နေခဲ့ကြမှာပါပဲ။

ကျွန်တော် အိမ်လေးရဲ့ အရှေ့က ရေကနုတ်မြောင်းပေါက်နားအထိ ဆက်လျှောက်သွားပြီး အုတ်ရိုးလေးကို ခြေထောက်နဲ့ ဖိထားလိုက်ပါတယ်။ ပြီးတော့ ကျွန်တော် မြက်ခင်းပေါ် ကို တစ်လှမ်းချင်းတက်ပြီး မတ်တတ် ရပ်နေလိုက်တာပေါ့။ ကျွန်တော်က မြက်ခင်းပေါ် ကို ဖြည်းဖြည်းချင်း တက်သွားတာမို့ ချော်တော့မလဲခဲ့ပါဘူးလေ။ အခု ကျွန်တော် တွေးနေမိတာကတော့ တကယ်လို့ ဇက်ခ်သာ အဲ့ဒီ ညက ဂျက်စတင့်ကို ခလုတ်တိုက်မလဲဘဲ ဟန်နာ့ဆီရောက်အောင် သွားခဲ့မယ် ဆိုရင် ဟန်နာဟာ ဂျက်စတင့်အစား ဇက်ခ်နဲ့ တွဲဖြစ်မလား ဆိုတာပါပဲ။

ဒါဆို ဂျက်စတင်နဲ့ ဟန်နာ ဆုံစရာအကြောင်း မရှိတော့ဘူးလေ။ ဒီအတိုင်းသာဆို ဂျက်စတင့်ကြောင့်ဖြစ်လာတဲ့ ဟန်နာ့သတင်းဆိုးတွေလည်း မထွက်နိုင်တော့ဘူး မဟုတ်ပါလား။

ကိစ္စတွေကသာ အခုလိုပြောင်းလဲသွားခဲ့ရင် ဟန်နာဟာ အခုထိ အသက်ရှင်နေနိုင်ပါ့မလား။

*"ရှင့် စာရင်းထွက်လာတဲ့နေ့က ကျွန်မ လန့်သွားခဲ့တယ်ဆိုပေမဲ့ နောက်ဆုံးတော့ ကျွန်မ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်ခဲ့ပါတယ်လေ။ ရှင်ဟာ ဟာသတစ်ခု သက်သက် လုပ်လိုက်မှန်းလည်း ကျွန်မ သိပါတယ် အဲလက်စ်။ နောက်ပြီး အဲ့ဒီ စာရင်းစာရွက်ရှိတဲ့သူနားမှာ ဝိုင်းဝိုင်းလည်လို့ ကြည့်နေကြတဲ့သူတွေ၊ လျှောက်လမ်းမှာ ကျွန်မကို မျက်လုံးကျွတ်ကျမတတ် ကြည့်နေကြတဲ့သူတွေကလည်း ဒါက အပြောင်အပြက်ပဲ ဆိုတာ နားလည်ကြပါတယ်။ သူတို့အတွက်တော့ သိပ်ကို ရယ်စရာကောင်းခဲ့တာပေါ့ရှင်။*

mgyoe.com

*ဒါပေမဲ့ တစ်ယောက်ယောက်က မင်းက ကျောင်းသူသစ်တွေကြားထဲမှာ တင်ပါးအလှဆုံးပဲနော်လို့ အပြောခံရတဲ့အခါ ဘာတွေဆက်ဖြစ်တတ်လဲ ဆိုတာ ရှင်သိလား။ ရှင်မသိလည်း ကျွန်မကတော့ ပြောပြလိုက်ဦးမယ် အဲလက်စ်။ လူတွေက အဲ့ဒီလို အပြောခံရတဲ့သူကို လူတစ်ယောက်လို မဆက်ဆံကြတော့ဘဲ ခန္ဓာကိုယ် အစိတ်အပိုင်းသက်သက် တစ်ခုသာသာပဲ သတ်မှတ်လိုက်ကြတော့တယ်ရှင့်။*

*ကျွန်မပြောတာကို ပိုပြီး ရှင်းရှင်းလင်းလင်း သိချင်သေးလား။ ဒါဖြင့် မြေပုံထဲက B-3 ဆိုတဲ့နေရာကို ထောက်လိုက်ပါ။ ရှင် အဲ့ဒီနေရာမှာ Blue Spot အဖျော်ရည်မျိုးစုံနှင့်ယမကာ အရောင်းဆိုင် ဆိုတဲ့ ဆိုင်လေးကို ရှင် တွေ့ရပါလိမ့်မယ်။ အဲ့ဒီနေရာလေးကို ဘာလို့ ဒီလိုနာမည်ပေးထားလဲဆိုတာ ကျွန်မ မသိပေမဲ့ ဆိုင်လေးက အရင်အိမ်နဲ့ သိပ်လည်း မဝေးတော့ ကျွန်မ အချိုစားချင်စိတ်ပေါက်တိုင်း အမြဲလိုလို ရောက်မိခဲ့ပါတော့တယ်။ ကျွန်မက သိပ်အချိုကြိုက်တာဆိုတော့ ဆိုင်လေးဆီ နေ့တိုင်းရောက်ဖြစ်တယ်ပဲ ဆိုပါတော့ရှင်"*

Blue Spot ဆိုင်က အပြင်ပန်းက လှမ်းကြည့်ရင်တောင် အတော်လေး စုတ်ပြတ်တဲ့ပုံပေါက်တာမို့ ကျွန်တော်ကတော့ တစ်ခါမှ အဲ့ဒီဆိုင်ထဲကို မဝင်ဖူးပါဘူး။

*"ကျွန်မ ဆိုင်ကို ရောက်တိုင်းလိုလို ဆိုင်ထဲမှာ လူပြတ်နေတတ်ပါတယ်။ ကျွန်မရယ် ကောင်တာရှေ့က လူကြီးရယ် နှစ်ယောက်ပဲ ရှိတာပေါ့ရှင်။*

*ဒီဆိုင်လေးကို မြို့ခံလူတွေတောင် သိပ်သိကြမယ် မထင်ပါဘူး။ ဘာလို့ဆို ဒီဆိုင်လေးက နေရာကလည်း ကျဉ်းတဲ့အပြင် ဆိုင်ကြီး နှစ်ဆိုင်ကြားမှာ ညပ်ခံထားရတာဆိုတော့ သာမန်ဆို မမြင်ရလောက်တဲ့ အနေအထား ရောက်နေလို့ပါပဲ။ လမ်းဘေးကဖြတ်သွားရင်တောင် Blue Spot ဆိုင်ရဲ့ ဆိုင်းဘုတ်ကိုက ဘယ်သူမှ ဝင်ဝယ်ချင်စရာမကောင်းတဲ့ အရက်ကြော်ငြာဖြစ်နေတဲ့အပြင် အတွင်းပိုင်းက လည်း ညစ်စုတ်စုတ်ကလေးပါ"*

ကျွန်တော်လည်း ဟန်နာ့အိမ်အဟောင်းရှေ့က လမ်းလေးကနေ ဆက်လျှောက်လာတော့ ကုန်းတက်ကလေးဆီ ရောက်လာခဲ့ပါတယ်။ အဲ့ဒီကုန်းတက်လမ်းလေးကနေ တဖြည်းဖြည်း လျှောက်လာရင်း ဟန်နာ့တို့အိမ်လည်း နောက်မှာ ကျန်ခဲ့တော့တာပေါ့။

*"ကောင်တာရှေ့က ဝိုင်ယာကြိုးတန်းမှာတော့ သကြားလုံးမျိုးစုံကို ချိတ်ထားတာပါပဲ။ ကျွန်မက အဲ့ဒီသကြားလုံးတွေ၊ အချိုမုန့်တွေဆို အသည်းစွဲပဲရှင့်။*

mmgyee.com

mgyoe.com
SAMPLE BOOK


*ကျွန်မ ဆိုင်တံခါးဖွင့်ပြီးဝင်လိုက်တာနဲ့ ကောင်တာနောက်ကလူကြီးက ကျွန်မကို မြင်မြင်ချင်း သကြားလုံးတန်းကို ပုတ်ပြပါလေရော။ ကျွန်မက ဒီမှာ ခဏခဏ လာဝယ်နေကြဆိုတော့ သူက အကြောင်းသိနေပြီလေ။*

*ကျွန်မကို လူတစ်ယောက်က ပြောဖူးတယ်။ အဲ့ဒီကောင်တာနောက်က လူကြီးမျက်နှာက သစ်ကြားသီး ပုံစံအတိုင်းပဲတဲ့လေ။ ကျွန်မကတော့ သူ ဆေးလိပ်တွေ အသောက်များလို့ ဒီလိုပုံပေါက်တယ် ထင်တာပါပဲ။ နောက်ပြီး သူ့နာမည်ကလည်း ဝေါ်လီဆိုတော့ ရယ်စရာကြီးကို ဖြစ်နေတာပေါ့ရှင်"*

ဟန်နာက ကျွန်တော်တို့ကျောင်းကို စတက်ကတည်းက စက်ဘီးကလေး စီးလို့ ကျောင်းကို လာတတ်ပါတယ်။ သူ ဒီဆိုင်ကိုလည်း စက်ဘီးလေးစီးပြီး လာခဲ့မှာကို ကျွန်တော် ခန့်မှန်းမိပါတယ်လေ။

နောက်ပြီး ကျောပိုးအိတ်ကိုလွယ်ပြီး စက်ဘီးခြေနင်းလေးကို အားစိုက် နင်းလို့ စက်ဘီးစီးရင်းက ကျွန်တော့်ဘေးကနေ ဖြတ်သွားတဲ့ ဟန်နာ့ပုံလေးကို ကျွန်တော် သတိရမိပါသေးတယ်။ သူ ကျွန်တော့်ဘေးက ဖြတ်သွားတိုင်း သူ့စက်ဘီးလေးက သစ်ပင်ကြီးတွေ၊ ကားတွေနဲ့ အိမ်တွေကို ကျော်ဖြတ်သွားတာကို ကျွန်တော် အမြဲတမ်း ငေးကြည့်နေကြလေ။

အခုတော့ ကျွန်တော် တစ်ယောက်တည်း ဒီလမ်းလေးမှာ လျှောက်နေရပြီပေါ့ဗျာ။

*"ကျွန်မ ဒီ ဘလူးစပေါ့ (Blue Spot)ဆိုင်လေးကို ရောက်တဲ့အခါတိုင်း ကောင်တာနောက်က ဝေါ်လီဆိုတဲ့ လူကြီးဆီက စကားတစ်ခွန်းတောင် မကြားဖူးပါဘူး။ ကျွန်မက လာနေကြမို့ သူ့ကို ရင်းရင်းနှီးနှီးနဲ့ နှုတ်ဆက်ဖို့ ကြိုးစားတာတောင် ဝေါ်လီကတော့ ခပ်တန်းတန်းပါပဲ။ ဒါပေမဲ့ ဝေါ်လီတစ်ယောက် စကားပြောတာကို တစ်နေ့တော့ ကျွန်မ ကြားခဲ့ရပါတယ်။ အဲ့ဒါ ဘယ်သူ့ကြောင့်လဲ သိလား။ ရှင့်ကြောင့်ပဲပေါ့ အဲလက်စ်ရယ်"*

မနေ့က ကျောင်းမှာ အဲလက်စ်ကို အခန်းထောင့်ကနေ တစ်ယောက် ယောက်က ဆောင့်တွန်းထုတ်လိုက်တာကို ကျွန်တော်တွေ့ခဲ့ရပါတယ်။ အဲလက်စ်က အရှိန်မထိန်းနိုင်ဘဲ ကျွန်တော့်ကိုတောင် တိုးတိုက်မိခဲ့တာပေါ့။ ဘယ်သူက တွန်း လိုက်သလဲဆိုတာတော့ ကျွန်တော် မသိပါဘူး။

*"အဲ့ဒီနေ့ကပေါ့၊ ကျွန်မ ဘလူးစပေါ့ ဆိုင်တံခါးလေးကို ဖွင့်ဝင်သွားတာနဲ့ တံခါးပေါက်က ခေါင်းလောင်းသံလေးတွေ မြည်လာတယ်လေ။ ဆိုင်ရှင်ကလည်း*

mgyoe.com

mgyoe.com
SAMPLE BOOK

*ကျွန်မကို မြင်တော့ သကြားလုံးတွေကို လှမ်းပြတာပေါ့။ ကျွန်မလည်း ကောင်တာရှေ့ကို တန်းတန်းမတ်မတ် လျှောက်သွားပြီး မုန့်တစ်ထုပ် ကောက်ယူလိုက်ပါတယ်။ ဘာမုန့်လဲဆိုတာတော့ ကျွန်မ မမှတ်မိတော့ပါဘူး”*

ကျွန်တော် အဲလက်စ် လဲကျသွားမှာစိုးလို့ လှမ်းဖမ်းလိုက်ပါသေးတယ်။ ပြီးတော့ ကျွန်တော် သူ့ကို အဆင်ပြေရဲ့လားဆိုပြီး မေးလိုက်တာပေါ့။ အဲလက်စ်ကတော့ ကျွန်တော့်ကို ဂရုတောင်မစိုက်ဘဲ သူ့ကျောပိုးအိတ်ကို ပြန်ကောက်ပြီး ထွက်သွားပါတော့တယ်။ ကျွန်တော်လည်း သူ့ကို စိတ်အနှောင့်အယှက် ဖြစ်သွားအောင် တစ်ခုခု လုပ်မိသလားလို့ ပြန်တွေးမိသွားတယ်လေ။ ကျွန်တော် မှတ်မိသလောက်တော့ အဲလက်စ် စိတ်ဆိုးရလောက်တဲ့အထိ ကျွန်တော် ဘာမှ မလုပ်ဖူးဘူး ဆိုတာပါပဲ။

*“ကျွန်မ မုန့်ယူပြီး ပိုက်ဆံရှင်းဖို့ ကျောပိုးအိတ်ထဲက ပိုက်ဆံနှိုက်နေတုန်း ဆိုင်ထဲကို လူတစ်ယောက် ဝင်လာပါတယ်။ ဖြစ်နိုင်ရင် အဲ့ဒီလူက ဘယ်သူလဲဆိုတာ ကျွန်မလည်း ရှင့်ကို ပြောပြချင်ပါတယ်ရှင်။ အဲ့ဒီလူက ကျွန်မနဲ့ ကျောင်းမှာတွေ့ဖူးနေကြ အကျင့်မကောင်းတဲ့ ကောင်လေးတွေ အဖွဲ့ထဲကပါပဲ။ ကျွန်မဖြင့် သူတို့တစ်ဖွဲ့လုံးကို သိပ်မုန်းတာပါပဲရှင်။ ဒါပေမဲ့ အဲ့ဒီလူရဲ့ နှမချင်းမစာမနာ ပြုမူတဲ့ အပြုအမူက ရှင့်စာရင်းပေါ်မှာ ကျွန်မနာမည်ပါလာရတဲ့ အကျိုးဆက်ပဲ ဆိုတာ ရှင် သိထားဖို့လိုတယ် အဲလက်စ်။ နောက်ပြီး အဲ့ဒီလူအကြောင်းကိုလည်း ကျွန်မရဲ့ နောက်ထပ် တိပ်တွေထဲက တစ်ခုမှာ ရှင်နားထောင်ရမှာပါလေ”*

ကျွန်တော် မျက်တောင်ခတ်မိလိုက်ပါတယ်။ အဲလက်စ်ရဲ့ စာရင်းကြောင့် ဟန်နာ အဲ့ဒီစတိုးဆိုင်ထဲမှာ ဘာတွေ ကြုံခဲ့ရတာပါလဲ။ ကျွန်တော်ဖြင့် မနက်ဖြန် ကျောင်းမှာ အဲလက်စ်ကို မျက်နှာချင်းတောင် မဆိုင်ချင်တော့ပါဘူး။ ဖြစ်နိုင်ရင် ကျွန်တော် သူ့ကို လုံးဝ ထပ်မတွေ့ချင်တော့တာ အမှန်ပါ။ အဲလက်စ်ရယ်၊ ဂျက်စတင်ရယ်၊ ဟန်နာ့ကို စတဲ့ ဟို ဂျင်မီဆိုတဲ့ ကောင်ကိုရောပေါ့။

*“အဲ့ဒီလူက စတိုးဆိုင်ထဲကို ဝင်လာလာချင်း ‘ဟေး ဝေါ်လီ” ဆိုပြီး ခေါ်လိုက်ပါတယ်။ သူ့ရဲ့အသံထဲမှာကိုက မာနက ထောင်လွှားနေကြဆိုတာ သိသာလွန်းပါတယ်။ သူက ဝေါ်လီ့ကိုတောင် စတိုးဆိုင်မှာလုပ်တဲ့လူဆိုပြီး နှိမ်ချင်နေတဲ့ ပုံပါပဲ။ ပြီးတော့ သူက ဆက်ပြောသေးတယ်လေ။*

*‘အိုး. . . ဟန်နာပါလား။ ကိုယ် မင်းကို မတွေ့မိလိုက်ဘူးကွ’*

*လိမ်ဆင်ဆိုတာ အသိသာကြီးပါ။ ကျွန်မ ရပ်နေတဲ့ ကောင်တာက ဆိုင်ထဲ*

mgyoe.com SAMPLE BOOK

*ဝင်လာရင် ပထမဆုံး တွေ့ရတဲ့နေရာလေ။*

*ကျွန်မလည်း အားနာနာနဲ့ မကောင်းတတ်လို့ သူ့ကို ပြန်ပြုံးပြပြီး ကျောပိုးအိတ်ထဲက ပိုက်ဆံထုတ်လို့ ဝေါ်လီ့ရဲ့လက်ထဲ ထည့်လိုက်တာပေါ့။ ဝေါ်လီကတော့ သူ့ကိုလည်း ကျွန်မကို ဆက်ဆံသလို ခပ်တန်းတန်းပါပဲ။ မျက်လုံးလှန်ကြည့်တာ၊ ပြုံးတာတောင် မလုပ်ဘဲ ခပ်တည်တည်နဲ့ သူ့အလုပ်သူ ဆက်လုပ်နေတယ်လေ"*

ကျွန်တော်လည်း ပလက်ဖောင်းပေါ် ကနေ လျှောက်လာရင်း လူနေအိမ်တွေကိုဖြတ်လို့ ဘလူးစပေါ့ စတိုးဆိုင်လေးဆီ ဦးတည်လာခဲ့ပါတော့တယ်။ ဟန်နာနေတဲ့ အရင်နေရာဘက်က နေရာလေးမှာ အခုလို ပြောင်းလဲနေတာ မြင်ရတာ ကျွန်တော် အံ့အားသင့်မိပါတယ်။ ဒီဘက် ရပ်ကွက်တွေဘက်က အိမ်လေးတွေက သိပ်ပြီး သားသားနားနား ရှိလှတာ မဟုတ်ပေမဲ့ အခုဆို လူစုံစုံညီညီ နေထိုင်လာကြကာ အိမ်ခြေကလေးလည်း စိပ်လာခဲ့တာပေါ့။

*"'ဟေး. . . ဝေါ်လီ။ ခင်ဗျား သိပြီးပြီလားဗျ' ဆိုပြီး အဲ့ဒီလူက ကျွန်မပခုံးကို ကျော်လို့ လှမ်းပြောလိုက်ပါတယ်။*

*အဲ့ဒီအချိန်တုန်းက ကျွန်မက ကျောပိုးအိတ်ကို ကောင်တာပေါ် တင်ပြီး ဇစ်ဆွဲပိတ်နေခဲ့တာပေါ့။ ဝေါ်လီကတော့ ကောင်တာနောက်ကနေ မျက်လွှာချလို့ ကျွန်မ ခါးနားက တစ်ခုခုကို ကြည့်နေတယ် ထင်ပါတယ်။ ကျွန်မလည်း နောက်ကျောမလုံသလို ခံစားမိရရုံရှိသေး လက်ဝါးတစ်ဖက်က ကျွန်မ တင်ပါးကို ဖျတ်ခနဲ ချလိုက်တာကို ကျွန်မ ခံစားလိုက်ရပါတော့တယ်။ ပြီးတော့ သူက ပြောတယ်။*

*'ဒါက ကျောင်းသူသစ်တွေထဲမှာ တင်ပါးအလှဆုံးဆုရထားတဲ့ တင်ပါးပိုင်ရှင်ဗျ. . . ဝေါ်လီရ။ သူက ခင်ဗျား ဆိုင်ထဲမှာ မတ်တတ်ရပ်နေတာလေ'*

*ယောကျ်ားလေးတော်တော်များများက အစအနောက်သန်တယ်ဆိုတာ ကျွန်မ နားလည်ပါတယ်။ ဒါပေမဲ့ သူကတော့ ကျွန်မကို စနောက်တာမဟုတ်ဘဲ နိုင်လိုမင်းထက် ပြုလိုက်တာပါပဲ။*

*လူတွေကတော့ သူ ရိုက်လိုက်တာ နာသွားသလားလို့ မေးချင်မေးကြမှာပေါ့ရှင်။ နာတာ မနာတာက ဒီကိစ္စမှာ အရေးကြီးတာ မဟုတ်ပါဘူး။ အရေးကြီးတာက သူ့မှာ မိန်းကလေးတစ်ယောက်ကို အခုလို ကိုယ်ထိလက်ရောက် ကျူးလွန်ဖို့ အခွင့်အရေးရှိသလားဆိုတဲ့ မေးခွန်းပါပဲ။ ရှင်တို့ရဲ့ အဖြေက ကျွန်မနဲ့ ထပ်တူကျမယ်လို့ ကျွန်မ မျှော်လင့်ပါတယ်ရှင်။*

mgyoe.com

mgyoe.com SAMPLE BOOK

*ကျွန်မလည်း ချက်ချင်းဆိုသလို သူ့လက်ကို ရှက်ရှက်နဲ့ ပြန်ပုတ်ထုတ်လိုက်တာပေါ့။ နောက်ပြီး ဝေါ်လီကလည်း အဲ့ဒီတော့မှ ကျောက်ရုပ်ကို အသက်သွင်းလိုက်သလို လှုပ်လှုပ်ရှားရှား ဖြစ်လာပါတော့တယ်။ ကျွန်မ ဝေါ်လီ့ဆီက အသံတစ်ခုကြားလိုက်ရတယ်လေ။ သူ့ကို ကျွန်မ လှမ်းကြည့်လိုက်တော့ ဝေါ်လီ့ပါးစပ်က တင်းတင်းစေ့ထားတာကို တွေ့လိုက်ရပေမဲ့ ခုနက တောက်ခေါက်သလို အသံပြုလိုက်တာ သူ့ဆီကဆိုတာ ကျွန်မ သိပါတယ်။ ကျွန်မ အံ့ဩမိသွားရတာ အမှန်ပါပဲ။ အဲ့ဒီအချိန်တုန်းက ဝေါ်လီတစ်ယောက် အဲ့ဒီလူရဲ့ အပြုအမူကြောင့် ဒေါသထွက်နေတယ်ဆိုတာ ကျွန်မ နားလည်လိုက်ပါတယ်”*

ကျွန်တော်လည်း လမ်းလျှောက်လာရင်းက ဘလူးစပေါ့ လို့ ရေးထားတဲ့ နီယွန်မီး ဆိုင်းဘုတ်ကို တွေ့လိုက်ရပါတော့တယ်။

ဒီဘက်လမ်းထဲမှာတော့ ဘလူးစပေါ့ စတိုးဆိုင်လေးနဲ့ ရက်စ်လက်စ် (REStlESs) ဆိုတဲ့ ဗီဒီယိုစတိုးဆိုင် နှစ်ခုလောက်ပဲ ဖွင့်တော့တာကို ကျွန်တော် သတိထားမိပါတယ်။ ဟန်နာပြောတဲ့ စတိုးဆိုင်ကတော့ တကယ့်ကို အပြင်ပန်းက စုတ်ပြတ်သတ်နေတော့တာပါပဲ။ ဆိုင်ရှေ့မှာကပ်ထားတဲ့ စီးကရက်နဲ့ အရက်ကြော်ငြာကတောင် လူကြည့်ချင်စရာ အဆင်းကို မရှိတာပါ။

ကျွန်တော် ဆိုင်တံခါးကို တွန်းဖွင့်လိုက်တော့ ဟန်နာ မုန့်လာဝယ်တိုင်း ကြားရပါတယ်ဆိုတဲ့ ခေါင်းလောင်းသံလေး တချွင်ချွင်ကို ကျွန်တော် ကြားလိုက်ရတယ်လေ။ ကျွန်တော် တံခါးကို သူ့ဘာသာ ပြန်ပိတ်သွားအောင် လက်လွှတ်လိုက်ရမဲ့အစား အသာအယာလေး ပြန်ပိတ်လို့ ခေါင်းလောင်းသံလေးကို နားထောင်နေခဲ့မိပါတယ်။

“ဘာလိုချင်လို့ပါလဲ”

ကျွန်တော် ကောင်တာကို လှမ်းကြည့်စရာတောင် မလိုလိုက်ပါဘူး။ အသံကြောင့် ဒါဟာ ဝေါ်လီ မဟုတ်ဘူးဆိုတာကို ရိပ်မိလိုက်တာပေါ့။ ဒါပေမဲ့ ကျွန်တော်ကရော ဘာလို့ စိတ်ပျက်မိသွားတာပါလိမ့်။ ကျွန်တော် ဒီကိုလာတာ ဝေါ်လီ့ကို တွေ့ဖို့မှ မဟုတ်တာ။ ကောင်တာက လူက နောက်တစ်ခါ ခပ်ကျယ်ကျယ်လေး လှမ်းမေးလိုက်ပြန်ပါတယ်။

“ဘာများ လိုချင်လို့လဲဗျ”

ကျွန်တော် ချက်ချင်းကြီး အဲ့ဒီကောင်တာကို မသွားလိုက်ချင်ပါဘူး။ ကျွန်တော် အဲ့ဒီကောင်တာနားမှာ ရပ်နေမဲ့ ဟန်နာ့ပုံရိပ်ကို စိတ်မကူးကြည့်ချင်

mgyoe.com

mgyoe.com SAMPLE BOOK

မိဘူးလေ။

ဆိုင်ထဲက ထောင့်နားနံရံမှာတော့ အထဲကို ဖောက်မြင်ရတဲ့ တံခါးတွေ တပ်ထားတဲ့ ရေခဲသေတ္တာထဲမှာ ရေခဲစိမ် အချိုရည်ဘူးတွေ ထည့်ထားတာကို ကျွန်တော် တွေ့လိုက်ပါတယ်။ ကျွန်တော်လည်း ရေဆာမနေတာတောင် အဲ့ဒီ အချိုရည်တွေပြထားတဲ့ ရေခဲသေတ္တာဆီ လမ်းလျှောက်သွားပြီး လိမ္မော်ဆိုဒါ ဖျော်ရည်ပုလင်းကို ဆွဲယူလိုက်တော့တာပေါ့။ ပြီးတော့မှ ကျွန်တော် ကောင်တာဆီ သွားပြီး ပိုက်ဆံရှင်းဖို့ ပိုက်ဆံအိတ်ကို ဆွဲထုတ်လိုက်ပါတော့တယ်။

ကောင်တာနားက ကြိုးတန်းမှာတော့ သကြားလုံးနဲ့ အချိုမုန့်လေးတွေကို တန်းစီပြီး ပြထားတယ်လေ။ ဒီမုန့်လေးတွေဟာ တစ်ချိန်က ဟန်နာ့ရဲ့ အသည်းစွဲ လေးတွေ ဖြစ်ခဲ့ဖူးတယ် မဟုတ်ပါလား ။ ကျွန်တော် မုန့်တွေကို စိုက်ကြည့်ရင်း ဘယ်ဘက် မျက်လုံးတောင် တဆတ်ဆတ် လှုပ်မိပါသေးတယ်။

"ဒါပဲလားဗျ" လို့ ကောင်တာက လူက မေးလိုက်ပါတယ်။

ကျွန်တော်လည်း ဆိုဒါပုလင်းကို ကောင်တာပေါ် တင်ပြီး ဘယ်ဘက် မျက်လုံးကို အရင်ဆုံး လက်နဲ့ ပွတ်နေမိပါတော့တယ်။ အစကတော့ မျက်ခမ်းစပ် လေးနားက နာသလိုလို ရှိတယ်လို့ ခံစားနေရပေမဲ့ ကျွန်တော်လက်နဲ့ ပွတ်လိုက် တော့မှ ပိုပြီး စူးခနဲ စပ်ဖျင်းဖျင်း ခံစားချက်ကို ခံစားလိုက်ရတယ်လေ။

"ခင်ဗျားနောက်မှာ အဲ့ဒီလို မုန့်တွေရှိသေးတယ်ဗျ" လို့ ကောင်တာက လူက ထပ်ပြောလိုက်တာပေါ့။ သူက ကျွန်တော် ကောင်တာရှေ့က မုန့်တွေကို ကြည့်နေတယ်လို့ ထင်နေပုံပါပဲ။

ကျွန်တော်လည်း ဘက်တားဖင်းဂါး(Butterfinger) တံဆိပ် ချောကလက် မုန့်တစ်ချောင်း ကောက်ပြီး အချိုရည်ပုလင်းဘေးကို ချလိုက်ပါတယ်။ ပြီးတော့မှ ကျွန်တော်လည်း ကောင်တာပေါ် ကို ပိုက်ဆံတင်ပြီး သူ့ကို ထိုးပေးလိုက်ပါတော့ တယ်။

ခဏနေ သူက ကျွန်တော့်ကို အကြွေပြန်အမ်းဖို့ လက်လှမ်းလိုက်တော့မှ သူ့ရင်ဘတ်က ပလတ်စတစ် နာမည်ကတ်ပြားလေးကို ကျွန်တော် သတိထား မိလိုက်တယ်လေ။

"သူ ဒီမှာ အလုပ်လုပ်သေးလားဗျ" လို့ ကျွန်တော် သူ့ကို မေးလိုက်ပါ တော့တယ်။ အဲ့ဒီတော့ သူက ကျွန်တော့်ကို-

"ဝေါလီလား" ဆိုပြီး ပြန်မေးလိုက်တာပေါ့။

mgyoe.com

mgyoe.com
SAMPLE BOOK

"သူက နေ့ပိုင်း အလုပ်ဆင်းတာဗျ"

ကျွန်တော် ဆိုင်ထဲက ပြန်ထွက်ဖို့ တံခါးကို ဆွဲဖွင့်လိုက်တော့ ခေါင်းလောင်းသံလေးက စောစောကလို ထပ်မြည်လာပါသေးတယ်။

*"ကျွန်မလည်း ကျောပိုးအိတ်ကို သေချာပြန်လွယ်လိုက်ပြီး ရေရွတ်မိလိုက်ပါတယ်။*

*'ရှင် ဒါ ဘာလုပ်တာလဲ ရှင့်'*

*ပြီးတော့ ကျွန်မ သူနဲ့ ဝေးဝေးမှာရပ်ပြီး သူ့ကို ထပ်မကြည့်မိအောင် မျက်နှာလွှဲနေလိုက်တော့တာပေါ့။*

*ကျွန်မ ဆိုင်ထဲက ထွက်သွားဖို့ တံခါးကို ဖွင့်ဖို့လုပ်လိုက်တုန်းမှာပဲ သူက ကျွန်မ လက်ကောက်ဝတ်ကို ဆွဲပြီး ကျွန်မကို သူ့ဘက် ဆွဲလှည့်လိုက်တယ်လေ။ သူ ကျွန်မ မျက်နှာကို စေ့စေ့ကြည့်ပြီး ကျွန်မ နာမည်ကို ခေါ်လိုက်တဲ့အချိန်မှာပဲ ဒါက အပြောင်အပြက်တစ်ခု သက်သက် မဟုတ်တော့မှန်း ကျွန်မ ကောင်းကောင်းကြီး သိလိုက်ရတာပေါ့။*

*ကျွန်မ သူ့လက်ထဲကနေ ဆောင့်ရုန်းလိုက်ပါသေးတယ်။ ဒါပေမဲ့ သူက သိပ်ကို အားသန်တာရှင့်။*

*လမ်းထောင့်နားမှာတော့ ရက်စ်လက်စ် ဆိုတဲ့ ဗီဒီယို စတိုးဆိုင်လေး ရှေ့က နီယွန်ဆိုင်းဘုတ်က မှိတ်တုတ်မှိတ်တုတ်နဲ့ လင်းနေတော့တာပေါ့"*

ဟန်နာပြောနေတာ ဘယ်သူလဲဆိုတာ ကျွန်တော် သိလိုက်ရပါပြီ။ အဲ့ဒီလူရဲ့ လက်ကောက်ဝတ်ကို ဖမ်းဆွဲတတ်တဲ့ပုံစံကို ကျွန်တော် အရင်ကတည်းက မြင်ဖူးပါတယ်။ အဲ့ဒီမြင်ကွင်းကို မြင်တိုင်း ကျွန်တော် သူ့ကို ရှုပ်အင်္ကျီကနေ ဆွဲကိုင်ပြီး သူ့လက်ထဲက မိန်းကလေးကို ကူညီပေးလိုက်ချင်မိတာ အမှန်ပါပဲ။

ဒါပေမဲ့လည်း ကျွန်တော်က အမြဲတမ်း ဒီမြင်ကွင်းကို မမြင်ချင်ယောင်ဆောင်နေခဲ့မိပါတယ်လေ။ ကျွန်တော်ကရော သူ့ကို ထိထိရောက်ရောက် ဘာမှ လုပ်နိုင်တာမှ မဟုတ်တာဘဲ။

*"နောက်တော့ အဲ့ဒီလူယုတ်မာက ကျွန်မ လက်ကို လွှတ်ပြီး ပြောပါသေးတယ်။*

*'ကိုယ်က စတာပါကွာ။ စိတ်လျှော့ပါဦး ဟန်နာရယ်' တဲ့လေ။*

*ကဲ. . . ကျွန်မ အဲ့ဒီဆိုင်မှာ ဘာဖြစ်ခဲ့လဲဆိုတာ ရှင်တို့ သိပြီ မဟုတ်လား။ ကျွန်မ အဲ့ဒီစတိုးဆိုင်လေးကနေ အိမ်ကို ပြန်လာတဲ့ လမ်းတစ်လျှောက်လုံး*

mgyoe.com

mgyoe.com SAMPLE BOOK
*ဒီအကြောင်းပဲ တွေးနေမိပါတယ်။ ဒါကြောင့်လည်း ကျွန်မ အဲ့ဒီနေ့က ဘာမုန့်ဝယ်ခဲ့သလဲဆိုတာ မမှတ်မိတာ နေမှာပေ့ါလေ"*

ကျွန်တော် ဘာလူးစပေ့ါ ဆိုင်လေးရဲ့ ရှေ့က ပလက်ဖောင်းဘေးမှာ ထိုင်ချလိုက်ပါတယ်။ ဆိုဒါဘူးကိုတော့ ကျွန်တော့်ဘေးမှာ ချထားပြီး ချောကလက်မုန့်လေးကိုတော့ ကျွန်တော့်ပေါင်ပေါ်မှာ တင်ထားခဲ့တာပေ့ါ။ ကျွန်တော် ဒီအချိုမုန့်ကို စားချင်စိတ်လည်း ရှိမနေခဲ့ပါဘူးလေ။

ဒါဆို ကျွန်တော် ဘာလို့များ ဝယ်ခဲ့ရတာပါလိမ့်။ ဟန်နာက ဒီကောင်တာကနေ ဒီမုန့်လေးကို ဝယ်နေကြမို့လို့ ကျွန်တော် ဝယ်ခဲ့မိတာများလား။ ကျွန်တော့်အတွက် ဒါက ဘာများ အရေးကြီးနေလို့ပါလဲ။ ကျွန်တော် ဟန်နာ့စကားအတိုင်း သွားနေလိုက်တာ အခုဆို ဒုတိယနေရာတောင် ရောက်လာခဲ့ပါပြီ။ အမှန်ဆို ကျွန်တော့်အနေနဲ့ သူပြောသမျှ လိုက်လုပ်နေစရာမှ မလိုတာ။

*"ပထဆုံးအနေနဲ့ သူ့စကားတွေကို ကျွန်မ မုန်းမိပါတယ်။ ဒုတိယက သူ့ရဲ့ ကိုယ်ထိလက်ရောက် ကြိုးစားတဲ့ လုပ်ရပ်ကိုပေ့ါ။*

*သူပြောခဲ့တဲ့ စကားကိုက 'ကိုယ်က စတာပါကွာ' တဲ့လေ။*

*သူ့စကားရဲ့နောက်ကွယ်က ဆိုလိုရင်းက-*

*'မင်း တင်ပါးကြီးက ငါ့အတွက်တော့ ကစားစရာ သက်သက်ပဲကွ။ မင်းက ငါ့ကို ဘယ်လိုပဲ တုံ့ပြန် တုံ့ပြန် ငါက စတာပါကွလို့ ပြောလိုက်ရင် မင်း ပါးစပ်ပိတ်ထားရမှာပဲလေ' လို့ ရည်ရွယ်မှန်း ကျွန်မ သိတာပေ့ါ"*

ကျွန်တော် ပေါင်ပေါ်က ချောကလက်မုန့်ချောင်းထုပ်လေးကို ပြုတ်မကျအောင် ထိန်းထားလိုက်ပါတယ်။

*"နောက်စကားတစ်ခွန်းက 'စိတ်လျှော့ပါဦး ဟန်နာရယ်' တဲ့။*

*သူဆိုလိုတာက-*

*'မူမနေပါနဲ့ ဟန်နာရာ။ ငါ မင်းကို ကိုင်တွယ်တာကို မင်းလည်း ခံစားချင်နေခဲ့တာ မဟုတ်လား။ မင်းသာ ခုနက အထိအတွေ့ကို သဘောကျရင် ငါ့ကို ပိုလို့တောင် လိုက်လျောဦးမှာ မဟုတ်လား' ဆိုပြီးတော့ပါ။*

*နောက်ပြီးတော့ သူ့ရဲ့ ကိုယ်ထိလက်ရောက် စော်ကားတဲ့ အပြုအမူကိုလည်း ရှင်တို့ ကိုယ်ချင်းစာကြည့်ကြပါဦးရှင်။*

*ပထမဆုံးအနေနဲ့ သူက ကျွန်မ တင်ပါးကို လက်နဲ့ပြောင်ပြောင်တင်းတင်း ဆွဲညှစ်ခဲ့ပါတယ်။ သူ့ကို ကျွန်မ အရင်ကတည်းက တွေ့ဖူးခဲ့တာဆိုပေမဲ့ သူမှာ*

mgyoe.com

mgyoe.com
SAMPLE BOOK
*ကျွန်မကို အဲ့ဒီလို လုပ်ဖို့ သတ္တိ မရှိခဲ့ပါဘူး။ ဒါဆို ဘာကြောင့် အခုမှ သူက လက်ရဲ ဇက်ရဲ ရှိလာရတာပါလဲ။*

*ကျွန်မ ဝတ်ထားတဲ့ ဘောင်းဘီက ထူးထူးဆန်းဆန်းကြီး မဟုတ်သလို အတင်းအကျပ် ထိုးသွပ်ထားသလိုလည်း ဖြစ်နေခဲ့တာ မဟုတ်ပါဘူး။ ကျွန်မ ဘောင်းဘီက နည်းနည်း အိုက်ကျနေလို့လည်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ သူက ကျွန်မ တင်ပါးသားကို ထိရုံတင်မကပါဘူး။ သူက ကျွန်မရဲ့တင်ပါးကို လက်နဲ့ ဆုပ်နယ်ပြီးတော့ကို စော်ကားသွားတာရှင့်"*

ကျွန်တော် ဟန်နာပြောတာကို နားလည်စ ပြုလာပါတယ်။ သူ့စကားကို နားထောင်ရင်း ကျွန်တော့်အတွေးထဲ ကွက်ကွက်ကွင်းကွင်းကို မြင်လာရတယ်လေ။ ကျွန်တော်ဖြင့် ဟန်နာ့အတွက် ရင်ဘတ်ထဲကကို စူးစူးနစ်နစ် နာကျင်မိတာ အမှန်ပါပဲ။

*"သြော် ဒါနဲ့ ပြောရဦးမယ်။ အတန်းထဲက အဲ့ဒီ ရှုးကြောင်ကြောင် စာရွက်ထဲမှာ နှုတ်ခမ်းအလှဆုံး ကောင်မလေးတွေဆိုပြီး စာရင်းတစ်ခုလည်း ပါသေးတယ် ရှင့်။*

*အဲလက်စ်ရေ့ . . . ရှင့်ရဲ့စာရင်းကြောင့် သူက အခုလို ကျွန်မ တင်ပါးကို လာကိုင်တာလို့ ပြောနေတာ မဟုတ်ဘူးနော်။ ဒါပေမဲ့ ရှင့်စာရင်းက သူ့အတွက် အခုလို စော်ကားဖို့ အကြောင်းပြချက်တစ်ခု ဖြစ်သွားခဲ့တာ အမှန်ပါပဲ။ အဲ့ဒီလူ အတွက် ရှင့်စာရင်းက အကောင်းဆုံး အကြောင်းပြချက် ဖြစ်ခဲ့တော့တာပေါ့"*

အဲ့ဒီစာရင်းထွက်လာပြီး နောက်ပိုင်း ကျွန်တော်တောင် အိန်ဂျလာရှိမိယို ရဲ့ နှုတ်ခမ်းလေးကို သတိထားမိပါသေးတယ်။ စာရင်းထဲက သူ့နာမည်လေးကို တွေ့လိုက်ရတဲ့ အခါမှာတော့ ကျွန်တော် သူ့နှုတ်ခမ်းလေးတွေကို စွဲလမ်းလာမိတော့ တာပေါ့။ အတန်းထဲမှာ သူ စကားထပြောရတဲ့ အချိန်တွေဆို ကျွန်တော့်ခမျာ သူ့ နှုတ်ခမ်းလေးတွေ လှုပ်ရှားနေတာကို စိုက်ကြည့်ရတာနဲ့ သူ ဘာပြောသွားလဲ ဆိုတာကို သတိမထားမိလောက်အောင်ပါပဲ။ သူ စကားတစ်ခွန်း ပြောလိုက်တိုင်း နှုတ်ခမ်းလေးက ပုံသဏ္ဍာန်အမျိုးမျိုး ပြောင်းလဲသွားတာကို ကြည့်ရင်း ကျွန်တော် နစ်မျောနေခဲ့ပါတော့တယ်။

*"ဒုတိယအချက်ကတော့ သူက ကျွန်မလက်ကောက်ဝတ်ကို ဆွဲကိုင်ပြီး သူ့လက်ကိုပါ ကျွန်မ ပခုံးပေါ် လာတင်လိုက်တာပါပဲ။*

*ကျွန်မ ဒီတစ်ခုကိုတော့ ဆက်တောင် မပြောပြချင်တော့ပါဘူးရှင်။ ကျွန်မ*
mgyoe.com

mgyoe.com SAMPLE BOOK

*ဘာကြောင့် ဒီလောက် စိတ်ဆိုးနေရသလဲဆိုတာကိုပဲ ရှင်တို့ကို ပြောပြပါတော့မယ်။ တကယ်တမ်းဆို ကျွန်မ တင်ပါးကို အရင်ကလည်း အကိုင်ခံရဖူးပါတယ်။ ဒါက ကျွန်မအတွက် ကိစ္စမရှိခဲ့ပါဘူး။ အခုတစ်ခါကတော့ လူတစ်ယောက်က ကျွန်မ နာမည်ကို ရှူးကြောင်ကြောင် စာရင်းမှာ ထည့်ရေးခဲ့တဲ့အတွက်ကြောင့် တင်ပါးကို အကိုင်ခံရတယ်တဲ့လားရှင်။ နောက်ပြီး အဲ့ဒီလို စော်ကားတဲ့လူကရော ကျွန်မ စိတ်ဆိုးသွားတာမြင်တော့ တောင်းပန်ခဲ့တယ်ထင်လား။ သူက လုံးဝ မတောင်းပန် တဲ့အပြင် ဒေါသတောင် ထွက်သွားပါသေးတယ်။ ပြီးတော့ သူက ကျွန်မကို အထင် သေးတဲ့ မျက်လုံးတွေနဲ့ ကြည့်ပြီး 'စိတ်လျှော့ပါဦး' လို့ ကျွန်မကို ပြောလိုက်တယ် လေ။ သူက ကျွန်မကို နှစ်သိမ့်အားပေးတဲ့ အမူအရာနဲ့ ကျွန်မ ပခုံးပေါ် ကိုတောင် လက်ကိုတင်လိုက်သေးတယ် မဟုတ်ပါလား။*

*ကြုံလို့ ရှင်တို့ကို ပြောလိုက်ဦးမယ်။ ရှင်က မိန်းကလေးတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို စနောက်တဲ့အနေနဲ့ပဲဖြစ်ဖြစ် ကိုင်တွယ်မိတဲ့အခါ အဲ့ဒီမိန်းကလေးက ရှင့်ကို ဆက်ပြီး မလုပ်ဖို့ ပြောရင် ရှင်က ချက်ချင်းဆိုသလို ရပ်ပစ်လိုက်ရမယ်ရှင့်။ လုံးဝကို ရပ်ပစ်လိုက်ပါရှင်။ ရှင့်ရဲ့ အကိုင်အတွယ်တွေက တစ်ဖက် မိန်းကလေးကို စိတ်ပျက်စေမိမှာ အမှန်ပါပဲ"*

အိန်ဂျလာရဲ့ နှုတ်ခမ်းလေးတွေက အင်မတန် လှပပေမဲ့ ကျန်တဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေကတော့ သာမန်ပါပဲ။ သူ့ခန္ဓာကိုယ်အချိုးအစားက ဆိုးရွားနေတာ မဟုတ်ပေမဲ့ သူ့နှုတ်ခမ်းလောက်တော့ ဆွဲဆောင်မှု မရှိတာ အမှန်ပါ။

ပြီးခဲ့တဲ့ နွေရာသီတုန်းက သူငယ်ချင်းတစ်ယောက်ရဲ့အိမ်မှာ ကျွန်တော် တို့ တစ်ခါမှ မဆော့ဖူးသေးတဲ့ ပုလင်းလှည့်ကစားနည်းဆော့တာကို ကျွန်တော် မှတ်မိပါသေးတယ်။ အဲ့ဒီမှာ ကျွန်တော်တို့ ပုလင်းကိုလှည့်ကာ လှည့်ကာဆော့ရင်း ကျွန်တော် လှည့်လိုက်တဲ့ ပုလင်းက အိန်ဂျလာ့ဆီကို ကျတဲ့အထိ ဒါမှမဟုတ် အိန်ဂျလာ လှည့်လိုက်တဲ့ ပုလင်းခေါင်းက ကျွန်တော့်ဆီ ကျတဲ့အချိန်အထိကို အချိန်ဆွဲပြီး ကစားခဲ့ကြတယ်လေ။ အဲ့ဒီလိုနဲ့ ပုလင်းလည်း ကျလာရော ကျွန်တော် ဖြင့် အိန်ဂျလာ့နှုတ်ခမ်းလေးတွေကို ကျွန်တော့်နှုတ်ခမ်းတွေနဲ့ အတင်းအကျပ်ကို ဖိပြီး နမ်းပစ်လိုက်ပါတော့တယ်။

*"လောကကြီးထဲက လူတချို့က သိပ်ကိုရွံ့ရှာစရာ ကောင်းတယ်ရှင့်။ ဥပမာ အဲလက်စ်လို လူမျိုးပေါ့ရှင်။ ကျွန်မကိုယ်တိုင်ကလည်း အဲ့ဒီလိုလူမျိုးတွေထဲမှာ ပါချင်ပါနိုင်ပါသေးတယ်လေ။ ကျွန်မပြောချင်တာကတော့ ရှင်က လူတစ်ယောက်ရဲ့*

mgyoe.com

mgyoe.com
SAMPLE BOOK

*သိက္ခာကို ပြက်ရယ်ပြုဖို့ ကြိုးစားခဲ့မယ်ဆိုရင်တော့ အဲ့ဒီလူက ပြန်ပြီး ရှင့်ကိုထိုးနှက်တဲ့အခါ ရှင့်ဘက်ကလည်း တာဝန်သိသိနဲ့ ခံယူသင့်တယ်ဆိုတာပါပဲ"*

နောက်တော့ အိန်ဂျလာနဲ့ ကျွန်တော် အိမ်နောက်ဖေးသွားပြီး နမ်းဖြစ်ခဲ့ပါသေးတယ်။ ကျွန်တော်ဖြင့် သူ့နှုတ်ခမ်းလေးတွေကို ဘယ်လိုမှ ရောင့်ရဲတင်းတိမ်နိုင်စွမ်းမရှိခဲ့တာ အမှန်ပါ။ ဒါတွေက ဟိုစာရင်းလေးကြောင့်ပါပဲ။

*"တကယ်တော့ ကျွန်မပြောတာ မှန်တောင် မှန်နိုင်ပါ့မလားလို့ ကျွန်မစဉ်းစားမိသေးတယ် သီလား။ ရှင်က ကျွန်မနာမည်ကို အမိုက်စားစာရင်းမှာ ရေးပြီးဂျက်ဆီကာ့နာမည်ကိုသာ ကျွန်မနဲ့ ဆန့်ကျင်ဘက် စာရင်းမှာ ရေးခဲ့တာ မဟုတ်လား။ အမှန်ကတော့ အမှိုက်ကစ ပြဿာဒ်မီးလောင်ဆိုသလို ရှင် အဲ့ဒီလိုလုပ်လိုက်တာကိုက အမှားကြီး မှားသွားတာပဲရှင့်။*

*ကဲ ဂျက်ဆီကာရေ. . . နောက်တစ်ယောက်ကတော့ရှင်ပဲ သီလား"*

ကျွန်တော် တိပ်ခွေပလေယာလေးကိုဖွင့်ပြီး ပထမဆုံးတိပ်ခွေလေးကို အပြင်ပြန်ထုတ်လိုက်ပါတော့တယ်။

ပြီးတော့ ကျွန်တော့်ကျောပိုးအိတ်ရဲ့ အတွင်းဘက်အကျဆုံး အိတ်ထဲက နောက်ထပ် တိပ်ခွေလေးတစ်ခွေကို ကျွန်တော် နှိုက်ယူလိုက်တာပေါ့။ ကျွန်တော့် လက်ထဲပါလာတဲ့ တိပ်ခွေလေးရဲ့ နောက်ကျောဘက်မှာလည်း အပြာရောင် လက်သည်းဆိုးဆေးနဲ့ ရေးထားတဲ့ နံပါတ် ၃ ဆိုတဲ့ ဂဏန်းက ထင်းနေတာပါပဲ။

ကျွန်တော်လည်း ပလေယာထဲထည့်ပြီး တိတ်ခွေကို စဖွင့်လိုက်ပါတော့တယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# ကက်ဆက် (၂)၊ အချပ် (အေ)

ကက်ဆက် စစချင်း ဟန်နာ့အသံမထွက်လာခင် သူ ခဏလောက်နားနေလိုက်တာကို ကျွန်တော် ကြားလိုက်ရပါတယ်။

*"တစ်ဆင့်ပြီး တစ်ဆင့်ဆီ ကျွန်မတို့ ဒီဇာတ်လမ်းကို အပြီးသတ်ရအောင်ပါ။ ခြေတစ်လှမ်းချင်းဆီ သွားကြတာပေါ့ရှင့်"*

လမ်းမကြီးရဲ့ဘေးက တိုက်တန်းတွေရဲ့နောက်မှာတော့ နေမင်းကြီးက တဖြည်းဖြည်းနဲ့ အနောက်အရပ်ဆီကို တိုးဝင်ပျောက်ကွယ်သွားတာကို ကျွန်တော် တွေ့လိုက်ရတာပေါ့။ လမ်းဘေးမီးတိုင်တွေကလည်း လမ်းတစ်လျှောက် အတော်လေးကို အားကောင်းကောင်းတဲ့ ထွန်းလင်းနေကြပြီလေ။ ကျွန်တော်လည်း ဘောင်းဘီအိတ်ထဲက ချောကလက်မုန့်ချောင်းကို ဆွဲထုတ်ပြီး ဆိုဒါပုလင်းကို ကောက်ကိုင်လို့ မတ်တတ်ရပ်လိုက်ပါတော့တယ်။

*"ရှင်က အခုဆို ပထမဆုံးတိပ်ခွေ နံပါတ် ၁ ရဲ့ အချပ်(အေ)ရော (ဘီ)ကိုပါ နားထောင်ပြီးပြီ ဆိုတော့ ကျွန်မနဲ့အတူ ဆက်နားထောင်လိုက်ပါဦးရှင်။ ဒီတိပ်ခွေက အကြောင်းအရာတွေက ပိုကောင်းလာမလား၊ ဆိုးလာမလား ဆိုတာကတော့ ရှင့်ရဲ့အမြင်ပေါ်မှာပဲ မူတည်ပါတယ်"*

ဘလူးစပေါ့ စတိုးဆိုင်လေးရဲ့ ရှေ့နားမှာ အပြာရောင် ဆီဆေးဆန်ဆန် အရောင်သုတ်ထားတဲ့ အမှိုက်ပုံးတစ်ပုံးရှိပါတယ်။ ကျွန်တော် အဲ့ဒီအမှိုက်ပုံးထဲကို

mgyoe.com

mgyoe.com SAMPLE BOOK

ချောကလက်မုန့် ဖောက်လက်စကြီး ပစ်ထည့်လိုက်တာပေါ့။ ကျွန်တော့် အစာအိမ်ကလည်း ချောကလက်လောက် မာကျောတဲ့အရာလေးကိုတောင် အစာခြေဖျက်နိုင်စွမ်းရှိမယ်လို့ ကျွန်တော် မထင်တာနဲ့ အဲ့ဒီကနေ အမြန်လမ်းလျှောက်ကာပြန်ထွက်လာခဲ့ပါတော့တယ်။

*"ရှင်တို့ကတော့ အခုလောက်ဆို ကျွန်မရဲ့အထက်တန်း ပထမဆုံးနှစ်က ဒုက္ခတွေ ကုန်လောက်ပြီလို့ ထင်ကြမှာပေါ့။ ဒါပေမဲ့ ဒီပြဿနာတွေထဲမှာ ကျွန်မက တဝဲလည်လည်နဲ့ ပါနေခဲ့ဆဲပါ။ ဒီပြဿနာကတော့ ကျွန်မရဲ့ အထူးညွှန်သည် တော်ကြီးတွေဖြစ်တဲ့ အဲလက်စ် စတန်းဒေါ်နဲ့ ဂျက်ဆီကာ ဒေးဗစ်တို့အတွက်ပါ အသစ်အဆန်း ဖြစ်နေမယ် ထင်ပါတယ်။ ကျွန်မတို့ ၃ ယောက်က သူငယ်ချင်း အရင်းကြီး မဖြစ်လာခင်ကတည်းက ကျောင်းစစတက်ချင်း ရက်သတ္တပတ် အတော်များများအထိ တစ်ယောက်ကို တစ်ယောက် မျက်စိကျမိခဲ့ကြတယ်လေ"*

ကျွန်တော် လိမ္မော်ရည် ဆိုဒါပုလင်းရဲ့အဖုံးကို လှည့်ဖွင့်လိုက်တော့ ရှဲခနဲ မြည်သွားပါတယ်။ ကျွန်တော် လိမ္မော်ရည်တစ်ငုံလောက် သောက်လိုက်ပါတယ်။

*"နွေရာသီအားလပ်ရက် မပိတ်ခင် တစ်ပတ်လောက်အလိုမှာ မစ္စအန်ထလေက ကျွန်မကို သူနဲ့လာတွေ့ဖို့ ခေါ်ခဲ့တယ်ရှင့်။ ကျောင်းသူအသစ်ကလေး အတွက် ခေါ်ပြီး အားပေးစကားပြောတာမို့ လုပ်ပေးဖို့ပေါ့ရှင်။*

*ရှင်တို့မမှတ်မိမှာစိုးလို့ ပြောရဦးမယ်။ မစ္စ အန်ထလေဆိုတာက အေ(A) ကနေ ဂျီ(G) အထိ စာလုံးနဲ့ စတဲ့ ကျောင်းသား၊ ကျောင်းသူတွေအတွက် အတိုင်ပင်ခံဆရာမရယ်ပါ။ အဲ့ဒီနှစ် နောက်ပိုင်းမှာပဲ အဲ့ဒီဆရာမလည်း တခြားကျောင်းကို ပြောင်းသွားခဲ့ပါတယ်"*

ဆရာမ ကျောင်းပြောင်းသွားတာမို့ ဟန်နာ့အတွက် ယာယီ အတိုင်ပင်ခံဆရာအဖြစ် မစ္စတာ ပေါ်တာနဲ့ ပြောင်းပေးခံရတာကို ကျွန်တော် သတိရမိပါသေးတယ်။ ဒါပေမဲ့လည်း အဲ့ဒီဆရာက ဟန်နာ့နောက်ဆုံးနေ့အထိကို အတိုင်ပင်ဆရာအဖြစ် မြဲသွားခဲ့ပါတယ်လေ။ မစ္စတာ ပေါ်တာကတော့ ကျွန်တော်တို့ကျောင်းရဲ့ အင်္ဂလိပ်စာဆရာ တဖြစ်လဲ အတိုင်ပင်ခံဆရာ တစ်ယောက် ဖြစ်ပါတယ်။

*"ဒါပေမဲ့ ဆရာမ ကျောင်းပြောင်းသွားတဲ့ကိစ္စက ကျွန်မအတွက်တော့ ကံမကောင်းခဲ့ဘူးရှင့်။ အဲ့ဒီအကြောင်း ရှင် နောက်တိပ်ခွေတွေမှာ ကြားရပါလိမ့်မယ်"*

mgyoe.com

 mgyoe.com SAMPLE BOOK 

ဟန်နာ့စကားကြောင့် ကျွန်တော့်နဖူးကနေတောင် ချွေးသီး ချွေးပေါက်တွေ ကျလာပါသေးတယ်။ မစ္စတာပေါ် တာကရော ဟန်နာ့ရဲ့ သေဆုံးခြင်းအကြောင်း အရင်းတွေထဲမှာ ပါဝင်နေခဲ့တာများလား။

ကျွန်တော့်ဘေးနားက ပတ်ဝန်းကျင်ကြီးတစ်ခုလုံး ချာချာလည်သွားတယ်လို့ ကျွန်တော် ထင်မိလိုက်ပါတယ်။ ကျွန်တော့်ခမျာ လမ်းဘေးမှာ ပေါက်နေတဲ့ အရိုးပေါ် အရေတင် သစ်ပင်တစ်ပင်ကို လက်နဲ့ မှီပြီး နားလိုက်ရပါသေးတယ်။

*"မစ္စအန်ထလေ ကျွန်မကို ခေါ်တွေ့ရတဲ့ အကြောင်းအရင်းဟာ တခြားကျောင်းသူတစ်ယောက်နဲ့ မိတ်ဆွေဖွဲ့ပေးဖို့ဆိုတာသာ ကျွန်မ သိခဲ့မယ်ဆိုရင် ကျွန်မ အဲ့ဒီနေ့က သူ့ရုံးခန်းကို သွားဖြစ်ခဲ့မှာ မဟုတ်ပါဘူး။ တကယ်လို့သာ သူ မိတ်ဆက်ပေးတဲ့ ကျောင်းသူက ကျွန်မနဲ့ အကြိုက်ချင်းမတူရင် ဘယ်လိုလုပ်မလဲ။ ဒါမှမဟုတ် သူက ကျွန်မကို သဘောကျပေမဲ့ ကျွန်မက သူနဲ့ မိတ်ဆွေ မဖြစ်ချင်ခဲ့ဘူးဆိုရင်လည်း မခက်ချေဘူးလားရှင်။ ဖြစ်ချင်တော့ သူက ကျွန်မကို သူငယ်ချင်းဖြစ်ဖို့ သဘောကျခဲ့သလို ကျွန်မကလည်း သူနဲ့ တစ်ကိုက်တည်း တစ်ဉာဏ်တည်း ဖြစ်ခဲ့တယ်လေ။*

*အဲ့ဒီကနေစပြီး ဖြစ်လာလိုက်တဲ့ ပြဿနာပေါင်း သောင်းခြောက်ထောင် ကတော့ ကျွန်မဖြင့် ယုံတောင် မယုံနိုင်မိခဲ့ပါဘူးရှင်"*

ကျွန်တော် သစ်ပင်ပင်စည်လေးပေါ် နဖူးတင်ပြီး အသက်ဝဝရှူဖို့ ကြိုးစားလိုက်ပါတယ်။

*"ကျွန်မနဲ့ မိတ်ဆက်ပေးခဲ့တဲ့ ကောင်မလေးက ဂျက်ဆီကာ ဒေးဗစ်တဲ့။ သူကလည်း ကျွန်မလို ဒီကိုလာဖို့ အင်တင်တင် ဖြစ်နေခဲ့ပါတယ်။*

*ကျွန်မတို့ထင်ထားတာက မစ္စအန်ထလေ တစ်ယောက် ကျွန်မတို့နှစ်ယောက်ကို အတွေးအမြင်နဲ့ ဆိုင်တဲ့ ထွေရာလေးပါး စကားတွေ လေပန်းဖို့လောက်ပဲ ထင်ခဲ့တာပါ။ ကျောင်းသားကောင်း တစ်ယောက်ဖြစ်ဖို့ ဘာလုပ်ရမယ်၊ ဘာကိုင်ရမယ်၊ ဒီကျောင်းက ပြည်နယ်ရဲ့ မျက်နှာဖုံးကျောင်းဖြစ်တယ်၊ ကြိုးစားတဲ့သူတိုင်းအတွက် အခွင့်အရေးဆိုတာ လက်တစ်ကမ်းမှာရှိတယ် စသဖြင့်ပေါ့ရှင်။*

*တကယ်တမ်းကျတော့ မစ္စအန်ထလေက ကျွန်မတို့နှစ်ယောက်ကို မိတ်ဆက်ပေးဖို့ သက်သက်ပဲ ခေါ်တွေ့ခဲ့တာရှင့်"*

ကျွန်တော် မျက်လုံးတွေကို ကြိတ်မှိတ်ပြီး ဘာမှကို မတွေးမိအောင် ကြိုးစားလိုက်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ဒီမြင်ကွင်းတွေက ဘယ်လိုမှ မတိတ်

mgyoe.com

mgyoe.com
SAMPLE BOOK


စွမ်းနိုင်အောင် ကျွန်တော့်အမြင်အာရုံမှာ ထင်ထင်ရှားရှား ပေါ်လာကြတယ်လေ။ ဟန်နာတစ်ယောက် အကြောင်းအရင်းမရှိဘဲ ကျောင်းပျက်တဲ့ရက်တွေ များတဲ့ကိစ္စကို ကျောင်းသူကျောင်းသားတွေ တီးတိုးတီးတိုးနဲ့ ပြောလာကြတော့ မစ္စတာပေါ်တာက ကျွန်တော်တို့ကို တိုက်ရိုက်မေးလာပါတော့တယ်။ သူ့ကိုကြည့်ရတာလည်း မျက်နှာက မအီမသာနဲ့ရယ်ပါ။ ကြည့်ရတာ မစ္စတာပေါ်တာက သူလည်း အဖြေသိပြီးပြီ ဆိုပေမယ့် တစ်စုံတစ်ယောက်ဆီက တိကျတဲ့အဖြေကို ထပ်ကြားချင်နေတဲ့ပုံပါပဲ။

အဲ့ဒီတော့ အတန်းထဲက ကောင်မလေးတစ်ယောက်က လှမ်းပြောလိုက်တယ်လေ။

"ဟန်နာတို့အိမ်ထဲက အရေးပေါ်ဆေးရုံကား ထွက်လာတာကို လူတစ်ယောက်က တွေ့လိုက်တယ် ဆရာ" တဲ့။

*"မစ္စ အန်ထလေက ကျွန်မတို့နှစ်ယောက်ကို ခေါ်တွေ့ရတဲ့ အကြောင်းပြောတော့ ကျွန်မနဲ့ ဂျက်ဆီကာတို့ တစ်ယောက်ကိုတစ်ယောက် ပြန်ကြည့်မိလိုက်ကြပါတော့တယ်။ သူ့ကိုကြည့်ရတာ တစ်စုံတစ်ခု ပြောလိုက်ချင်သလိုကို ဟတတလေး ဖြစ်နေတော့တာပါပဲ။ ဒါပေမဲ့ သူကိုယ်တိုင်ကလည်း ဘာများပြောနိုင်မှာမို့လို့ပါလဲရှင်။ သူလည်း ကျွန်မလို ဘုမသိ ဘမသိနဲ့ ဒီရုံးခန်းထဲ ရောက်လာခဲ့ရတာမဟုတ်ပါလား။*

*ကျွန်မလည်း သူနည်းတူ ခံစားနေခဲ့ရတယ်ဆိုတာ ဝန်ခံပါတယ်လေ။ ပြီးတော့ ကျွန်မ မစ္စအန်ထလေရဲ့ မျက်နှာအမူအရာကိုလည်း မမေ့ပစ်လိုက်နိုင်ပါဘူး။ သူက ကျွန်မတို့ကို စေ့စေ့ကြည့်ပြီး ပြောလိုက်တယ်။*

*'သမီးတို့ နှစ်ယောက်ကို သူငယ်ချင်းတွေဖြစ်လာဖို့ မျှော်လင့်ပါတယ်ကွယ်။ မဖြစ်လာတော့လည်း မတတ်နိုင်ဘူးပေါ့ကွယ်' တဲ့လေ"*

ကျွန်တော် မျက်စိစုံမှိတ်နေတဲ့ကြားက အဲ့ဒီနေ့က အဖြစ်အပျက်တွေကို ပုံဖော်ကြည့်နေမိပါတော့တယ်။

မစ္စတာပေါ်တာရဲ့ မျက်နှာအမူအရာက နာကျင်မှုကို ဖော်ဆောင်နေတာပါလား။ ဒါမှမဟုတ် ကြောက်ရွံ့ခြင်းပဲလား။ သူက အတန်းရှေ့ကနေ ဟန်နာ့စားပွဲခုံလေးကို စိုက်ကြည့်နေခဲ့ပါတော့တယ်။ ကျောင်းသားတွေလည်း စကားတစ်ခွန်းမှ မပြောတော့ဘဲ တစ်ယောက်ကိုတစ်ယောက် ကြည့်လို့ နှုတ်ဆိတ်နေခဲ့ကြတာပေါ့။

နောက်တော့ မစ္စတာပေါ်တာက အခန်းထဲကနေ ချက်ချင်း ထွက်သွား

mgyoe.com

mgyoe.com SAMPLE BOOK

ခဲ့ပါတယ်။ အဲ့ဒီနေ့ကနေစပြီး တစ်ပတ်ကြာတဲ့အထိ သူ ကျောင်းပြန်မလာဖြစ်ခဲ့ပါဘူး။ အဲ့ဒါက ဘာကြောင့်ပါလဲ။ မစ္စတာပေါ်တာက သူလုပ်လိုက်တဲ့ ကိစ္စတစ်ခုကြောင့် ဟန်နာ သေရတယ် ဆိုတာကို သိနေခဲ့တာများလား။

*"အဲ့ဒီနေ့က ပြောခဲ့တဲ့စကားကို ကျွန်မ ဒီလောက်ပဲ မှတ်မိတော့တယ်ရှင့်။*

*ကျွန်မ ။ ။ ကျွန်မတောင်းပန်ပါတယ် မစ္စ အန်ထလေ။ ကျွန်မကို ဒီကိစ္စနဲ့ ရုံးခန်းအထိခေါ်လိုက်မယ်လို့ မထင်ခဲ့တာ အမှန်ပါရှင်။*

*ဂျက်ဆီကာ ။ ။ ကျွန်မရောပဲရှင့်။ ဒီလိုသာဆို ကျွန်မ လာခဲ့မှာတောင်မဟုတ်ဘူး။ ကျွန်မ ပြောချင်တာက ဒီလိုပါ။ ဟီလာရီနဲ့ ကျွန်မကြားမှာ တူညီတဲ့အရာတွေ ရှိကောင်းရှိမှာပါ။ သူကလည်း လူကောင်းဖြစ်မယ်ဆိုတာ ကျွန်မ ယုံကြည်ပါတယ်။ ဒါပေမဲ့. . . ။*

*ကျွန်မ ။ ။ ကျွန်မနာမည်က ဟန်နာပါရှင်။ ဟီလာရီ မဟုတ်ပါဘူး။*

*ဂျက်ဆီကာ ။ ။ ဟော့တော်. . . ကျွန်မ ရှင့်ကို ဟီလာရီလို့ ခေါ်မိလိုက်တာလား။ တောင်းပန်ပါတယ်ရှင်။*

*ကျွန်မ ။ ။ ရပါတယ်။ ကျွန်မတို့က ရှေ့လျှောက် သူငယ်ချင်းဖြစ်ကြရတော့မှာဆိုတော့ ရှင် ကျွန်မ နာမည်သိထားတာ ကောင်းမယ်ထင်လို့ပါ။*

*အဲ့ဒီစကားကြားပြီး ကျွန်မတို့ ၃ ယောက်လုံး ရယ်မိကြပါလေရော။ ကျွန်မနဲ့ ဂျက်ဆီကာက ရယ်ပုံရယ်နည်းပါ တူနေတာတွေ့တော့ ကျွန်မတို့ ပိုလို့တောင် ရယ်မိကြပါသေးတယ်။ မစ္စ အန်ထလေကတော့ သူကြားထဲက ဝင်မွှေတဲ့ကိစ္စ အဆင်ပြေသွားလို့ စိတ်မောမောနဲ့ ရယ်နေရတဲ့ပုံပါ။ ပြီးတော့မှ မစ္စ အန်ထလေက သူဟာ အရင်က အခုလို လူတွေကို သူငယ်ချင်းအဖြစ် မိတ်မဆက်ပေးဖူးကြောင်း နောက်လည်း အခုလို လုပ်ဖြစ်တော့မှာ မဟုတ်ကြောင်း ဝန်ခံရှာပါတယ်။*

*ကျွန်မနဲ့ ဂျက်ဆီကာက သူ့ရုံးခန်းထဲက ထွက်လာတော့ မစ္စ အန်ထလေ နောက်ကွယ်မှာ ခဏလောက် စကားဆက်ပြောဖြစ်ခဲ့ကြပါသေးတယ်။*

*ကျွန်မတို့ ကျောင်းထဲကနေ ခိုးထွက်ပြီး အပြင်မှာ နှစ်ယောက်တည်း စကားပြောကြတာဆိုတော့ အစပိုင်းမှာတော့ ဘာပြောလို့ပြောရမှန်းမသိဘဲ ကိုးလိုးကန့်လန့်နိုင်တာပေါ့ရှင်။ ဒါပေမဲ့ ကိုယ့်မိဘ မဟုတ်တဲ့ တိုင်ပင်ဖော်တစ်ယောက်ယောက် ရှိတယ်ဆိုတာ လူငယ်တစ်ယောက်အတွက် စိတ်သက်သာရာ ရစရာပဲ မဟုတ်ပါလားရှင်"*

ငွေရောင်နဲ့ အပြာရောင် အစင်းကြားတွေပါတဲ့ မြို့ပတ် ဘတ်စ်ကားက

mgyoe.com

m gyoe.com

ကျွန်တော့်ရှေ့မှာ လာရပ်လိုက်ပါတော့တယ်။

*"ကျွန်မနဲ့ ဂျက်ဆီကာတို့ ကျွန်မအိမ်ပြန်ရမယ့် လမ်းခွဲကိုကျော်တဲ့အထိ အတူတူ လမ်းလျှောက်ဖြစ်ခဲ့ပါတယ်။ ကျွန်မကတော့ နှုတ်ခပ်ဆိတ်ဆိတ်ပါပဲ။ ဒါပေမဲ့ သူပြောတဲ့စကားကိုတော့ ကျွန်မ စိတ်ဝင်တစားနဲ့ကို နားထောင်နေခဲ့တယ်လေ။ ကျွန်မနဲ့ သူနဲ့က သိတာမှမကြာသေးတာမို့ ကျွန်မ ဂျက်ဆီကာ့ကို အိမ်ထိလိုက်လည်ဖို့တော့ မဖိတ်ဖြစ်ခဲ့ပါဘူး။ အဲ့ဒီတော့ သူကချည်း စကားကို အမျှင်မပြတ်အောင်ပြောရင်း ကျွန်မတို့နှစ်ယောက် မြို့ထဲလမ်းအထိ ရောက်အောင် လျှောက်လာဖြစ်ခဲ့ကြပါတော့တယ်။ နောက်မှ ကျွန်မသိလိုက်ရတာက ဂျက်ဆီကာ ကိုယ်တိုင်ကလည်း ကျွန်မနဲ့ စကားပြောရတာကို မရပ်ချင်တာကြောင့် သူ့အိမ်ပြန်ရမယ့် လမ်းဆုံကို ကျော်တဲ့အထိ လမ်းလျှောက်ဖြစ်ခဲ့တယ် ဆိုတာပါပဲ။*

*အဲ့ဒီတော့ ကျွန်မတို့ ဘယ်ကိုသွားဖြစ်တယ်ထင်လဲ။ ရှင့်မြေပုံထဲက E-7 ဆိုတဲ့ နေရာလေးကို ထောက်လိုက်ပါရှင်။ မိုးနတ်ဥယျာဉ် (Monet's Garden Café) ကဖီးဆိုင်လေးထဲကို ကျွန်မတို့ သွားဖြစ်ခဲ့ကြတာပေါ့"*

ဘတ်စ်ကားတံခါးကြီးက ကျွန်တော့်ရှေ့မှာ ပွင့်လာပါတော့တယ်။

*"ကျွန်မရော ဂျက်ဆီကာရောက ကော်ဖီကြိုက်တဲ့လူတွေတော့ မဟုတ်ကြပါဘူး။ ဒါပေမဲ့ ဒီကဖီးဆိုင်လေးက ကျွန်မတို့အတွက် စကားပြောလို့ကောင်းမယ့် နေရာလေးဖြစ်ခဲ့တယ်လေ"*

မြူတွေဆိုင်းနေတဲ့ ပြတင်းပေါက်ကနေ ကျွန်တော် အထဲကို လှမ်းကြည့်လိုက်တော့ ဘတ်စ်ကားပေါ် က ထိုင်ခုံတွေအားလုံးနီးပါးက အလွတ်တွေချည်းပဲ ဆိုတာ ကျွန်တော် မြင်လိုက်ရပါတယ်။

*"ကျွန်မတို့ ချောကလက်ပူပူ နှစ်ခွက် မှာသောက်ခဲ့ကြပါတယ်။ ဂျက်ဆီကာကတော့ ချောကလက်ပူပူ မှာသောက်တာဟာ သူ့အတွက် ထူးဆန်းနေတယ်လို့ ပြောပေမယ့် ချောကလက်ပူပူလေးတစ်ခွက်ဆိုတာ ကျွန်မအတွက်တော့ အကြိုက်ဆုံးအရာပါပဲရှင်"*

ကျွန်တော် အရင်က မြို့ပတ် ဘတ်စ်ကားတွေကို လုံးဝမစီးဖူးပါဘူး။ စီးစရာအကြောင်းအရင်းလည်း မရှိခဲ့ဘူးလေ။ ဒါပေမဲ့ အခုတော့ ညကလည်း တဖြည်းဖြည်းမှောင်လာပြီး အချိန်နဲ့အမျှလည်း အအေးက ပိုလာခဲ့ပြီ မဟုတ်ပါလား။

❑

မြို့ပတ် ဘတ်စ်ကားတွေက ညဘက်စီးနင်းမယ်ဆိုရင် အားလုံးအတွက်

mgyoe.com

mgyoe.com SAMPLE BOOK

အခမဲ့ပါပဲ။ အဲ့ဒီတော့ ကျွန်တော်လည်း ကားပေါ် ပြေးတက်ပြီး ကားမောင်းသူနားဆီ ကပ်လို့နေကာ အရှိန်ထိန်းလိုက်ပါတယ်။ ကျွန်တော်ရော ကားမောင်းသူ အမျိုးသမီးကြီးပါ ဘာစကားတစ်ခွန်းမှ မပြောဖြစ်ခဲ့ပါဘူး။

ပြီးတော့ ကျွန်တော်လည်း ကားပေါ်က လူသွားလမ်းမှာ ခဏရပ်ပြီး ကျွန်တော့် ဂျက်ကတ်အကျီက ကြယ်သီးတွေကို အီလေးဆွဲလို့ တစ်လုံးချင်းဆီ တပ်နေလိုက်ပါတော့တယ်။ အနည်းဆုံးတော့ ကျွန်တော် ကြယ်သီးတပ်ရင်း အချိန်ကြာနေမယ်ဆိုရင် ကားပေါ်က ခရီးသည်တွေနဲ့ မျက်လုံးချင်းဆုံစရာအကြောင်း မရှိတော့ဘူး မဟုတ်ပါလား။ သူတို့သာ အခုနေ ကျွန်တော့်မျက်နှာကို မြင်လိုက်မယ်ဆိုရင် အပြစ်သားတစ်ယောက်လို သုန်မှုန်ပြီးတော့ နောင်တတွေ တပွေ့တပိုက်ကြီးနဲ့ စိတ်ရှုပ်ထွေးနေတဲ့ မျက်နှာကို မြင်ရမှာ ကျိန်းသေပါတယ်။

နောက်တော့ ကျွန်တော် ဘယ်သူမှ လာမထိုင်လောက်မယ့် နေရာဖြစ်တဲ့ ထိုင်ခုံရှည်တစ်ခုမှာ နေရာယူလိုက်ပါတယ်။ ထိုင်ခုံရှည်မှာ အနားကွပ်ထားတဲ့ အပြာရောင် ဗီနိုင်းသားက ပြဲနေတော့ အထဲမှာ အစာသွပ်ထားတဲ့ အဝါရောင် ဖော့တွေက ပြူတစ်ပြူတစ်နဲ့ ထွက်လာတော့မလိုကို ဟန်ပြင်နေကြတော့တာပေါ့။ ကျွန်တော် ကားပြတင်းပေါက်နားကို တိုးကာ နေရာယူလိုက်ပါတော့တယ်။

ပြတင်းပေါက်မှန်ကတော့ အေးစက်နေတာပါပဲ။ ဒါပေမဲ့ စိတ်ရှုပ်ပြီး ထူပူနေတဲ့ ကျွန်တော့်ဦးခေါင်းအတွက်တော့ ဒီအအေးဒဏ်က အကူအညီတောင် ဖြစ်လို့နေပါသေးတယ်။

❑

*“ကျွန်မတို့ အဲ့ဒီနေ့လယ်က ဘာတွေပြောမိသလဲတောင် ကျွန်မဖြင့် သေချာမမှတ်မိတော့ပါဘူးရှင်။ ရှင်ရော မှတ်မိလားဟင် ဂျက်ဆီကာ။ ဘာလို့လဲဆိုတော့ ကျွန်မ မျက်စိတစ်ခါ မှိတ်လိုက်တိုင်း ကျွန်မတို့အတူ ရယ်မောခဲ့ကြတာတွေ၊ ချောကလက်ပူပူ မှောက်မကျအောင် သတိထားပြီး သောက်ခဲ့ကြတာတွေနဲ့ ကျွန်မတို့ စကားပြောတိုင်း ခြေဟန် လက်ဟန်နဲ့ မာန်ပါပါပြောခဲ့ကြတဲ့ မြင်ကွင်းတွေက ပန်းချီကားတစ်ချပ်လိုပဲ တောင်စဉ်ရေမရ ပြန်ပေါ်မိနေလို့ပါရှင်”*

ကျွန်တော် မျက်စိမှိတ်ထားလိုက်ပါတယ်။ ပူနွေးနေတဲ့ ကျွန်တော့်မျက်နှာကို အေးစက်တဲ့ ဘတ်စ်ကားမှန်နဲ့ ကပ်ပြီး ကျွန်တော် မှိန်းနေလိုက်တော့တာပေါ့။ ဒီဘတ်စ်ကားက ဘယ်ကိုသွားနေလဲဆိုတာ ကျွန်တော် ဂရုမစိုက်နိုင်တော့ပါဘူးလေ။ ဒီဘတ်စ်ကားသာ တစ်ညလုံးမောင်းနေမယ်ဆို ကျွန်တော် ဆက်စီးနေမိမှာ အမှန်

mgyoe.com

mgyoe.com

ပါပဲ။ ကျွန်တော် ဒီနေရာလေးမှာထိုင်ပြီး တစ်ယောက်တည်း တိပ်ခွေနားထောင်နေလို့ ရတယ် မဟုတ်ပါလား။ နောက်ပြီး ကျွန်တော် တိပ်ခွေနားထောင်ရင် အိပ်တောင်ပျော်သွားနိုင်ပါသေးတယ်။

*"ပြီးတော့ ရှင်က ကျွန်မဘက်ကို ခန္ဓာကိုယ်ကို ကိုင်းပြီး တီးတိုးလေးပြောလိုက်တယ်လေ။ 'ဟိုဝိုင်းက ကောင်လေးက နင့်ကို ကြည့်နေတယ်နော်' တဲ့။*

*ရှင် ဘယ်တစ်ယောက်ကိုပြောနေမှန်း ကျွန်မ တန်းသိပါတယ်။ တကယ်တော့ ကျွန်မကိုယ်တိုင်ကလည်း အဲ့ဒီကောင်လေးကို ကြည့်နေမိတာကိုး။ ဒါပေမဲ့ အဲ့ဒီကောင်လေး လှမ်းကြည့်နေတာကတော့ ကျွန်မ မဟုတ်ခဲ့ပါဘူး။ အဲ့ဒီတော့ ကျွန်မလည်း 'သူက နင့်ကို ကြည့်နေတာဟ' လို့ ဂျက်ဆီကာ့ကို ပြန်ပြောလိုက်ပါတော့တယ်။*

*ရှင်တို့ နားလည်အောင် တိုတိုပြောရမယ်ဆိုရင်တော့ ကျွန်မ အထင်မှန်ခဲ့ပါတယ်ရှင်။ အဲ့ဒီကောင်လေးက ဂျက်ဆီကာ့ကို ကြည့်နေခဲ့တာပါ။*

*'ဒီမှာရှင့်. . . ဒီမှာ' လို့ ဂျက်ဆီကာ အဲလက်စ်ကို လှမ်းခေါ်လိုက်ပါတယ်။ ဟုတ်ပါတယ်။ အဲ့ဒီကောင်လေးက အဲလက်စ်ပါတဲ့ရှင်။*

*'ရှင် ကျွန်မတို့နှစ်ယောက်ထဲက ဘယ်သူ့ကို ကြည့်နေတာလဲရှင့်' လို့ ဂျက်ဆီကာက အဲလက်စ်ကို ဘွင်းဘွင်းကြီး မေးချပစ်လိုက်ပါလေရော"*

ဟာန်နာနဲ့ ဂျက်စတင်တို့ ပြတ်ပြီး နောက်ထပ် လအနည်းငယ်အတွင်းမှာ ကောလာဟလတွေ ထွက်လာပြီးတော့ အဲလက်စ်က "ဘယ်ကျောင်းသူက အလန်းဆုံးလဲ" ဆိုတဲ့ စာရင်းရေးခဲ့တာကို ကျွန်တော် မှတ်မိပါသေးတယ်။ ဒါပေမဲ့ ဟာန်နာ့ တိပ်ခွေထဲက မိုးနတ်ကဖီးဆိုင်လေးထဲမှာတော့ ဒီစကားဝိုင်းလေးက အနာဂတ်မှာ ဘယ်လိုအခြေအနေတွေအထိ ခေါ်ဆောင်သွားနိုင်မလဲဆိုတာ သူတို့ ၃ ယောက်လုံး သိခဲ့ဟန် မတူပါဘူး။

ကျွန်တော် ကက်ဆက်လေးကို ချက်ချင်းရပ်ပြီး သူတို့စကားဝိုင်းလေးဆီကို ပြန်ရစ်လိုက်ချင်မိပါတယ်။ ကျွန်တော့်မှာသာ တန်ခိုးတွေ ရှိခဲ့မယ်ဆို ကျွန်တော် အတိတ်ကို ပြန်ရစ်ပြီး သူတို့အားလုံးကို သတိပေးလိုက်ချင်တာပေါ့ဗျာ။ ဒါမှမဟုတ် သူတို့မတွေ့မိအောင် ကျွန်တော် ကာကွယ်ပေးလိုက်ချင်မိတာ အမှန်ပါပဲ။

ဒါပေမဲ့ ကျွန်တော် မတတ်နိုင်ခဲ့ပါဘူးလေ။ ဘယ်လိုလူကမှ အတိတ်ကို ပြန်ရစ်နိုင်စွမ်း မရှိဘူး မဟုတ်ပါလား။

mgyoe.com

"အဲလက်စ်က ရှက်ပြီး မျက်နှာကြီး နီရဲနေတော့တာပေါ့။ သူ့မျက်နှာကြီး နီရဲနေလိုက်ပုံကတော့ သူ့ခန္ဓာကိုယ်မှာ ရှိသမျှသွေးတွေအားလုံး မျက်နှာမှာ စုနေတဲ့ အတိုင်းပါပဲရှင်။ အဲ့ဒီနောက် သူက ပါးစပ်ဟပြီး ငြင်းဖို့ကြိုးစားတုန်းရှိသေး ဂျက်ဆီကာက သူ့စကားကို ဖြတ်ပြီး ပြောလိုက်ပါတော့တယ်။

'ရှင် လိမ်ဖို့ မကြိုးစားနဲ့နော်။ ကျွန်မတို့ထဲက ဘယ်သူ့ကို ရှင် ကြည့်နေ တာလဲ မှန်မှန်ဖြေ' "

အေးခဲနေတဲ့ ကားပြတင်းမှန်ပေါက်ရဲ့ အပြင်ဘက် လမ်းတစ်လျှောက် မှာတော့ လမ်းမီးတိုင်တွေနဲ့ နီယွန်မီးဆိုင်းဘုတ်တွေက ပြိုးပြိုးပြက်ပြက်နဲ့ ည အမှောင်ကို အလှဆင်နေကြပါတော့တယ်။ ညဘက်ရောက်ပြီမို့ ထင်ပါတယ် တချို့ ဆိုင်တွေကတော့ ပိတ်နေကြပါပြီ။ ဒါပေမဲ့ စားသောက်ဆိုင်တွေနဲ့ အရက်ဘားဆိုင် တွေကတော့ အခုမှ အရှိန်ယူလို့ ကောင်းတုန်း ဖြစ်နေခဲ့ကြတာပေါ့။

"အဲ့ဒီအချိန်တုန်းကဆို ကျွန်မဖြင့် ဂျက်ဆီကာနဲ့ သိပ်ပြီး သူငယ်ချင်း ဖြစ်ချင်ခဲ့တာ အမှန်ပါပဲရှင်။ ဂျက်ဆီကာက ပွင့်လင်း ရိုးသားပြီး စကားကိုဆို ရှင်းရှင်းဘွင်းဘွင်းပဲ ပြောတတ်တဲ့ လူမျိုးလို့ ကျွန်မ မြင်ခဲ့မိတာပေါ့။

အမှန်တိုင်း ဝန်ခံရမယ်ဆို ကျွန်မတို့ကို မိတ်ဆက်ပေးခဲ့တဲ့ မစ္စအန်ထလေ ကိုတောင် ကျွန်မ ကြိတ်ပြီး ကျေးဇူးတင်မိပါသေးတယ်။

အဲလက်စ်တစ်ယောက် ဘာပြန်ဖြေရမှန်းမသိဘဲ စကားလုံးရှာမရ ဖြစ်နေ တုန်းမှာပဲ ဂျက်ဆီကာက အဲလက်စ်ရဲ့စားပွဲဆီကို လက်လှမ်းလိုက်ပါတော့တယ်။

'ဒီမှာ. . . ရှင် ကျွန်မတို့ကိုကြည့်နေတာ ကျွန်မတို့ သိတယ်ရှင့်။ ကျွန်မ တို့နှစ်ယောက်လုံးက ဒီမြို့မှာတော့ လူအသစ်တွေလေ။ ပြီးတော့ ရှင် ဘယ်သူ့ကို ကြည့်နေလဲဆိုတာလည်း ကျွန်မတို့ သိချင်တယ် ဟုတ်ပြီလား။ အဲ့ဒါက ကျွန်မတို့ အတွက် သိပ်အရေးကြီးတယ်ရှင့်'

အဲလက်စ်က အထစ်ထစ် အငေါ့ငေါ့နဲ့ စကားစလိုက်ပါတော့တယ်။

'ဟို. . . ဟိုလေ ကျွန်တော်. . . ကြားလိုက်တာက. . .။ ဒီလိုဗျာ. . . ကျွန်တော်ကလည်း ဒီမြို့ကိုပြောင်းလာတာ မကြာသေးတဲ့ လူသစ်မို့ပါဗျာ'

အဲ့ဒီတော့မှ ဂျက်ဆီကာရော ကျွန်မပါ ကြောင်ပြီး 'ဟော့တော်' လို့ ရေရွတ်မိလိုက်ကြတယ် ထင်ပါတယ်။ အခုတော့ ကျွန်မတို့က သူများကို သေချာ မသိဘဲ သွားစွပ်စွဲနေလို့ ပြန်ပြီး ရှက်သွေးဖြာရတော့တာပေါ့ရှင်။ အဲလက်စ်ခမျာ ကျွန်မတို့နဲ့အတူ စကားပြောချင်ခဲ့ရုံ သက်သက်ပါ။ ဒါမှမဟုတ် သူက ဒီ့ထက်ပိုပြီး

mgyoe.com

mgyoe.com SAMPLE BOOK

*ရည်ရွယ်တာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်လေ။ ဒီလိုနဲ့ ကျွန်မတို့ ကျောင်းသား သစ် ၃ ယောက်လည်း ပထမဆုံး ကျောင်းစတက်တဲ့နေ့မှာ နေ့လယ်စာတစ်ယောက် တည်းစားပြီး ကျောင်းထဲယောင်တောင်တောင် ဖြစ်မနေတော့ဘဲ စိတ်ချမ်းသာမိခဲ့ တယ်လို့ပဲ ဆိုရပါတော့မယ်ရှင်"*

ဒါနဲ့ နေစမ်းပါဦး။ ဒီဘတ်စ်ကားက ဘယ်လိုသွားနေတာပါလိမ့်နော်။ ဒီကားက မြို့ပြင်မှာ ရပ်တာလား။ ဒါမှမဟုတ် မြို့ထဲပိုင်းက လမ်းတွေထဲကိုပဲ ပတ်ပြီး မောင်းနေသလား ကျွန်တော် မသိပါဘူးလေ။

ကားပေါ် မတက်ခင်ကတည်းက ကျွန်တော် သေချာ မေးမြန်းခဲ့သင့်တာ အသေအချာပါပဲ။

*"မိုးနတ် ကဖီးဆိုင်လေးက နေ့လယ်ခင်းလေးဟာ ကျွန်မတို့ ၃ ယောက် စလုံးအတွက် တကယ့်ကို စိတ်ချမ်းမြေ့စရာနေ့လေး ဖြစ်ခဲ့ပါတယ်။ ကျွန်မ ဒီလို ကျောင်းပထမဆုံး စတက်ရမယ့် နေ့ကို တွေးတွေးပြီး အိပ်မပျော်ဘဲ လန့်နေခဲ့ရတာ ကျွန်မကိုယ်တိုင် အသိဆုံးပါ။ ဒါဖြင့် မိုးနတ်ကဖီးဆိုင်လေးက ပြန်တဲ့နောက်တော့ ရော ဘာဆက်ဖြစ်ကြတယ် ထင်လဲ။ ကျွန်မကတော့ အဲ့ဒီတုန်းက စိတ်လှုပ်ရှားမိနေ ခဲ့တယ် ထင်ပါတယ်။*

*ရှင်တို့သိအောင် ပြောထားရဦးမယ်။ ကျွန်မအနေနဲ့ ဂျက်ဆီကာကိုရော အဲလက်စ်ကိုပါ သူငယ်ချင်းအဖြစ် မသတ်မှတ်ဖြစ်ခဲ့ပါဘူး။ ကျွန်မ ကျောင်းအသစ် မှာ သူငယ်ချင်းအသစ်တွေ လိုချင်ခဲ့ပေမယ့်လို့ သူတို့ ၂ ယောက်ကိုတော့ ကျွန်မရဲ့ သူငယ်ချင်းအဖြစ် မသတ်မှတ်ဖြစ်ခဲ့ပါဘူးလေ။*

*သူတို့ ၂ ယောက်လည်း ကျွန်မလိုပဲ ဖြစ်မယ်ထင်ပါတယ်။ ကျွန်မတို့ ဒီမြို့လေးကို မပြောင်းလာခင်တုန်းက ရှိခဲ့ကြတဲ့ သူငယ်ချင်းဟောင်းတွေ အကြောင်း ကိုရော၊ သူတို့တွေက ဘာလို့ ကျွန်မတို့ရဲ့ သူငယ်ချင်းတွေ ဖြစ်လာခဲ့သလဲဆိုတာ ကျွန်မတို့ ဆွေးနွေးဖြစ်ခဲ့ကြတယ်လေ။ အဲ့ဒီကနေပဲ ကျွန်မတို့အားလုံးက ဒီကျောင်း အသစ်မှာ ဘယ်လို သူငယ်ချင်းတွေ လိုချင်ခဲ့သလဲ ဆိုတာ သဘောပေါက်ခဲ့ကြ တာပေါ့။*

*ဒါပေမဲ့ ကျောင်းစစတက်ချင်း ရက်သတ္တပတ်အချို့အတွင်းမှာတော့ မိုးနတ်ကဖီးဆိုင်လေးဟာ ကျွန်မတို့အတွက် နိဗ္ဗာန်ဘုံလေး ဖြစ်ခဲ့ရပါတယ်။ ကျွန်မ တို့ထဲက တစ်ယောက်ယောက်မှာ ပြဿနာတစ်စုံတစ်ရာ ရှိလာပြီဆိုတာနဲ့ ကျွန်မ တို့ မိုးနတ်ကဖီးဆိုင်လေးဆီ ပြေးကြတော့တာပါပဲ။ မိုးနက်ကဖီးဆိုင်လေးထဲက*

mgyoe.com

mgyoe.com SAMPLE BOOK
ညာဘက်ထောင့်နားမှာရှိတဲ့ ကော်ဖီဝိုင်းလေးဟာ ကျွန်မတို့ရဲ့အပိုင်နေရာလေး လိုကို ဖြစ်လာခဲ့ရပါတော့တယ်။

နောက်ပြီး ကျွန်မတို့ကြားမှာ လုပ်နေကျအကျင့်လေးတစ်ခုလည်း ရှိသေးတယ်ရှင့်။ ဘယ်သူက စခဲ့လဲတော့ ကျွန်မလည်း မမှတ်မိတော့ပါဘူးလေ။ ကျွန်မတို့ထဲက စိတ်အညစ်ဆုံးတစ်ယောက်က စားပွဲခုံပေါ် လက်တင်ပြီး 'အိုလီ အိုလီ အောက်ဆန်ဖရီး' ဆိုတဲ့ ကလေးသီချင်းလေး စဆိုလိုက်ပြီ ဆိုတာနဲ့ ကျန်တဲ့ ၂ ယောက်ကလည်း သူ့ရဲ့လက်ပေါ်ကို လက်ထပ်တင်ပြီး သူပြောသမျှကို ကျန်တဲ့လက်တစ်ဖက်က ကော်ဖီသောက်ရင်း နားထောင်ကြတော့တာပါပဲ။ ဂျက်ဆီကာနဲ့ ကျွန်မကတော့ ချောကလက်ပူပူလေးပဲ သောက်နေကြပါ။ အဲလက်စ်ကတော့ ကဖီးဆိုင်လေးကို ရောက်တိုင်း မီနူးကတ်ထဲက ဖျော်ရည်မှန်သမျှကို စမ်းသောက်ကြည့်နေပါတော့တယ်"

ကျွန်တော် မိုးနတ်ကဖီးဆိုင်လေးကို တစ်ခါ၊ နှစ်ခါလောက်ပဲ ရောက်ဖူးတယ်ဆိုပေမယ့် ဒီမြို့ပတ်ဘတ်စ်ကားသွားနေတဲ့ လမ်းပေါ်မှာ အဲ့ဒီ ကဖီးဆိုင်လေး ရှိတယ်ဆိုတာ ကျွန်တော် မှတ်မိပါတယ်။

"ဟုတ်ပါတယ်။ ကျွန်မတို့အဖွဲ့က သိပ်ကို ကလေးဆန်ခဲ့ကြတာပေါ့။ ဒီတိပ်ခွေခြမ်းကို နားထောင်ရတာ ရှင့်အတွက် သိပ်ပြီး စိတ်ပျက်စရာကောင်းနေတယ်ဆို ကျွန်မ တောင်းပန်ပါတယ်ရှင်။ ကျွန်မအတွက်တော့ ဒီလို ချိုမြိန်တဲ့ အမှတ်တရလေးတွေ ရှိခဲ့တာကို ဝမ်းသာမိတယ်ရှင့်။ မိုးနတ်ကဖီးဆိုင်လေးဟာ ကျွန်မတို့အားလုံးအတွက် လစ်ဟာနေတဲ့ နေရာလေးကို အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်စွမ်းရှိတဲ့ နေရာလေးတစ်ခုလို့ပဲ ကျွန်မ ပြောလိုက်ချင်ပါတယ်။

သိပ်တော့ စိတ်မပူလိုက်ပါနဲ့။ ဘာဖြစ်လို့ဆို နောက်ပိုင်းကိစ္စတွေက ရှင့်ကို စိတ်ပျက်စေမှာ မဟုတ်လို့ပါပဲရှင်။ ကျွန်မရဲ့ အပျော်လေးတွေက သိပ်ကြာကြာ မခံလိုက်ပါဘူး"

ကျွန်တော် ထိုင်ခုံပေါ်ကထပြီး လျှောက်လမ်းပေါ်မှာ မတ်တတ် ရပ်လိုက်ပါတယ်။ ပြီးတော့ ကျွန်တော် မတ်တတ်ရပ်ရင်းက ဆက်စီးလာလိုက်တယ်လေ။

"ကျွန်မတို့ထဲက ပထမဆုံး စဖောက်တာကတော့ အဲလက်စ်ပါ။ အရင်ကဆို ကျောင်းက လျှောက်လမ်းမှာဆုံရင် ကျွန်မတို့က အချင်းချင်း ဟက်ဟက်ပက်ပက်နဲ့ ရှိခဲ့ကြပါတယ်။ အဲ့ဒီထက်တော့ မပိုခဲ့ဘူးလို့ပဲ ပြောရပါမယ်။

အနည်းဆုံးတော့ ကျွန်မဘက်ကနေ သူတို့နှစ်ယောက်အပေါ် အဲ့ဒီထက်
mgyoe.com

mgyoe.com
SAMPLE BOOK

*မပိုခဲ့တာ အမှန်ပါ"*

ကားထိုင်ခုံရဲ့ နောက်မှီလေးကို အားပြုပြီး ကျွန်တော် ကားရဲ့ရှေ့ပေါက်ဆီ ဆက်လျှောက်လာခဲ့လိုက်ပါတော့တယ်။

*"ကျွန်မနဲ့ ဂျက်ဆီကာ့အကြောင်း ပြောရမယ်ဆိုရင်တော့ ကျွန်မတို့ နှစ်ယောက်ကြားက ကိစ္စတွေရဲ့ အပြောင်းအလဲက ရုတ်ခြည်းဆိုသလိုကို ပြောင်းလဲသွားခဲ့တာပါရှင်။ ကျွန်မတို့ အရင်က အချီအချ ဆွေးနွေးနေကြ စကားဝိုင်းတွေက အခုဆို မပိုမလို မေးထူးခေါ်ပြောလောက်အထိကို ပြောင်းလဲလာခဲ့တယ်လေ"*

"နောက်တစ်မှတ်တိုင်က ဘာလဲဗျ" လို့ ကျွန်တော် လှမ်းမေးလိုက်ပါတယ်။ ကျွန်တော့်အသံက ဘယ်လောက်ထိ ကျယ်လောင်အောင် ထွက်သွားလဲ ဆိုတာ ကျွန်တော် မခန့်မှန်းတတ်ပါဘူး။ ကျွန်တော့်နားထဲမှာတော့ ဟန်နာ့အသံနဲ့ ကားအင်ဂျင်အသံက နေရာယူထားကြတယ် မဟုတ်ပါလား။

ကားမောင်းတဲ့ အမျိုးသမီးကြီးက ကျွန်တော့်ကို နောက်ကြည့်မှန်ကနေ လှမ်းကြည့်လိုက်ပါတယ်။

*"နောက်တော့ ဂျက်ဆီကာက မိုးနက်ကဖီးလေးကို လာတာ ရပ်သွားပါတော့တယ်။ ကျွန်မလည်း သူတို့နှစ်ယောက်ကို တွေ့လိုတွေ့ငြား ဆက်သွားဖြစ်ခဲ့ပါ*သေးတယ်။ နောက်တော့ ကျွန်မလည်း အဲ့ဒီကို မသွားဖြစ်တော့ဘူးပေါ့ရှင်"

"ဒီကားက ညအိပ်ဖို့ ဂိတ်ကို သွားနေကြတာကွဲ့" လို့ ကားမောင်းသူ အမျိုးသမီးကြီးက ပြန်ပြောလိုက်ပါတယ်။ ကျွန်တော်ဖြင့် နားထဲမှာ အသံတွေ စုံနေတာမို့ သူ့နှုတ်ခမ်းကို သေချာကြည့်ပြီး အဓိပ္ပာယ်ဖော်လိုက်ရပါသေးတယ်။

"သား ဆင်းချင်တဲ့နေရာပြောလေ။ အဒေါ် ကားရပ်ပေးမယ်"

*"ဂျက်ဆီကာ့ ဇာတ်လမ်းနဲ့ ပတ်သက်ပြီး ကောင်းတဲ့ အချက်တစ်ချက်ကတော့ ကျွန်မဘဝထဲက သူ့ရဲ့ပါဝင်ပတ်သက်မှုက သိပ်ပြီး မများလိုက်တာပါပဲ။ ကျွန်မရဲ့ မြေပုံနောက်လိုက်နေရတဲ့ ရှင်တို့အတွက်တော့ စိတ်သက်သာစရာ သတင်းကောင်းပေါ့ရှင်"*

ဘတ်စ်ကားက မိုးနတ်ကဖီးဆိုင်လေးကို ဖြတ်သွားတာကို ကျွန်တော် တွေ့လိုက်ရပါတော့တယ်။

"ဒီနားမှာပဲ ကားရပ်ပေးပါဗျာ" လို့ ကျွန်တော် သူ့ကို လှမ်းပြောလိုက်တော့တာပေါ့။

*"ကျွန်မက ဂျက်ဆီကာ့ကို မစ္စအန်ထလေရဲ့ ရုံးခန်းထဲမှာ ပထမဆုံး*

mgyoe.com

mgyoe.com SAMPLE BOOK

*စတွေ့ခဲ့တာဆိုပေမယ့် မိုးနတ်ကဖီးဆိုင်မှာ ကျွန်မတို့နှစ်ယောက် တစ်ယောက် အကြောင်း တစ်ယောက်သိခဲ့ကြပါတယ်"*

ဘတ်စ်ကားက မှတ်တိုင်နားရပ်ဖို့ အရှိန်သတ်လိုက်တော့ ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် မလဲသွားအောင် အားပြုလို့ ရပ်နေလိုက်ပါတယ်။

*"နောက်ပြီး ကျွန်မတို့ အဲလက်စ်ကို မိုးနတ် ကဖီးဆိုင်လေးမှာ ရင်းနှီးခဲ့ ကြတယ်လေ။ နောက်တော့ ဒီကိစ္စကြီး ဖြစ်လာတော့တာပါပဲရှင်"*

ကျွန်တော့်ရှေ့က ကားတံခါးလည်း ပွင့်လာပါတော့တယ်။

*"တစ်နေ့မှာပေါ့ရှင်။ ဂျက်ဆီကာက ကျောင်းက လျှောက်လမ်းမှာ ကျွန်မကိုတွေ့တော့ ကျွန်မဆီ တည့်တည့်မတ်မတ် လျှောက်လာခဲ့ပါတော့တယ်။ 'ငါတို့ စကားပြောဖို့ လိုပြီ' လို့ သူက ပြောတယ်လေ။ သူက ဘယ်နေရာ ဘယ် အချိန်ဆိုတာကို မပြောခဲ့ပေမယ့် သူ ဘယ်လိုဆိုလိုမှန်း ကျွန်မ သိလိုက်ပါတယ်။ ပြီးတော့ သူ ဘာလို့ ကျွန်မကို စကားပြောချင်တာလဲ ဆိုတာကိုပါ ကျွန်မ ခန့်မှန်း မိပါတယ်လေ"*

ကျွန်တော် ကားပေါ်ကဆင်းပြီး လမ်းဘေးမြောင်းလေးဆီကနေ ပလက် ဖောင်းပေါ် တက်လိုက်ပါတော့တယ်။ ပြီးတော့ ကျွန်တော် နားက နားကြပ်လေးကို သေချာ ပြန်ညှိပြီးတော့ နောက်ကို ပြန်လျှောက်လာခဲ့တော့တာပေါ့။

*"ကျွန်မ မိုးနတ်ကိုရောက်တော့ ဂျက်ဆီကာ့ကို ထိုင်ခုံပေါ်မှာ စိတ်မရှည် တဲ့ပုံနဲ့ စောင့်နေတာကို တွေ့လိုက်ရပါတယ်။ လက်နှစ်ဖက်ကိုတောင် ဘေးမှာ တိုးလို့တွဲလောင်းချထားပုံအရတော့ ကြည့်ရတာ သူ ကျွန်မကို စောင့်နေတာ အတော်ကြာပြီ ထင်ပါရဲ့။ သူက ကျွန်မကို နောက်ဆုံးအတန်းချိန် ဖျက်ပြီး ဒီကို လာစေနေချင်ခဲ့သလား ဆိုတာတော့ ကျွန်မလည်း မပြောတတ်တော့ပါဘူးလေ။ အဲ့ဒီတော့ ကျွန်မလည်း ထိုင်ခုံမှာ ဝင်ထိုင်ပြီး လက်တစ်ဖက်ကို စားပွဲခုံပေါ်တင် လို့ သီချင်းလေးဆိုလိုက်ပါတယ်။*

*'အိုလီ အိုလီ အောက်ဆန်ဖရီး'*

*ဂျက်ဆီကာကတော့ လက်တစ်ဖက်မလို့ စားပွဲခုံပေါ်ကို စာရွက်ပိုင်းကို ဘုတ်ခနဲ လက်နဲ့ ဆောင့်ချလိုက်တော့တာပေါ့။ ပြီးတော့ သူက စာရွက်ကို ကျွန်မ ဘက်တိုးပြီး ကျွန်မဖတ်လို့ရအောင် လှည့်ပေးလိုက်ပါတော့တယ်။ ကျွန်မအတွက် တော့ ဒီစာရွက်ကို လှည့်ပေးနေစရာ မလိုတော့တာ အမှန်ပါ။ ဘာဖြစ်လို့ဆို ဂျင်မီစားပွဲပေါ်က ဒီစာရွက်ကို ကျွန်မ ပထမဆုံး စဖတ်တုန်းကလည်း ပြောင်းပြန်*

mgyoe.com

mgyoe.com SAMPLE BOOK

*အနေအထားနဲ့ ဖတ်ခဲ့ရတာ မဟုတ်ပါလား။ သေချာပေါက် 'ဘယ်ကျောင်းသူက အလန်းဆုံးလဲနဲ့ ပုံအတုံးဆုံးလဲ' စာရွက်ပဲပေါ့ရှင်။*

*အဲလက်စ် ကျေးဇူးကြောင့် ကျွန်မက ဘယ်အပိုင်းမှာ ပါနေသလဲ ဆိုတာလည်း ကျွန်မ သိပါတယ်။ နောက်ပြီး ကျွန်မ နာမည်ဘေးက တခြားကော်လံမှာ နေရာယူထားတဲ့ နာမည်ပိုင်ရှင်ကလည်း ကျွန်မ ရှေ့တည့်တည့်မှာ ထိုင်နေခဲ့တယ်လေ။ ဂျက်ဆီကာ၊ အဲလက်စ်နဲ့ ကျွန်မတို့ရဲ့ နိဗ္ဗာန်ဘုံ မိုးနတ်ကဖီးဆိုင်လေးထဲမှာ ပါပဲ။*

*'ဘယ်သူမှ ဂရုစိုက်မှာမှ မဟုတ်တာဟယ်' လို့ ကျွန်မ သူ့ကို ပြောလိုက်ပါတယ်။*

*'ဒါက ဘာအဓိပ္ပာယ်မှ မရှိတဲ့ ကိစ္စပါဟာ' "*

ကျွန်တော် တံတွေးကိုတောင် ခက်ခက်ခဲခဲ မြိုချလိုက်ရပါတယ်။ အဲ့ဒီစာရင်း စာရွက်လေး ကျွန်တော့်လက်ထဲရောက်လာတော့ ကျွန်တော်က မြန်မြန်ဖတ်ပြီး နောက်တစ်ယောက်ဆီ ကမ်းလိုက်ခဲ့တာကိုး။ အဲ့ဒီတုန်းကတော့ ဒီစာရင်းလေးက ရယ်စရာတော့ အကောင်းသားပါ။

*" 'ဟန်နာ. . . အဲလက်စ်က ငါ့ကိုကျော်ပြီး နင့်နာမည်ကို ရွေးလိုက်လို့ ငါ ဂရုစိုက်နေမယ် မထင်နဲ့နော်' လို့ ဂျက်ဆီကာက ကျွန်မကို တိုက်ရိုက်ကြီး ပြောချလိုက်တော့တာပေါ့။*

*ဒီစကားဝိုင်းက ဘယ်ကို ဦးတည်နေသလဲဆိုတာ ကျွန်မ ခန့်မှန်းမိလိုက်ပါတယ်။ ကျွန်မ သူ့ကို အဲ့ဒီလို ဖြစ်မသွားအောင် ကာကွယ်ပေးရမယ်လို့လည်း ဖျတ်ခနဲ သတိထားမိလိုက်တာပေါ့"*

ဒါပေမဲ့ အခုတော့. . . အခုတော့ ကျွန်တော့်အတွက် ဒီစာရင်းက ဘယ်လိုလုပ် ရယ်စရာကောင်းတော့မှာလဲဗျာ။

အဲ့ဒီအချိန်ကတည်းက အဲ့ဒီစာရင်းပါတဲ့ စာရွက်တွေကို လုံးချေပြီး အမှိုက်ပုံးထဲ ကျွန်တော် လွှင့်ပစ်ခဲ့လိုက်သင့်ပါတယ်။

*" 'သူက နင့်အစား ငါ့ကို ရွေးသွားတာ မဟုတ်ပါဘူး ဂျက်ဆီကာရယ်' လို့ ကျွန်မ သူ့ကို ဖျောင်းဖျလိုက်တာပေါ့။*

*'သူ ငါ့ကိုရွေးလိုက်တာက နင့်ကို သဝန်တိုအောင်လုပ်ဖို့ဆိုတာ နင်လည်း သိသားပဲကို။ အဲလက်စ်က သူသာ ငါ့နာမည်ရေးလိုက်မယ်ဆို နင် ပိုပြီး ခံစားရမှာကို သိတယ်လေ'*

mgyoe.com

mgyoe.com SAMPLE BOOK

ဂျက်ဆီကာကတော့ မျက်လုံးနှစ်ဖက်ကို စုံမှိတ်လို့ ကျွန်မ နာမည်ကို ဒေါသထွက်တဲ့ လေသံနဲ့ တီးတိုးလေးရေရွတ်လိုက်ပါတယ်။

'ဟန်နာ. . . '

နင် တကယ်ပဲ ငါ့ကို စိတ်ဆိုးနေခဲ့တာလားဟင် ဂျက်ဆီကာ။ ငါကတော့ နင့်ကို အဲ့ဒီအချိန်က စိတ်ဆိုးမိသွားတယ်ဟ။

လူတစ်ယောက်က မျက်နှာချင်းတောင် မဆိုင်ဘဲ နင့်နာမည်ကို အဲ့ဒီလို ခေါ်လိုက်မယ်ဆို နင့်မှာ ဘာမှ ဆက်ပြောစရာမရှိတော့ဘူးဆိုတာ နင် သိသင့်တယ်ဟာ။

'ဟန်နာ. . . ငါ နင့်အကြောင်းတွေ အကုန်ကြားပြီးပြီနော်' လို့ ဂျက်ဆီကာက ဆက်ပြောလိုက်ပါသေးတယ်။

'နင် ငါ့အကြောင်း ဘယ်လိုလုပ် သိနိုင်မှာလဲ ဂျက်ဆီကာရယ်' လို့ ကျွန်မ ပြန်ပြောလိုက်တယ်လေ။ အဲ့ဒီတုန်းက ကျွန်မကိုယ်တိုင်ကလည်း စိတ်မလုံခြုံ ဖြစ်နေခဲ့တယ် ထင်ပါတယ်။ ကျွန်မတို့မိသားစု ဒီမြို့ကိုပြောင်းလာပြီးကတည်းက ဘယ်လို ကောလာဟလတွေမှ ကျွန်မနောက်ကို ဆက်လိုက်လာစရာ အကြောင်း မရှိဘူးလို့ ကျွန်မ ထင်ခဲ့မိတာပေါ့။

'နင် ကောလာဟလတွေ ကြားမိတာနေမှာပါဟာ။ နင် ငါ့အကြောင်းကို ဘယ်လိုလုပ်သိနိုင်မှာလဲ' လို့ ကျွန်မ ဖာထေးလို့ ဂျက်ဆီကာ့ကို ပြန်ပြောလိုက်ပါတော့တယ်။

ဂျက်ဆီကာ. . . ရှင်ကတော့ ကျွန်မနာမည်ကို စိတ်မရှည်တဲ့ လေသံနဲ့ ထပ်ရေရွတ်လိုက်တယ်နော်။

'ဟန်နာ. . . '

ဟုတ်ပါတယ်။ ကျွန်မကိုယ်တိုင်လည်း ဒီကောလာဟလတွေကို ကြားခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မ အဲလက်စ်ကို ကျောင်းပြင်ပမှာ တွေ့နေတယ်ဆိုတာဟာ တကယ် မဟုတ်ဘူးဆိုတာ ကျွန်မက အသိဆုံးပဲလေ။ ရှင်ကတော့ ကျွန်မကို လုံးဝ မယုံခဲ့ဘူးနော်. . . ဂျက်ဆီကာ။

နောက်ပြီးတော့ ရှင့်ဘက်ကရော ဘယ်လိုလုပ် ကျွန်မကို ယုံနိုင်ပါ့မလဲ။ ပထမတစ်ခါ မကောင်းသတင်းနဲ့ ကျော်ကြားပြီးတဲ့ ကောင်မလေးကို ရှင် ဘယ်လို လုပ် မျက်စိမှိတ်ပြီး ယုံနိုင်ပါ့မလဲရှင်။ မဟုတ်ဘူးလား ဂျက်စတင်ရယ်"

ဂျက်ဆီကာက ဟန်နာနဲ့ အဲလက်စ်တို့အကြောင်း ကောလာဟလတွေ

mgyoe.com

mgyoe.com
SAMPLE BOOK

အများကြီး ကြားခဲ့ရမှာ သေချာပါတယ်။ ဒါပေမဲ့ အဲ့ဒါတွေအားလုံးက အမှန်တရားမှ မဟုတ်တာဘဲ။

*"ဂျက်ဆီကာ့အတွက်တော့ ကျွန်မဟာ သူနဲ့ မိုးနတ်ကဖီးမှာ ဆုံခဲ့ဖူးတဲ့ ကောင်မလေး ဆိုတာထက် မကောင်းသတင်းနဲ့ ကျော်ကြားဖူးတဲ့ ကောင်မလေး တစ်ယောက်အဖြစ် ယုံကြည်ဖို့ ပိုပြီး လွယ်ကူခဲ့ပါတယ်။ ကောလာဟလတွေက အဖြစ်မှန်တွေထက် ပိုပြီး ယုံကြည်ဖို့ လွယ်ကူတယ် မဟုတ်ပါလား။ ပိုပြီးလည်း ယုံချင်စရာကောင်းတာကိုး"*

ကျောင်းက အဝတ်လဲခန်းထဲမှာ ယောကျ်ားလေးတစ်သိုက်က အဲလက်စ်ကို "အိုးကြီးကြီးနဲ့ ဘိတ်ကာ့ ယောကျ်ား" ရယ်လို့ စနောက်ကြတာကို ကျွန်တော် ကြားခဲ့ဖူးပါတယ်။ "ဘိတ်ကာ" ဆိုတဲ့နာမည်က ဘာကိုရည်ညွှန်းတယ် ဆိုတာကို သူတို့အားလုံး ပြန်မေးစရာမလိုဘဲ သိကြပါတယ်လေ။

သူတို့အားလုံး အဝတ်လဲခန်းထဲက ထွက်သွားတော့ ကျွန်တော်နဲ့ အဲလက်စ်ပဲ အခန်းထဲမှာ ကျန်ခဲ့ကြတာပေါ့။ ကျွန်တော့်စိတ်ထဲမှာတော့ သဝန်တိုစိတ်တွေက တဖြည်းဖြည်းနဲ့ ရစ်တွယ်နေမိတာ အမှန်ပါပဲ။ ကတ်ရဲ့ နှုတ်ဆက်ပွဲပါတီ ပြီးကတည်းက ကျွန်တော် ဟန်နာ့ကို မမေ့နိုင်ခဲ့တာပါ။ ဒါပေမဲ့လည်း ဒီသတင်းတွေက အမှန် ဟုတ်၊ မဟုတ် ဆိုတာ ကျွန်တော် အဲလက်စ်ကို မမေးရဲခဲ့ပါဘူး။ တကယ်လို့ သတင်းတွေက အမှန်တွေသာဆိုရင် ကျွန်တော် ဘယ်လိုမှ သည်းခံနိုင်မှာ မဟုတ်ဘူးလေ။

အဲလက်စ်က သူ့ဖိနပ်ကြိုးကို ကုန်းချည်နေရင်းက ကျွန်တော့်ကို မျက်နှာချင်းမဆိုင်ဘဲ စောစောက ကောလာဟလတွေကို ဖြေရှင်းချက် ထုတ်လိုက်ပါသေးတယ်။

"မင်း သိအောင် ပြောပြရဦးမယ်ကွ. . . "

*" 'ကောင်းပြီလေ' လို့ ကျွန်မပြောလိုက်ပါတယ်။*

*'ကောင်းပြီလေ ဂျက်ဆီကာ။ ငါ့ကို ကျောင်းစစဖွင့်ချင်းရက်တွေတုန်းက ကူညီပေးခဲ့တဲ့အတွက် နင့်ကို ငါကျေးဇူးတင်ပါတယ်။ ပြီးတော့ အဲလက်စ်ရဲ့ ခပ်တုံးတုံးစာရင်းတစ်ခုကြောင့် အခုလိုဖြစ်သွားရတဲ့အတွက်လည်း ငါ စိတ်မကောင်းဖြစ်မိတယ် သိလား'*

*ကျွန်မ နောက်ဆုံးတော့ ဂျက်ဆီကာနဲ့ အဲလက်စ်တို့က ကျွန်မ နောက်ကွယ်မှာ ကြိတ်ပုန်းခုတ်နေတဲ့အကြောင်း သိထားတာကိုလည်း ပြောလိုက်ပါသေးတယ်။*

mgyoe.com

mgyoe.com SAMPLE BOOK

မိုးနတ်ကဖီးဆိုင်မှာ ပထမဆုံးစတွေ့တဲ့ နေ့ကတည်းက အဲလက်စ်က ဂျက်ဆီကာ့ကို ကြည့်နေခဲ့တာလေ။ ကျွန်မ သဝန်တိုမိတာကိုလည်း ဝန်ခံပါတယ်ရှင်။ ဂျက်ဆီကာက သူနဲ့ အဲလက်စ်တို့ ပြတ်သွားတဲ့ကိစ္စကို ကျွန်မအပေါ် အပြစ်ပုံချလိုက်ရလို့ စိတ်ပြေသွားမယ်ဆိုရင်လည်း ကျွန်မ ခံလိုက်ပါတော့မယ်။ ဒါပေမဲ့ သူစွပ်စွဲနေတဲ့ ကိစ္စတွေက အမှန်လုံးဝမဟုတ်ခဲ့တာကိုတော့ ကျွန်မ ပြောချင်ပါတယ်ရှင်”

ကျွန်တော် မိုးနတ်ကဖီးဆိုင်လေးဆီ ရောက်လာခဲ့ပါတော့တယ်။

ဆိုင်ရှေ့ကနံရံမှာတော့ ကောင်လေးနှစ်ယောက်က မှီပြီး ရပ်နေခဲ့တာပေါ့။ တစ်ယောက်က စီးကရက်သောက်နေပြီး ကျန်တဲ့တစ်ယောက်ကတော့ ဂျက်ကတ်ထူထူကြီးဝတ်လို့ လူတစ်ယောက်လုံး ပျောက်နေပါတော့တယ်။

“ဂျက်ဆီကာက သူ့ထိုင်ခုံကနေ ထပြီး ကျွန်မကို စိမ်းစိမ်းဝါးဝါးကြီး ကြည့်နေပါတော့တယ်။ ပြီးတော့ သူ ကျွန်မ မျက်နှာနားကို လက်နဲ့လွှဲပြီး ရိုက်ချလိုက်တယ်လေ။ ကျွန်မကို ပြောစမ်းပါဦး ဂျက်ဆီကာ။ ရှင် ဘာလို့ အဲ့ဒီလို လုပ်ခဲ့ရတာလဲဟင်။ ရှင် ကျွန်မကို ထိုးကြိတ်ပစ်ချင်ခဲ့တာလား။ ဒါမှမဟုတ် ကျွန်မကို ကုတ်ဖွဲ့ပစ်ချင်ခဲ့တာလားဟင်။ ကျွန်မကတော့ ရှင် နှစ်ခုလုံး လုပ်ချင်ခဲ့တယ် ထင်တာပဲ။

နောက်ပြီး ရှင် ကျွန်မကို ဘယ်လိုခေါ် လိုက်တာလဲဟင်။ ရှင် ဘယ်လိုခေါ် သလဲဆိုတာက အရေးကြီးလှတာတော့ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ရှင့်ရိုက်ချက်ကိုရှောင်ပြီး ငုံ့လိုက်တော့ ရှင် ကျွန်မကို ဘယ်လိုခေါ် လိုက်လဲဆိုတာကို အာရုံမစိုက်လိုက်မိဘူးလေ။

ရှင်တို့မြင်ခဲ့ရတဲ့ ကျွန်မမျက်ခုံးက အမာရွတ်လေးက ဂျက်ဆီကာ့ရဲ့ လက်သည်းနဲ့ ကုတ်မိခဲ့တဲ့ ဒဏ်ရာပေါ့ရှင်။ ကျွန်မကိုယ်တိုင်ပဲ အဲ့ဒီအမာရွတ်ပေါ် က မျက်ခုံးမွှေးတွေကို နှုတ်ပစ်ခဲ့ရတာရှင့်”

ကျွန်တော် ဟန်နာ့မျက်နှာပေါ် က ဒဏ်ရာလေးကို မှတ်မိလိုက်ပါတယ်။ ကျွန်တော် သူ့ရဲ့ အပြစ်ကင်းစင်တဲ့မျက်နှာလေးပေါ် က အမာရွတ်ကို ပါတီပွဲမှာတုန်းက သတိထားမိခဲ့တယ်လေ။ ပြီးတော့ ကျွန်တော် သူ့ကို အဲ့ဒီဒဏ်ရာလေးက သူ့မျက်နှာပေါ် ရှိနေတာ ချစ်ဖို့ကောင်းတယ်လို့တောင် ပြောခဲ့ပါသေးတယ်။

အဲ့ဒီလိုပြောပြီး ခဏနေတော့ ဟန်နာ စိတ်ထဖောက်တော့တာပါပဲ။

“ဒါမှမဟုတ် ရှင်တို့က အဲ့ဒီအမာရွတ်ကို မြင်ခဲ့ချင်မှမြင်ပါလိမ့်မယ်ရှင်။ ကျွန်မကတော့ နေ့စဉ်နဲ့အမျှ ကျောင်းသွားခါနီး မှန်ရှေ့ မတ်တတ်ရပ်လိုက်တိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

*အဲ့ဒီအမာရွတ်နဲ့ မျက်နှာချင်းဆိုင်ခဲ့ရတာပေါ့။ အဲ့ဒီဒဏ်ရာက 'မင်္ဂလာပါ ဟန်နာရေ' လို့ နှုတ်ဆက်နေသလားတောင် ကျွန်မ တွေးမိပါသေးတယ်။ နောက်ပြီး ညအိပ်ရာဝင်တိုင်းလည်း ဒီဒဏ်ရာက ကျွန်မကို 'ကောင်းကောင်းအိပ်နော်' လို့ ပြောများနေသလားရှင်"*

ကျွန်တော် သစ်သားဘောင်ခတ်ထားတဲ့ မှန်တံခါးကို တွန်းဖွင့်ပြီး ကဖီးဆိုင်ထဲကို ဝင်သွားလိုက်ပါတော့တယ်။ အထဲဝင်လိုက်တော့ လေထုနွေးနွေးလေးက ကျွန်တော့်ကို ဆီးကြိုလိုက်တာပေါ့။ စားပွဲတချို့က လူတွေကလည်း လေအေးဝင်လာတဲ့အတွက်ကြောင့် ကျွန်တော်ရှိရာ တံခါးပေါက်ဆီ ကွက်ကြည့် ကွက်ကြည့်လုပ်လိုက်ကြတယ်လေ။ ကျွန်တော်လည်း အထဲကို ဝင်ပြီး ကျွန်တော့်နောက်က တံခါးကို သေချာစေ့အောင် ပြန်ပိတ်လိုက်ပါတယ်။

*"ဒီဒဏ်ရာက အမာရွတ်တစ်ခုထက် ပိုတယ်ရှင့်။ ဒီဒဏ်ရာက ကျွန်မရဲ့ အရှက်သိက္ခာတွေကို စော်ကားမော်ကားပြုလို့ လှောင်ပြောင်နေတဲ့ အမှတ်အသားပဲလေ။ ဒီဒဏ်ရာက ကျွန်မကို မယုံဘဲ ကျွန်မရဲ့ မကောင်းသတင်း ကောလာဟလကိုသာ ယုံလို့ ကျွန်မနောက်ကျောကို ဓားနဲ့ထိုးလိုက်တဲ့ ဒဏ်ရာလိုပါပဲ ဂျက်ဆီကာရယ်။*

*ဂျက်ဆီကာ. . . ရှင် ကျွန်မ ဈာပနပွဲကို ရောက်ဖြစ်မလားဆိုတာ ကျွန်မ သိချင်လိုက်တာရှင်။ တကယ်လို့များ ရှင် ရောက်ဖြစ်ခဲ့ရင်လေ. . . ရှင် ကျွန်မ မျက်နှာပေါ်က ဒဏ်ရာကို အမှတ်ရမိသေးလားဟင်။*

*ပြီးတော့ ရှင်ကိုယ်တိုင်အတွက်ကရော. . . ရှင်ကိုယ်တိုင်ရခဲ့တဲ့ ဒဏ်ရာ အမာရွတ်ကိုရော ရှင် သတိရသေးလားဟင် ဂျက်ဆီကာ။*

*ရှင် သတိမရတော့မှာ ကျိန်းသေပါတယ်လေ"*

ကျွန်တော် ဟန်နာ့စကားကြောင့် အတော်လေး အံ့သြသွားရပါတယ်။

*"ဘာဖြစ်လို့လဲဆိုတော့ တချို့သော အမာရွတ်တွေက သာမန်မျက်လုံးနဲ့မှ မမြင်နိုင်တာဘဲရှင်"*

ဘာဖြစ်လို့လဲဆိုတော့ ဟန်နာ့အတွက် ဈာပနပွဲ မလုပ်ပေးခဲ့လို့ပါပဲ။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# ကက်ဆက် (၂)၊ အချပ် (ဘီ)

ဟန်နာ့ကို ရည်စူးတဲ့အနေနဲ့ ကျွန်တော် ချောကလက်ပူပူလေး တစ်ခွက် လောက်တော့ မှာသောက်သင့်ပါတယ်။ မိုးနတ်ကဖီးဆိုင်က ချောကလက်ပူပူလေး ဆို အပေါ်မှာ မာ့ရှ်မယ်လို မုန့်ချိုလေးတွေဖြူးပြီး ပြင်ပေးတတ်တယ်လေ။ ကျွန်တော် သိတဲ့ တစ်ခုတည်းသော ကော်ဖီဆိုင်ကတော့ ဒီလိုပဲ ပြင်ပေးနေကြပါ။

ဒါပေမဲ့ စားပွဲထိုးကောင်မလေး ကျွန်တော့်ကို မေးလာတော့ ကျွန်တော် ကော်ဖီပဲ မှာဖြစ်ခဲ့ပါတော့တယ်။ ဘာလို့ဆို ကျွန်တော်က ကပ်စေးနည်းတဲ့သူကိုး။ ချောကလက်တစ်ခွက်ဆို တစ်ဒေါ်လာကျော်ကျော်လောက် ကျသင့်မှာ ကျိန်းသေ တယ်လေ။

ကောင်မလေးက ခွက်အလွတ်တစ်လုံးကို ကျွန်တော့်ရှေ့ တွန်းပြီး ကိုယ် တိုင် ရေနွေးငှဲ့ယူလို့ရတဲ့ နေရာလေးကို ညွှန်ပြလိုက်ပါတယ်။ ကျွန်တော်လည်း ခွက်အောက်ခြေလေး မြုပ်ရုံလောက်အထိ တစ်ဝက်လောက် ရေနွေးငှဲ့ထည့်လိုက် တော့တာပေါ့။ ပြီးတော့ ဟဲရီချက်စ်ဘလန်း ကော်ဖီကို အပေါ်ကနေ အုပ်လိုက်ပါ တယ်။ ဒီကော်ဖီလောက်ဆို ဒီတစ်ညတည်းနဲ့ တိပ်ခွေတွေအားလုံး အပြီးသတ် နားထောင်နိုင်ဖို့အတွက် ကျွန်တော့်ကို အကူအညီပေးလောက်မှာပါ။

ကျွန်တော် တိပ်ခွေတွေအားလုံးကို တစ်ညတည်းနဲ့ အပြီးသတ် နားထောင် သင့်တယ်လို့ ခံစားမိပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဒါပေမဲ့ ကျွန်တော် အဲ့ဒီလိုရော တကယ်တမ်း လုပ်သင့်ပါရဲ့လား။ တစ်ညတည်းနဲ့လေ။ ဒါမှမဟုတ် ကျွန်တော်ပါမယ့်အပိုင်းနဲ့ နောက်ထပ် ဘယ်သူ့ဆီ ထပ်ပို့ရမလဲဆိုတဲ့ အပိုင်းကိုပဲ ရွေးနားထောင်ပြီး ဒီတိပ်ခွေတွေကို ပို့လိုက်သင့်ပါသလား။

"ရှင် ဘာတွေ နားထောင်နေတာလဲ" လို့ ကောင်တာနောက်က ကောင်မလေးက ကျွန်တော့်ကို လှမ်းမေးလိုက်ပါတယ်။ သူက ကောင်တာဘေးရပ်လို့ တွေးနေတဲ့ ကျွန်တော့်ဘေးမှာ ရပ်နေပြီး လက်ထဲက စတီးခွက်ထဲမှာ အချိုနည်းတဲ့ ပဲပိစပ်နဲ့ ရောစပ်ထားတဲ့ ဖျော်ရည် ပြည့်မပြည့် စစ်နေလေရဲ့။ အဲ့ဒီကောင်မလေးရဲ့ လည်ပင်းနားမှာရှိနေတဲ့ အနက်ရောင် တက်တူးမျဉ်းတချို့ကလည်း သူ့ရဲ့ဆံပင် တိုတိုလေးအောက်အထိ တိုးဝင်ကာ ကွယ်ပျောက်နေတာကို ကျွန်တော် သတိထားမိလိုက်တာပေါ့။

ကျွန်တော်လည်း နားမှာတပ်ထားတဲ့ နားကြပ်အဝါလေးကို အောက်ချလို့ လည်ပင်းမှာ ချိတ်ထားလိုက်ပါတော့တယ်။

"တိပ်ခွေတချို့ပါ. . . " လို့ ကျွန်တော် သူ့ကို ပြန်ဖြေလိုက်တာပေါ့။

"ကက်ဆက်တိပ်တွေလား" လို့ သူက ကျွန်တော့်ကို ဖျော်ရည်ခွက် ကိုင်ထားရင်းက ပြန်မေးလိုက်ပါတယ်။

"စိတ်ဝင်စားစရာပဲ။ ကျွန်မ သိလောက်မယ့် အဆိုတော်တွေရဲ့ သီချင်းတွေများ နားထောင်နေတာလား" လို့ သူ ဆက်မေးလာတော့ ကျွန်တော်လည်း ခေါင်းခါပြပြီး သကြားခဲ သုံးတုံးကို ကော်ဖီခွက်ထဲ ပစ်ထည့်လိုက်ပါတော့တယ်။

ကောင်တာနောက်က ကောင်မလေးက ပဲအချိုရည်အနှစ်ကို လက်နှစ်ဖက်နဲ့ ကျွမ်းကျွမ်းကျင်ကျင် ထိန်းကိုင်ကာ ထည့်ပြီး ပြောလိုက်ပါသေးတယ်။

"ကျွန်မတို့ လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းက ကျောင်းအတူတူ တက်ခဲ့ဖူးတယ်လေ။ ရှင်က ကလေး မဟုတ်လား"

ကျွန်တော်လည်း ကော်ဖီခွက်ကို ချပြီး သူ့လက်ကို ပြန်လို့ ဆွဲကိုင်ကာ နှုတ်ဆက်လိုက်တာပေါ့။ ကောင်မလေးရဲ့ လက်က နွေးနွေးလေးရှိနေတာကို ကျွန်တော် သတိထားမိပါတယ်။

"ရှင်နဲ့ ကျွန်မက တစ်တန်းတည်း အတူတက်ခဲ့ကြတာလေ။ ဒါပေမဲ့ ကျွန်မတို့ စကားတော့ သိပ်မပြောဖြစ်ခဲ့ပါဘူး" လို့ သူ ဆက်ပြောလိုက်တော့မှ ကျွန်တော် သူ့မျက်နှာကို မှတ်မိသလိုလို ခံစားလိုက်ရပါတော့တယ်။ သူ့ဆံပင်

mgyoe.com